
mgyoe.com
SAMPLE BOOK





mgyoe.com

mgyoe.com

SAMPLE BOOK

# ဥနုဆိုင်း
# ကိုဗိုဒ်ငယောဂီ



K0423
9 789997 144362

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဩဂုတ်လ၊ ၂၀၂၀ ပြည့်နှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက်(၀၀၂၉၀)
အမှတ်-၄၆၊ ၄၆ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်ပုံနှိပ်တိုက်(၀၀၈၃၆)
အမှတ်-၈၊ အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- ကျော်မင်းမောင်
တန်ဖိုး - ၅၅၀၀ ကျပ်

mgyoe.com

mgyoe.com
SAMPLE BOOK

# ခွန်ဆိုင်း

# ကိုဗစ်ဒိုင်ယာရီ



mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK



ကိုဗစ် ကူးစက်သေဆုံးမှုများ မြင့်မားခဲ့သည့် ဧပြီ–မေ–၂၀၂၀ ကာလများအတွင်း အရေးပေါ် ဆေးရုံများ အင်္ဂလန် နိုင်ငံအနှံ့ တည်ဆောက်ခဲ့ရာတွင် လန်ဒန်မြို့ရှိ ခုတင် ၄၀၀၀ ဆံ့ နိုက်တင်ဂေးဆေးရုံကြီး၏ အတွင်း လူနာခုတင်များ ပြင်ဆင်ထားရှိပုံ


mgyoe.com

mgyoe.com
SAMPLE BOOK



နယူးယောက်ရှိ အရေးပေါ် ယာယီဆေးရုံ တစ်ခု ပြင်ဆင်ထားရှိပုံ

mgyoe.com




ဥရောပမှာ တစ်ရက်ကို ပိုးတွေ့လူနာ ၁၂၀၀ ရှိတဲ့ ယူကေဟာ ဇွန်လထဲ အထိ ကူးစက်မှု အများဆုံးလို့ ယူဆရတဲ့ နိုင်ငံဖြစ်နေဆဲ (Source Worldometer)

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK




ကိုဗစ်ကာကွယ်ရေးမှာ အရေးကြီးဆုံး၊ အထိရောက်ဆုံး ကာကွယ်ရေးပစ္စည်း နှာခေါင်းစည်းများ(N95)

mgyoe.com




ကိုဗစ်ကာကွယ်ရေးမှာ အရေးကြီးဆုံး၊ အထိရောက်ဆုံး ကာကွယ်ရေးပစ္စည်း နှာခေါင်းစည်းများ(Surgical Mask)

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



ကိုဗစ်ကာကွယ်ရေးမှာ အရေးကြီးဆုံး၊ အထိရောက်ဆုံး ကာကွယ်ရေးပစ္စည်း နှာခေါင်းစည်းများ(Home Made Winning Mask)

mgyoe.com

| No. | State/Region | PUI |
|---|---|---|
| 1. | Yangon | 3,118 |
| 2. | Mandalay | 1,214 |
| 3. | Kayin | 246 |
| 4. | Mon | 229 |
| 5. | Shan (N) | 206 |
| 6. | Magway | 203 |
| 7. | Bago | 180 |
| 8. | Shan (E) | 117 |
| 9 | Ayeyarwaddy | 102 |
| 10. | Shan (S) | 99 |
| 11. | Sagaing | 88 |
| 12. | Kayah | 76 |
| 13. | Rakhine | 68 |
| 14. | Thanintharyi | 64 |
| 15. | Naypyitaw | 63 |
| 16. | Kachin | 35 |
| 17. | Chin | 26 |
| Total | | 6,134 |

| No. | State/Region | No. of facilities | Total no. of quarantine |
|---|---|---|---|
| 1 | Yangon | 84 | 4,111 |
| 2. | Bago | 272 | 3,198 |
| 3. | Kayin | 421 | 2,539 |
| 4. | Mon | 268 | 2,380 |
| 5. | Magway | 2,572 | 2,330 |
| 6. | Mandalay | 119 | 1,390 |
| 7. | Kachin | 415 | 1,345 |
| 8. | Tanintharyi | 189 | 1,105 |
| 9 | Sagaing | 969 | 1,095 |
| 10. | Rakhine | 292 | 1049 |
| 11. | Ayeyarwaddy | 185 | 808 |
| 12. | Shan South | 118 | 713 |
| 13. | Naypyitaw | 4 | 443 |
| 14. | Shan North | 243 | 236 |
| 15. | Chin | 15 | 173 |
| 16. | Shan East | 11 | 128 |
| 17. | Kayah | 18 | 89 |
| Total | | 6,195 | 23,132 |

**COVID-19 confirmed cases among tested by date (as of 5.7.2020)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသော တာဝန်ယူ စောင့်ကြည့်နေသည့် တိုင်းဒေသအလိုက် PUI လူစာရင်း။ Facility Quarantine Centres များနှင့် Quarantine ထားရှိသော လူဦးရေပေါင်း* ၅. ၇. ၂၀၂၀ စာရင်း)


mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK

| Total tested | Confirmed cases | Negative | Recovered | Active | Death |
|---|---|---|---|---|---|
| 84,473 | 313 | 84,160 | 245 | 62 | 6 |
| | | | 78.2 % of confirmed cases | 19.8% of confirmed cases | 1.9% of confirmed cases |


| No. | State/Region | COVID -19 Confirmed case | Recovered | Deaths |
|---|---|---|---|---|
| 1 | Yangon | 222 | 174(2 New) | 5 |
| 2 | Kayin | 26 | 13 | - |
| 3 | Rakhine | 12 | 8 (2 New) | - |
| 4 | Chin | 10 | 10 | - |
| 5 | Sagaing | 9 | 8 | - |
| 6 | Bago | 9 | 7 | 1 |
| 7 | Shan(South) | 4 | 4 | - |
| 8 | Mandalay | 3 | 3 | - |
| 9 | Shan(East) | 3 | 4 | - |
| 10 | Shan(North) | 3 | 2 | - |
| 11 | Magway | 3 | 3 | - |
| 12 | Naypyitaw | 2 | 2 | - |
| 13 | Ayeyarwaddy | 2 | 2 | - |
| 14 | Kachin | 2 | 2 | - |
| 15 | Mon | 2 | 2 | - |
| 16 | Thanintharyi | 1 | 1 | - |
| 17 | Kayah | - | - | - |
| Total | | 313 | 245(4 New) | 6 |

Map showing COVID-19 laboratory confirmed cases




ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသော မြန်မာနိုင်ငံ ကိုဗစ်ရောဂါ ကာကွယ်ကုသ တိုက်ဖျက်ရေး ဆောင်ရွက်ချက် ဇယားများ


mgyoe.com




ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသော ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပွားနေသည့် ကိုဗစ်ကူးစက်မှု အခြေပြ ဇယား

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK



ပြန်လည်သက်သာ ကျန်းမာလာသည့် လူနာတစ်ဦးကို Wuhan University's Zhongnan Hospital ဆေးရုံမှ သူနာပြုများက အားပေးနေစဉ်
(Photo internet download credited to Gao Xiang-China Daily)

mgyoe.com


mgyoe.com SAMPLE BOOK



တရုတ်ပြည် ဝူဟန်မြို့ရှိ ဆေးရုံမှ သူနာပြုများ အချင်းချင်း နှစ်သိမ့် အားပေးနေကြရစဉ် ဖေဖော်ဝါရီ ၂၀၂၀
(Photo internet download credited to ca-times.brightspotcdn.com)

mgyoe.com

mgyoe.com SAMPLE BOOK



ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရပြီး ကွယ်လွန်ခဲ့ကြရှာသော သူနာပြု ၈၈ ယောက်ကို
အမှတ်တရ ဂုဏ်ပြုကာ အိမ်ဖြူတော်ရှေ့က Lafayette Park ပန်းခြံမှာ
ခုလို ဖိနပ်ဖြူ ၈၈ ရန် ကို စီထားခဲ့ကြသည်။

mgyoe.com



ဇွန် ၂၀၂၀ BLM လူမည်းအရေးလှုပ်ရှားမှုတွင် ဖြိုလှဲခံရသည့် အမေရိကန်မှ ဂျော့ဝါရှင်တန် ရုပ်တု တစ်ခု

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



ရက်ပေါင်း ၇၀ ကြာ ကိုဗစ်လူနာများကို နေ့ညမပြတ် ပြုစုကုသစောင့်ရှောက်ခဲ့ကြရသော
ဝူဟန် ဆေးရုံမှ နပ်စ်မလေးများ၏ ဂျူတီထွက်လာချိန် မြင်ကွင်းများ

mgyoe.com

mgyoe.com


SAMPLE BOOK



ရက်ပေါင်း ၇၀ ကြာ ကိုဗစ်လူနာများကို နေ့ညမပြတ် ပြုစုကုသ စောင့်ရှောက်ခဲ့ကြရသော ဝူဟန် ဆေးရုံမှ နပ်စ်မလေးများ၏ ဂျူတီထွက်လာချိန် မြင်ကွင်းများ

mgyoe.com

mgyoe.com SAMPLE BOOK



Done Coronavirus poster v5.pdf

Coronavirus: latest information and advice

NHS
North West London
Collaboration of
Clinical Commissioning Groups

COVID-19

Please read and **do not** enter this practice if:

You have travelled to the UK from the following countries and are experiencing cough or fever or shortness of breath:

**In the last 14 days**
Mainland China
Thailand
Japan
Republic of Korea
Hong Kong
Taiwan
Singapore
Malaysia
Macau

**Since 19 February**
Northern Italy
(not including Pisa, Florence or Rimini)
Vietnam
Cambodia
Laos
Myanmar

- Please stay indoors and avoid contact with other people as you would with the flu.
- Call NHS 111, even if symptoms are mild.
- If you have lived with or had close contact with a confirmed case of coronavirus, you should contact NHS 111 for further advice.

ဗြိတိန်နိုင်ငံ၊ အမျိုးသား ကျန်းမာရေးဌာန ( National Health Service–NHS ) ၏ ဖေဖော်ဝါရီလ မတိုင်မီ ညွှန်ကြားချက်တွေ မြန်မာအပါအဝင် အာဆီယံ ၇ နိုင်ငံကို ကိုဗစ်ကူးစက်ပျံ့ပွားရာ နိုင်ငံများ ဖြစ်လာမည်ဟု ကြိုတင်တွက်ဆကာ မြန်မာမှ ဗြိတိန်နိုင်ငံသို့ ဝင်ရောက်လာမည့် ခရီးသွားများကို ရည်ညွှန်းကာ ယခုကဲ့သို့ ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

## အမှာ

"ကျွန်တော်တို့မှာ ဒိုင်ယာရီ နှစ်အုပ် ရှိတယ်"

တစ်အုပ်က "ဖန်းဖန်း" (Fang Fang) ရဲ့ ဝူဟန်ဒိုင်ယာရီ ဖြစ်ပြီး နောက်တစ်အုပ်က "ခွန်ဆိုင်း" ( Khun Saing ) ရဲ့ ကိုဗစ်ဒိုင်ယာရီဖြစ်ပါတယ်။

တရုတ်ပြည်၊ ဝူဟန်မြို့မှာ နေတဲ့ "ဖန်းဖန်း" ဟာ သူ့ရဲ့ "ဝူဟန် ဒိုင်ယာရီ" ကို ဝူဟန်လော့ခ်ဒေါင်း ၆၂ ရက်မြောက်နေ့၊ သူ့မှတ်တမ်း ရေးသားမှု အပုဒ် ၆၀ မြောက်မှာ အဆုံးသတ်ခဲ့ပါတယ်။ စာဆုံးရက်စွဲဟာ ၂၀၂၀ ခုနှစ်၊ မတ်လ ၂၄ ရက် ဖြစ်ပါတယ်။

အဲဒီမှတ်တမ်းကို "တော်ကောင်းမင်း" ရဲ့ ဘာသာပြန်ကတစ်ဆင့် မြန်မာဘာသာနဲ့ ၂၀၂၀ ဇွန်လ ၁၄ ရက်နေ့မှာ ကျွန်တော် ဖတ်ခွင့်ရနေပါပြီ။ ကမ္ဘာ့ရွာဖြစ်မှုရဲ့ မြန်ဆန်ခြင်း အကျိုးရလဒ်မှာ ဒီတစ်ခုလည်း ပါပါလိမ့်မယ်။ ကမ္ဘာ့ရွာဖြစ်မှုရဲ့ အကျိုးဆက်ကြောင့် ဗိုင်းရပ်စ်တွေ အမြန်ဆုံး ကမ္ဘာအနှံ့ ပြန့်သွားတာလည်း လက်ခံရပါလိမ့်မယ်။

အင်္ဂလန်ပြည်၊ ရှက်ဖီးမြို့မှာ နေတဲ့ ကိုခွန်ဆိုင်း ဟာ ၂၀၂၀ မတ်လ ၂၀ ရက်နေ့မှာ "ကိုဗစ်ဒိုင်ယာရီ ၁-၂" ကို စရေးပါတယ်။ ("ဖန်းဖန်း" မှတ်တမ်း အဆုံးမသတ်ခင် လေးရက်အလိုမှာပါ)။ မနေ့က ဇွန် ၁၃ ရက်မှာတော့ အပိုင်း ၄၇ ကို ရောက်ပါပြီ။ သူ ဘယ်အထိ ဆက်ရေးမလဲ မသိပါ။ တစ်ကမ္ဘာလုံး ကိုဗစ်ကို အောင်နိုင်ပြီ၊ စိတ်ချရပြီလို့ ကြေညာတဲ့အထိ တအိအိစောင့် ရေးသွား

mgyoe.com

mgyoe.com SAMPLE BOOK

တာလည်း ဖြစ်နိုင်ပါတယ်။ ဘာဖြစ်ဖြစ် ကျွန်တော်တို့မှာ နောက်ထပ် ဖတ်စရာ ဒိုင်ယာရီ တစ်အုပ် ရှိနေသေးတယ် ဆိုတာတော့ အသေအချာ မှတ်သားထား၊ မှတ်တမ်းတင်ထားပါတယ်။

"ဖန်းဖန်း" ဟာ ၁၉၅၅ မေလမှာ မွေးတဲ့သူဖြစ်လို့ အသက် ၆၅ နှစ် ရှိပါပြီ။ ဆရာခွန်ဆိုင်းထက် ငယ်လှ တစ်နှစ်၊ နှစ်နှစ်ပါပဲ။ ပြောချင်တာက ခေတ်ပြိုင်တွေလို့ ပြောချင်တာပါ။ ဖန်းဖန်းဟာ ၂၀၁၀ မှာ လူ့ရွှန်းစာပေဆု ရခဲ့ပြီး ၈၇/၈၈ တုန်းက "Feng Jing" ဆိုတဲ့ ဝတ္ထုလတ် တစ်ပုဒ်နဲ့ လူမှု ထူးချွန်ဆု ရဖူးပါတယ်။ ဒီစာမူဟာ သူ့ရဲ့ မာစတာပိစ်လို့လည်း ဆိုပါတယ်။ ပြောရရင် ခုထိ စာရေးခြင်းနဲ့ အသက်မွေးနေတဲ့ ထက်မြက်တဲ့ အမျိုးသမီး စာရေးဆရာတစ်ဦး ဆိုတာပါပဲ။

ကိုခွန်ဆိုင်းဟာ လမ်းစဉ်လူငယ် ခေါင်းဆောင် တစ်ယောက်လည်း ဖြစ်ပါတယ်။ ဆေးတက္ကသိုလ် နောက်ဆုံးနှစ်ကနေ ၇၆ မှိုင်းရာပြည့်မှာ အင်းစိန် နရသိန် ရောက်လာပြီးနောက် နိုင်ငံရေး မုန်တိုင်းထဲမှာ ထောင် အကြိမ်ကြိမ် ထပ်ကျပြီး နှစ်ရှည်နိုင်ငံရေး အကျဉ်းသား ဖြစ်ခဲ့သူပါ။ ခုတော့ ဘဝပေးအခြေအနေအရ အင်္ဂလန်မှာ အခြေချနေရပါတယ်။

သူဟာ ကဗျာဆရာလည်း ဖြစ်တယ်၊ သီချင်းရေးဆရာလည်း ဖြစ်တယ်။ နိုင်ငံရေး မုန်တိုင်းထဲမှာ ဖြတ်သန်းရင်း ခေတ်ကို မျက်ခြည်မပြတ်ခဲ့သူ၊ လူ့အသိုင်းအဝိုင်းအရေးကို အမြဲစိတ်ပူပင်နေသူ၊ ကလေးတွေရဲ့ အနာဂတ် အတွက် စိတ်မောနေတတ်သူတစ်ဦး ဖြစ်ပါတယ်။

ဒီနေရာမှာ လူမျိုးမတူ၊ နေရာဒေသ မတူတဲ့ ခေတ်ပြိုင်လူနှစ်ဦးဟာ ကပ်ရောဂါ တစ်ခုကို အတူတူ ဖြတ်သန်းနေကြပါပြီ။ သူတို့ ဒီကပ်ရောဂါကို ဘယ်လို မြင်၊ ဘယ်လို ချဉ်းကပ်၊ ဘယ်လို သုံးသပ်၊ ဘယ်လို အကြံပြုကြ မလဲ ဆိုတာ စိတ်ဝင်စားစရာပါ။

ဒီစာကို ရေးနေတဲ့ (အခု)အချိန်ထိ ဝူဟန်ကို ဆုံးအောင် မဖတ်ရ သေးပါ။ ဒါပေမဲ့ ဝူဟန်ဒိုင်ယာရီထဲကနေ ကျွန်တော် "ဖန်းဖန်း" ကို မြင်နေရ ပါပြီ။ မိသားစု သံယောဇဉ်ကြီးသော၊ ခေတ်ကို မျက်ခြည်မပြတ်သော၊ လူမှု လောကကို ပြုပြင်လိုသော၊ အကောင်းဖြစ်စေလိုသော၊ မနက်အိပ်ရာနိုးလို့

mgyoe.com

mgyoe.com SAMPLE BOOK

မျက်လုံးနှစ်လုံး ပွင့်တာနဲ့ ဖုန်းဖွင့်ပြီး ကမ္ဘာကြီးကို ပြတင်းပေါက်က ချောင်းကြည့်သော၊ သတင်းကို မျက်လုံးနဲ့ စွင့်သော၊ အမြင်မတော်တာ တွေ့ရင် လူမှုကွန်ရက်ပေါ်ကနေ ပက်ခနဲ ဝေဖန်ပစ်လိုက်ဖို့ ဝန်မလေးသော လူအိုပိုင်းဝင်စ ထက်မြက်သော မိန်းမ ဆိုတာပါပဲ။

ခုဖတ်ရသလောက် သူက သူ့အခန်း၊ သူ့ရပ်ကွက်၊ သူ့မြို့ကနေ သူ့အခြေအနေကိုလိုက်(Live)လွှင့်သလိုလွှင့်ပြနေ၊ ပြောပြနေတာပါ။ ကြေကွဲစရာ တွေ တွေ့ရင် ပြောမယ်၊ ဝမ်းနည်းစရာတွေ တွေ့ရင် ပြောမယ်၊ အမြင်မတော် တာတွေ့ရင် ပြောမယ်၊ ပြင်စေ့ချင်တာတွေ ပြောမယ်။ မှားတာတွေ ပြောမယ်။ အမှားအတွက် တာဝန်ခံစမ်းဟဲ့၊ တာဝန်ယူစမ်းဟဲ့လို့ ကြိမ်းမောင်းမယ်။

ကပ်ဘေးနဲ့သူ၊ သူနဲ့ကပ်ဘေး တိုင်ပတ်နေတဲ့ အရေးအသား (မကောင်းဘူး ပြောတာ မဟုတ်ပါ။ စတိုင်လ်ကို ပြောချင်တာ) တွေ တွေ့ရ ပါတယ်။

ကိုခွန်ဆိုင်းရဲ့ ကိုဗစ်ဒိုင်ယာရီကို ခုဖတ်ရသလောက်အထိ ကပ်ထဲက လူတစ်ယောက်ကို တွေ့ရပါတယ်။

အဲဒီလူဟာ ထိတ်လန့် တုန်လှုပ်နေတယ်။ သိချင်စိတ်တွေ များနေ တယ်။ သူ့မိသားစုကို သူ ကာကွယ်နေတယ်။ မြန်မာပြည်က လူတွေနဲ့ မြန်မာပြည် အခြေအနေကို စိုးရိမ်နေတယ်။

ဈေးဝယ်ထွက်ရတာကအစ သူ့ကိုယ်သူ မလုံမခြုံ ဖြစ်နေတယ်။ အိမ်ပြန်ရောက်တဲ့အခါ ဝယ်လာသမျှတွေကို အိမ်ထဲ မသွင်းဘဲ အပြင်မှာ သန့်ရှင်းရေး လုပ်၊ ဂိုဒေါင်ထဲ တစ်ရက် နှစ်ရက် သိမ်းထားပြီး သေချာလောက် မှ အိမ်ထဲ သွင်းတဲ့အထိ သတိကြီးကြီးထား ဖြတ်သန်းနေပါတယ်။

အစောပိုင်းကာလ အရေးအသားတွေမှာ စိတ်နဲ့ လူနဲ့ မကပ်ဘဲ မျောပါ နေတာတွေ၊ ရေးဟန်အပြောင်းတွေ (ပြောင်းနေတာ သူကိုယ်တိုင်တောင် သိပုံ မရပါ။ ရေးချင်စိတ်ပြင်းပြင်းနဲ့ ဖွတ်သွန်ရေးနေပုံရပါတယ်။ ) တွေ့ရပါတယ်။

နောက်ပိုင်း အချိန်ကြာလာတဲ့အခါ နည်းနည်း တည်ငြိမ်လာတဲ့ အခါမှာတော့ ကိန်းဂဏန်းတွေကို အားပြုပြီး သုတေသနဆန်ဆန်ဘက်ကို လှည့်လာပါတယ်။ အင်္ဂလန်သာမက တစ်ကမ္ဘာလုံးမှာ ဖြစ်ပျက်နေတာကို

mgyoe.com

mgyoe.com SAMPLE BOOK

(ကိန်းဂဏန်းတွေကတစ်ဆင့်) ချဉ်းကပ် ရှုမြင် သုံးသပ်လာတာ တွေ့ရပါတယ်။ မနေ့ကတော့ အပိုင်း(၄၇) ရောက်ပါပြီ။

ခုတော့ ခေတ်ပြိုင်လူနှစ်ယောက်ရဲ့ ကပ်တစ်ခုတည်းကို ဖြတ်သန်းရင်းမြင်တဲ့ အမြင်၊ ခံစားရတဲ့ ခံစားမှု၊ သုံးသပ်ချက် နှစ်မျိုးကို ကျွန်တော်တို့ လက်ခံရရှိနေပါတယ်။ ကမ္ဘာကြီးက လက်ခံရရှိနေပါတယ်။

ကမ္ဘာအနှံ့မှာလည်း အဲဒီလို ကပ်ဘေးကြုံ ဒိုင်ယာရီပေါင်း ဘယ်လောက် ရှိနေမယ် ဆိုတာ ကျွန်တော်တို့ မသိနိုင်ပါ။

သေချာပါတယ်။

လောလောဆယ်မှာတော့ ကိုဗစ် ၁၉ ကပ်ဘေးဆိုးနဲ့ ပတ်သက်ရင် ကျွန်တော်တို့မှာ ဒိုင်ယာရီ နှစ်အုပ်ရှိနေပါတယ်။ ထွက်ပြီး ဖတ်နေရတာက တစ်အုပ်၊ ထွက်လာဖို့ မျှော်လင့်နေရတာက တစ်အုပ်။

ငြိမ်းအေးအိမ် ( ၁၄-၀၆-၂၀၂၀ )

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာ

ကံ့ကော်ဝတ်ရည်မှ မဝိုင်းက ကိုခွန်ဆိုင်း၏ "ကိုဗစ်ဒိုင်ယာရီ" အတွက် အမှာရေးပေးပါဟု ဆိုလာပါသည်။

ကိုခွန်ဆိုင်းကို မိမိ သိကျွမ်းခဲ့သည်မှာ ဆယ်စုနှစ် လေးစုမက ကြာခဲ့ပါပြီ။ ရဲဘော်ရဲဘက် ဆိုလျှင်လည်း ဟုတ်၊ ညီအစ်ကို ဆိုလျှင်လည်း မမှားပါ။

မိမိက ပဲခူးသား၊ ဆေး၂မဂ်လာဒုံတွင် တက်ခဲ့သူ၊ သူက ရန်ကုန်သား၊ ဆေး ၁ တွင် တက်ခဲ့သူ။ မိမိထက် နှစ်တန်းခန့် ကြီးပါမည်။ ၁၉၇၀-၈၀ ဝန်းကျင်များအတွင်း တိုက်ခတ်ခဲ့သော နိုင်ငံရေး မုန်တိုင်းများက မိမိတို့နှစ်ဦး (အမှန်တော့ နှစ်ဦးမကပါ)ကို ရင်ဘတ်ချင်း နီးစေခဲ့သည်။ ရဲဘော်ရဲဘက် ဖြစ်စေခဲ့သည်။

သူရော၊ မိမိရော တောရပြန်များ ဖြစ်ကြောင်းကိုတော့ ကြွားပါဦးမည်။ ၁၉၇၄-၇၅-၇၆ ကျောင်းသား အရေးအခင်းများကြောင့် သူ ကျောင်းထုတ် ခံရသည်။ မော်စကို အလည်သွားရသည်။ ၁၉၇၈ တွင် သူ ပြန်ထွက်လာသည်။ ထိုကာလမှစ၍ မိမိတို့ ခင်မင်ရင်းနှီးခဲ့သည်။ ၁၉၈၂ တွင် မိမိ မော်စကို အလည်သွားရပြန်သည်။ သူက အပြင်မှာ။ မိမိဇနီးက မော်စကိုတွင် မိမိ မည်သို့နေရမလဲ ဆိုသည်ကို သူ့ထံ သွားမေးသောအခါ "မသိချင်ပါနဲ့ မ... ရယ်" ဟု ပြောခဲ့ဖူးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၇၈ ခု သူ တောရမှ ပြန်ထွက်လာပြီးနောက်ပိုင်း စိန်ဂျွန်း ဈေးတွင် ဆေးဆိုင် ဖွင့်သည်။ ၁၉၈၈ နောက်ပိုင်းတွင် သူ တောရသို့ နောက်ထပ် နှစ်ကြိမ်လား မသိ ထပ်ရောက်သည်။ ထောင်ထဲတွင် ရှိနေစဉ် သူ့ဖခင်ကြီး ကွယ်လွန်သည်။ အပြင်ပြန်ရောက်သောအခါ ၁၉၇၆ ထောင်ကျစဉ်ကတည်းက ခင်မင်ခဲ့သူ၊ စိတ်တိုင်းကျ ကိုအောင်ထိုက်နှင့် ဖရန်ချိုက်စ်လုပ်ကာ လက်ဖက်ရည်ဆိုင် ဖွင့်သည်။ စီးပွားရေးအရ အောင်မြင်သည်။ သူ ဝါသနာပါသော ဂီတလိုင်းဘက်သို့ ဦးလှည့်လိုက်သေးသည် ထင်သည်။ ညီပုလေးက သူ့အကြောင်း ဝတ္ထုတစ်ပုဒ် ရေးဖူးသည်။ "သမဂ္ဂမေမေ" သီချင်းမှာ ထောင်ထဲတွင် သူ ရေးစပ်ခဲ့သော သီချင်း ဖြစ်သည်။ နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် သူ ချစ်သော အမိမြန်မာပြည်၊ သူ့ချစ်သော မွေးသမိခင်ကို စွန့်ခွာကာ ထိုင်းနယ်စပ် ဒုက္ခသည်စခန်း၊ ထိုမှတစ်ဆင့် အင်္ဂလန်သို့ ပြောင်းရွှေ့ အခြေချ နေထိုင်သည်။ ယခု ရှက်ဖီးလ်တွင် ရှုမငြီးသော ချစ်ဇနီးနှင့် ချစ်စရာ သားငယ် တစ်ဦးနှင့်အတူ နေထိုင်သည်။

သို့သော် မြန်မာပြည်ကို သူ မမေ့။ မြန်မာ့အရေးကို သူ မမေ့။ အခွင့်အရေးရတိုင်း မြန်မာပြည်ကို ပြန်လာသည်။ သက်နှင်းဆီးသည်။

ယခု ကိုရိုနာကပ်ဘေးကြီး ကမ္ဘာနှင့်အဝှမ်း ကျရောက်သောအခါ မြန်မာပြည်ကို သူ စိတ်ပူသည်။ မြန်မာတွင် ဗိုင်းရပ်စ်ပိုး ကူးစက်လူနာ စတွေ့သော ရက်မတိုင်မီကတည်းက သူ ကိုဗစ်ဒိုင်ယာရီကို လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် စရေးသည်။ ၂၀၂၀ မတ် ၁၉ ရက်တွင် စရေးသည်။ စရေးစဉ်ကတော့ စာအုပ်ထုတ်ရန် မရည်ရွယ်ခဲ့။ နောက်ပိုင်းတွင်မှ ကံ့ကော်ဝတ်ရည်နှင့် အဆက်အသွယ်ရကာ စာအုပ်ထုတ်ဖို့ ဖြစ်လာသည်။ Face book စာမျက်နှာများပေါ်တွင် သူ ရေးခဲ့သော ကိုဗစ်ဒိုင်ယာရီ အပိုင်း ၅၀ ကို စတင် ထုတ်ဖြစ်သည်။

ကိုဗစ်နိုင်တင်း ဗိုင်းရပ်စ်ပိုးသည် လင်းနို့မှ အစပြု၍ ကြားခံ အကောင် တစ်ကောင်မှတစ်ဆင့် လူကို ကူးစက်သည်ဟု ယူဆကြသည်။ ကြားခံ အကောင်မှာ သင်းခွေချပ် ဖြစ်သည်ဟု ဆိုသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုခွန်ဆိုင်းမှာလည်း လင်းနို့နှင့် မရင်းနှီးသူတော့ မဟုတ်။ သူ သရက်ထောင်၊ တိုက်ထဲတွင် နေခဲ့ရစဉ်က သူ့တိုက်ခန်း မျက်နှာကြက်ပေါ်တွင် လင်းနို့များ နေကြသည်။ လင်းနို့ချေးနံ့ တသင်းသင်းနှင့် သူ နေခဲ့ရသည်။ ကိုဗစ်နိုင်တင်း ကပ်ဘေးကြီး ဖြစ်ပွားသောအခါတွင်လည်း ကပ်ဘေး အကြီးအကျယ် ကျရောက်ရာ အင်္ဂလန်တွင် သူ ရောက်နေရပြန်သည်။

ကိုဗစ်ဒိုင်ယာရီကို သူ၏ စတေးဟုမ်း ကာလများတွင် စတင်ရေးခဲ့ပုံ ရသည်။ ယူကေတွင် ကပ်ဘေးကြီး ဖြစ်ပွားသော်လည်း သူနှင့် သူ့မိသားစုမှာ ပိုးကူးစက်ခံရမှု ဘေးမှ ကင်းဝေးခဲ့ပုံရသည်။ သူ့အသက်မှာ ခြောက်ဆယ်ကျော်ပြီ ဖြစ်၍ ကိုဗစ်နိုင်တင်း ထိလွယ်ရှလွယ် လူများတွင် သူပါသည်။ သို့သော် လင်းနို့များနှင့် သူ နေခဲ့ရခြင်းက ကိုရိုနာပိုင်းရပ်စ်ကို သူ ခံနိုင်စေသလား မသိ။ ကရင်ပြည်နယ်၊ ဘားအံဘက်ရှိ ‘လင်းနို့ဂူ’ တွင် လင်းနို့ချေးများကို ဒေသခံများက လက်ဗလာဖြင့် ကိုင်တွယ်သည်ကို တွေ့ရသောအခါ နိုင်ငံခြားသားများ အံ့သြကြသည် ဆိုသည်။

ပြောသာ ပြောရသည်၊ မိမိငယ်စဉ်က နေခဲ့သော ပဲခူးမြို့ရှိ ကိုလိုနီလက်ရာ အိမ်ကြီး၏ ဘုရားခန်း မျက်နှာကြက်တွင်လည်း လင်းနို့များ၊ လင်းနို့ချေးများ ရှိခဲ့သည်ကို မှတ်မိသည်။

ကိုခွန်ဆိုင်းက ကိုဗစ်နှင့် ပတ်သက်၍ မိမိ လေ့လာထားမိသမျှကို အမှာတွင် ထည့်ရေးပေးပါဟု ဆိုလာသည်။ ဤစာကို မိမိ ရေးနေချိန်၌ ကမ္ဘာကြီးတွင် ကိုဗစ်နိုင်တင်း ဖြစ်ပွားသူ ၁၉ သန်းကျော်၊ ပိုးကြောင့်သေဆုံးသူ ၇ သိန်းကျော်၊ ရောဂါပြန်ကောင်းသွားသူ ၁၂ သန်းကျော် ရှိသွားပြီ ဖြစ်သည်။ ရောဂါပိုး ကူးစက်သူ အများဆုံးမှာ အမေရိကန်ပြည်ထောင်စု (၅ သန်းကျော်)၊ သေဆုံးသူ အများဆုံးမှာလည်း အမေရိကန် ပြည်ထောင်စု (၁ သိန်း ၅၆ သောင်း)တွင် ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ပိုးကူးစက်ခံရသူ၏ လေးပုံတစ်ပုံ၊ သေဆုံးသူ၏ လေးပုံတစ်ပုံနီးပါး ဖြစ်သည်။ အမေရိကန်၏ နောက် ဒုတိယနေရာတွင် ဘရာဇီး၊ တတိယနေရာတွင် အိန္ဒိယတို့ရှိနေသည်။ အင်္ဂလန်(ယူကေ)က အဆင့် ၁၁ တွင် ရှိသည်။ မြန်မာကမူ အဆင့် ၁၆၇

mgyoe.com

mgyoe.com SAMPLE BOOK

တွင် ရှိနေသည်။ ပိုးကူးစက်မှုမှာ ရပ်တန့်မသွားသေးဘဲ အရှိန်ကောင်းနေဆဲ ဖြစ်သည်။ နေ့စဉ် ကူးစက်ခံရသူ ၃ သိန်း နီးပါး၊ သေဆုံးသူမှာ ၄ ထောင် မှ ၇ ထောင် အတွင်း ရှိနေသည်။

ကိုဗစ်မှ နာလန်ပြန်ထနိုင်သည့် နိုင်ငံစာရင်းတွင် အာရှမှ ထိုင်း၊ တောင်ကိုရီးယား၊ မလေးရှား၊ ထိုင်ဝမ်နိုင်ငံများက ထိပ်ဆုံးအဆင့်များတွင် ရှိနေသည်။ မြန်မာက အဆင့် ၁၉၊ ၂၀၊ ၂၁ ကြား ပြေးနေသည်။

မြန်မာသည် ကိုဗစ်နိုင်တင်း ကပ်ကြီးတွင် ကံကောင်းနေဆဲ ဖြစ်သည်။ ပြည်တွင်း ကူးစက်မှုများ မတွေ့ရဘဲ၊ နိုင်ငံခြားပြန်များတွင်သာ ပိုး ကူးစက်ခံရမှု တွေ့ရှိနေသည်။ ကျောင်းများ၊ ရုပ်ရှင်ရုံများ၊ ဘုရားကျောင်းကန် များ ပြန်မဖွင့်သေးသော်လည်း မြန်မာပြည်သူများ လွတ်လပ်စွာ သွားလာ လှုပ်ရှားနိုင်ကြသည်။ ကိုဗစ်ကိုပင် သတိမထားမိကြတော့။ အကြားဖြင့်သာ ကြောက်နေကြရသည်။

၂၀၁၉ ခုနှစ် ယခုလို အချိန်က ကမ္ဘာ့အခြားနေရာများတွင် မည်သို့ ရှိသည် မသိရသော်လည်း မြန်မာတွင် ချီကန်ဂန်ညာရောဂါ၊ မြန်မာအခေါ် ဆင်တုပ်ကွေး အကြီးအကျယ် ဖြစ်ခဲ့သည်။ တစ်ပြည်လုံး မြို့တိုင်း၊ ရွာတိုင်း အုံနှင့်ကျင်းနှင့် ဖြစ်ကြသည်။ ယင်းရောဂါသည်လည်း ကိုရိုနာဗိုင်းရပ်စ်ပိုး တစ်မျိုးကြောင့် ဖြစ်သည်။ ဆင်တုပ်ကွေးက ကြိုခံထား၍သာ ကိုဗစ်နိုင်တင်း မြန်မာကို မမွှေနိုင်သလားဟု ထင်ရသည်။ သုတေသနပြုနိုင်မှသာ သိပါမည်။

မိမိတို့ မြန်မာများ၏ ညစ်ပတ်သော အကျင့်ကလည်း ကိုဗစ်ကို သက်သာရာ ရစေသလား မသိ။ တံတွေးကို နေရာအနှံ့ ထွေး၊ ချောင်းဆိုးလျှင် လည်း လူရှေ့သူရှေ့မရှောင် ဆိုးနှင့်။ မိမိ အတွေ့အကြုံအရ မြန်မာများသည် ကြားခံသတ္တဝါ (ဥပမာ–ခြင်)ကြောင့် ဖြစ်သော ရောဂါများကို ပိုခံရသည်။ ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ချီကန်ဂန်ညာ အစရှိသော ရောဂါများ။ လေထုမှ ပျံ့လွင့်သော ရောဂါများကိုမူ မိမိတို့ နေ့စဉ် ကြုံတွေ့နေရသည့် ညစ်ပတ် သည့် ဓလေ့ကြောင့် ယဉ်ပါးနေကြသလား မသိ။ မိမိတို့ သောက်သုံးနေ သည့် ရေကို ထိုင်းမှ ခေတ္တပြန်လာသည့် မြန်မာရွှေ့ပြောင်း လုပ်သားများ သောက်မိပါက ဝမ်းပျက်ဝမ်းလျှော ဖြစ်ကြသည်။ မိမိတို့မှာမူ ဘာမျှ မဖြစ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုဗစ်ဖြစ်စက မြန်မာတွင် ဘာမှမဖြစ် ဆိုသည်ကို ကမ္ဘာက မယုံကြ။ ဖုံးကွယ်ထားသည်ဟု ထင်ကြသည်။ နောက်ပိုင်းမှ အမှန်ဖြစ်မှန်း သိသွားကြသည်။ အခြားနိုင်ငံများတွင် ကိုဗစ်အကြီးအကျယ် ဖြစ်နေကြသော်လည်း မြန်မာတွင် ယခုအချိန်အထိ (ကျန်းမာရေးအရ) သက်ရောက်မှု မရှိသေး။ ဤအချက်အပေါ် အယူအဆ အမျိုးမျိုး ရှိကြသည်။ နိုင်ငံရေး၊ ဘာသာရေး ရှုထောင့်များမှ သုံးသပ်ပြကြသည်များလည်း ရှိသည်။ သုတေသန မပြုနိုင်သရွေ့တော့ အကြောင်းရင်းမှန်ကို သိနိုင်မည် မထင်ပါ။

မိမိစာလည်း ရှည်သွားပြီ ထင်ပါသည်။ ကိုခွန်ဆိုင်း၏ ကိုဗစ်ဒိုင်ယာရီကို ဆက်ဖတ်ပါ ဟူ၍သာ တိုက်တွန်းလိုက်ပါသည်။

လူချီ
(၂၀၂၀ ဩဂုတ် ၈)

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူရဲ့ အဖွင့်အမှာ

ကိုဗစ်ကြောင့် လူတွေ အိမ်ထဲက အိမ်ပြင် ထွက်ခွင့် မရကြတဲ့ အချိန် တစ်ပတ်လောက် ကြာတဲ့အခါ ဝေလနယ်ထဲမှာ မကြုံဖူးတဲ့ ဖြစ်ရပ် တစ်ခုဖြစ်ပြီး ကမ္ဘာ့သတင်း မီဒီယာများမှာ ပါလာပါတယ်။ အဲဒီသတင်းက ကျွန်တော့်ကိုလည်း ရိုက်ခတ်ပြီး ရှည်လျားတဲ့ အတွေးစများ ပေးခဲ့ပါတယ်။ တောင်ပေါ်မှာသာ နေလေ့ရှိခဲ့တဲ့ ကက်ရှ်မီးယားတောင်ဆိတ်ရိုင်း( Mountain Goat ) များဟာ တောင်ပေါ်က ဆင်းလာခဲ့ကြပြီး လဲန်းဒတ်နိုး( Llandudno ) မြို့ထဲကို အုပ်စုလိုက် ဝင်ရောက်လာကြပါတယ်။ လူသူ အရိပ်အယောင်မတွေ့ရ၊ ကားအသွားအလာတွေ မရှိတော့တဲ့ မြို့ထဲမှာ သူတို့ဟာ အေးအေးလူလူ လှည့်လည် ကျက်စားနေကြပြီး လူတွေရဲ့ အိမ်ခြံဝင်းတွေထဲအထိ ရဲရဲတင်းတင်း ဝင်ရောက်ကြတယ်။ ကောင်းနိုးရာရာ ပန်းချုံတွေကြားမှာ နားနားနေနေ အိပ်စက်ကြ၊ စိမ်းလန်းရာရာ အပင်များကိုအကြိုက် စားသောက်ကြရင်း တောတိရစ္ဆာန်တွေဟာ လွတ်လပ်ရေး အရသာကို ခံစားနေကြတဲ့ အလား ထိုသတင်းများက ယာယီအကျဉ်းကျ လူသားများ ဘဝကို သံဝေဂ ဖြစ်စေပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီလို ပုံမှန်မဟုတ်တဲ့ ကိုဗစ်ကာလ သတင်း အထူးအဆန်း များစွာဟာ ကျွန်တော် ဒိုင်ယာရီကို ဆက်ရေးနေချင်စိတ်တွေ ဖြစ်အောင် ချင်ခြင်းတပ်စေ၊ အတွေးစမျိုးစုံ ပွားစေ၊ မှတ်တမ်းများ ဖြစ်ကျန်ခဲ့စေချင်အောင် စေ့ဆော်မှုများ ဖြစ်စေခဲ့ပါတယ်။ နိုင်ငံတစ်ခုနဲ့ တစ်ခု မဆက်ဆံရဲတော့ခြင်း၊ လေယာဉ်ပျံတွေ မပျံရဲတော့ခြင်း၊ လူတွေ အလုပ် မသွားရဲတော့ခြင်း၊ စားစရာများကို အလုအယက် စုဆောင်းကြခြင်း၊ လူမြုပ်နှံရာ မြေကျင်းများကို ကြိုတူးထားရခြင်း၊ ကိုယ့်မနက်ဖြန်ကို မခန့်မှန်းတတ်ခြင်း စတဲ့ နေ့စဉ်သတင်းများစွာဟာ အမျိုးမျိုး ထူးခြား စုံလင်နေပါတယ်။

တခြားသတ္တဝါတွေကို ရှင်သန်စရာ ခြေချစရာ နေရာမပေး၊ ကမ္ဘာ့ရေပြင်၊ မြေပြင်နဲ့ ဝေဟင် နေရာတိုင်းကို အကျယ်ချဲ့ အနိုင်ယူချင်တိုင်း ယူပြီး လွှမ်းမိုး ချယ်လှယ်နေတဲ့ လူသားတွေကို ဗိုင်းရပ်စ် အမှုန်အမွှားလေးများက ရုတ်တရက် မကြေညာဘဲ စစ်တိုက်ခိုက်လိုက်တဲ့အခါ လူတွေ ကူသူကယ်သူမဲ့စွာ အထိနာနေပုံ၊ အကျအဆုံး များစွာ ဖြစ်နေပုံတွေဟာ သဘာဝတရားကြီးက လူ့လောကအတွက် ပီပြင်တဲ့ အဆုံးအမ တစ်ခုလား၊ ပဏာမ သင်ခန်းစာ တစ်ခုပေလား ကျွန်တော်တွေးရင်း ကိုဗစ်ကို သဘာဝဓမ္မဘက်က ချဉ်းကပ်ဖို့ ကြိုးစားခဲ့ပါတယ်။ ဝေလနယ်ထဲက တောင်ဆိတ်တွေဟာ အအေးပိုင်း အင်္ဂလန်ကျွန်းပေါ်မှာ ရှင်သန်နေထိုင်တတ်တဲ့ ဇာတိမျိုးရင်း တောသတ္တဝါတွေ မဟုတ်ကြပါဘဲ အပူပိုင်းအာရှကကျွဲမီးယားဒေသက ယူဆောင်လာခြင်းကို ခံကြရပြီး ဗိတိုရိယဘုရင်မကြီးကို ၁၈၃၇ ခုနှစ်လောက်က လက်ဆောင်အဖြစ် ပေးရာက ပေါက်ပွားလာကြတဲ့ အာရှတောင်ဆိတ်တွေလို့ မှတ်တမ်းမှတ်ရာများက ဆိုပါတယ်။ နှစ် ၂၀၀ လောက်ကြာတဲ့အခါ သူတို့လည်း ဝေလနယ်ထဲက တောင်ကြောလေး တစ်ခုမှာ အသက်ရှင်အောင် နေတတ်ကြတဲ့ အမွေးရှည် တောင်ဆိတ်လေးတွေ ဖြစ်နေပြီး လူတွေက အဲဒီ ဆိတ်အုပ်တွေ မျိုးတအား မပွားနိုင်အောင် သူတို့ကို သန္ဓေတားဆေးများ ထိုးပေးပြီး တားတတ်ကြပါသေးသတဲ့။

လူအချင်းချင်းက လွဲရင် တခြားသတ္တဝါ တစ်ကောင်ကောင်ဟာ လူကို လာပြီး ထိန်းချုပ်နိုင်စွမ်း၊ ဖျက်ဆီးနိုင်စွမ်း၊ ပြောင်းလဲပစ်နိုင်စွမ်း မရှိဘူး

mgyoe.com

mgyoe.com SAMPLE BOOK

လို့ လူက တစ်သက်လုံး ယုံကြည် နားလည် ထားခဲ့တယ်။ မျှော်လင့်မထားတဲ့ ဗိုင်းရပ်စ်တစ်ကောင်က လူတွေရဲ့ နေ့စဉ် ဘဝကို ရုတ်တရက် ထိန်းချုပ်ပစ်လိုက်တယ်။ တက်နေတဲ့ ဘဝမာနတွေ အပိုးကျိုးသွားအောင် သင်ခန်းစာ တချို့ ပေးတယ်။ သူ့ကို ရင်ဆိုင်ဖို့ လူသားတွေဘက်မှာ စိတ်ပိုင်း၊ ရုပ်ပိုင်း ပြင်ဆင်ထားတာ ဘာမှမရှိ။ စစ်ရေးအတွေ့အကြုံရှိ၊ နိုင်ငံရေးကျွမ်းကျင်၊ စီးပွားရေးပညာရှင်ကြီး၊ လူမှုရေး နားလည်နှံ့စပ်၊ ဘာသာရေးခေါင်းဆောင်၊ လူမျိုးစုအကြီးအကဲ စတဲ့စတဲ့ လူအမျိုးမျိုးဟာ ကိုဗစ်ကို ပုံစံမျိုးစုံနဲ့ တုံ့ပြန်နေပေမယ့် ကိုဗစ်က အားလုံးကို မျှတစွာ စိမ်းကားစွာ တုံ့ပြန်ပါတယ်။

တိုင်းပြည်တစ်ပြည်က နောက်တိုင်းပြည်တစ်ပြည်ကို ဇီဝလက်နက်နဲ့ ဖျက်ဆီးနိုင်တယ် ဆိုတဲ့ ခေတ်သစ်စစ်ပွဲ အယူအဆများနဲ့ လူသားအချင်းချင်း ခြိမ်းခြောက်နေကြတုန်း ဗိုင်းရပ်စ်က အမှောင်ထဲက ရုတ်တရက် တကယ် ခုန်ထွက်လာပြီး ဇီဝစစ်ပွဲ ဆိုတာဘယ်လို ဆိုတာလူတွေနားလည်သွားအောင် သရုပ်ပြတယ်။ ဇီဝစစ်ပွဲမှာ ကျည်ကာအင်္ကျီတွေ အသုံးမဝင်ဘူး၊ ဘယ်ကတုတ်ကျင်းမှ မလုံခြုံဘူး။ စစ်အမြောက် လက်နက်တွေကို ကိုဗစ်က မကြောက်ဘူး။ စစ်သားဦးရေကို သူ အကြောင်းမထား၊ ဖိမ်ခံသင်္ဘောကြီးတွေပေါ်မက လေယာဉ်တင် သင်္ဘောကြီးပေါ်အထိ သူ အလွယ်တကူ တက်လို့ရတယ် ဆိုတဲ့ အကြောင်း သက်သေပြတယ်။

ဗိုင်းရပ်စ်ရဲ့ အဖျက်သတ္တိကို သာမန်လူတွေထက် ဆေးသိပ္ပံပညာရှင်တွေကပိုသိထားကြပေမယ့် လောလောဆယ် တုံ့ပြန်စရာ ဘာလက်နက်မှ မရှိဘူး။ ပြင်ဆင်ချိန် မရကြခင်မှာ လူသန်းပေါင်းများစွာ ကူးစက်ခံစားကြရ၊ လူသန်းတစ်ဝက်ရဲ့ အသက်ကို စတေးခဲ့ကြရပြီ။ တိုင်းပြည်ခေါင်းဆောင်တွေထဲမှာ နည်းနည်း ရိပ်မိသူ၊ လုံးလုံး မရိပ်မိသူ၊ နည်းနည်း ကြောက်သူ၊ လုံးဝ မကြောက်သူ၊ အသက်နဲ့ ဝမ်းစာ ဘယ်ဟာ ပထမ မဆုံးဖြတ်နိုင်သူ စသည်ဖြင့် ခေါင်းဆောင်အမျိုးမျိုး၊ နည်းဗျူဟာ အမျိုးမျိုးနဲ့ ကိုဗစ်ကို တုံ့ပြန် ရင်ဆိုင်နေကြဆဲ ကာလ။

တရုတ်က ကိုဗစ်နိုင်တင်းကို သူ့ဓာတ်ခွဲခန်းထဲမှာ ထုတ်လုပ်ခဲ့သလော ဆိုတဲ့ တရားခံလိုက်ရှာ အပြစ်ဖွဲ့ဖို့ ကြိုးစားတဲ့ အမှုထက် လူသား

mgyoe.com

mgyoe.com SAMPLE BOOK

တို့ရဲ့ လောဘ၊ အစွန်းတရားနဲ့ ပျော့ကွက်များအပေါ် သဘာဝဓမ္မရဲ့ ထူးခြားဆန်းကြယ်တဲ့ပြန်တတ်ပုံကို ကျွန်တော် ပိုစိတ်ဝင်စားမိပါတယ်။ လူသားဟာ နိုင်ငံရေးသားကောင်၊ စီးပွားရေး သားကောင်တွေ ဖြစ်နိုင်ရုံမက၊ တစ်ချိန်တည်းမှာ ဗိုင်းရပ်စ် သားကောင်လည်း ဖြစ်နိုင်သေးတဲ့ အားနည်းချက်တွေ ရှိတယ်။ ဘာသာတရားများ အဆုံးအမကို မနာခံဘူး၊ ဒါမှမဟုတ် အယူလွဲနေရင် သဘာဝဓမ္မ အဆုံးအမကို နာခံရနိုင်တယ်။ ချူချာနေတဲ့ လူသားမှာ သယံဇာတ ကျိန်စာအပြင်၊ တိရစ္ဆာန်ကျိန်စာပါ တစ်ချိန်တည်းမှာ သင့်နိုင်တဲ့အထိ ခုခံအားနိမ့်နေနိုင်တယ်။ ကိုယ့်ရှင်သန်မှု တစ်ခုတည်းကို ကြည့်ပြီး လောဘဇောတိုက်လွန်းရင် တခြားသတ္တဝါ တစ်ကောင်ကောင်ကလည်း သူ့ရှင်သန်ခွင့်အတွက် ရရာလက်နက်နဲ့ တုံ့ပြန်နိုင်ခွင့် ရှိတယ်။ မိမိ မှီတင်းနေထိုင်ရာ ကမ္ဘာကြီးကို စိမ်းလန်းအောင် မကြိုးစား၊ လောဘဇောတိုက်ကြသမျှ သူ့ဝမ်းဗိုက်ကြီးကို တဆုံး ဖောက်စားနေကြရင် ကမ္ဘာကြီးဆီက ထူးဆန်းတဲ့သံချောင်းခေါက်သံတွေ ပြန်ပေးတတ်တယ်။

ဒီ ဒိုင်ယာရီ ပထမပိုင်းမှာ လူသားတို့ အငိုက်မိသော ခြောက်လ။ လူသားတချို့ ကိုဗစ်ကို အထင်သေးမိသောခြောက်လ။ တိုင်းပြည်ခေါင်းဆောင်များအတွက် တိုင်းပြည်စီးပွားရေးက အခရာလော၊ လူ့အသက်များက အဓိကလော။ စစ်ရေးဗျူဟာများ ဝေဝေဝါးဝါးနိုင်သော ကာလ။ ကိုဗစ် လေထဲပျံ၊ မပျံ၊ လူဟာ ကိုဗစ်ကို ပြီး၊ မပြီး စမ်းသပ် ရှာဖွေကြရာကာလ၊ ကိုဗစ်ကို မနိုင်ခဲ့ရင် သူနဲ့အတူ နေတတ်အောင် ကြိုးစား ဆိုတဲ့ နေနည်းအသစ်နဲ့ မိတ်ဆက်တဲ့ကာလ။ အရှေ့နဲ့ အနောက် ချဉ်းကပ်ပုံမတူ အပြန်အလှန် လေ့လာ သင်ယူနေကြသော ကာလ။ ကူးစက် ကပ်ရောဂါ တစ်ခုကို ချဉ်းကပ် ဖြေရှင်းတဲ့ နိုင်ငံရေးစနစ်များရဲ့ အလင်းခြမ်း၊ အမှောင်ခြမ်း၊ အကျိုးခြမ်း၊ အပြစ်ခြမ်းများကို စိတ်ဖြာစေ့ငုရန် အားထုတ်ကြရသော ကာလ။ ကောင်းကင်တွေ ပြန်ပြီး ကြည်လင်ပြာလဲ့ သွားတယ်၊ နောက်ကျိနေတဲ့ မြစ်ရေတွေ ပြန်ကြည်လင်လာတယ်၊ ပုပ်သိုးသိုးမှုန်ညစ်ညမ်း လေထုလည်း ပြန်သန့်ရှင်း လတ်ဆတ်လာတယ်၊ ပူလောင်အိုက်စပ် ကမ္ဘာကြီးရဲ့ အပူချိန်လည်း သိသိသာသာ လျော့ကျလာတယ် စတဲ့ အပေါင်းလက္ခဏာတရားများကလည်း စိတ်ဝင်စားဖွယ် တွဲဖက် ညွှန်းကိန်းများ ဖြစ်လာနေတယ် ထင်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အာဆီယံနိုင်ငံများတွေမှာ ခိုင်မာတဲ့အခြေခံ ကျန်းမာရေးအဆောက်အအုံများ မရှိတဲ့အတွက် ဒီကပ်ရောဂါကြီးကို မချိမဆံ့ နာနာကျင်ကျင်ရင်ဆိုင် ကျော်လွှားကြရမယ်လို့ ဟောကိန်းထုတ်ကြတဲ့ နိုင်ငံတကာ ဂုရုကြီးများဟာ ကိုယ့်ကြေးရုပ် ကိုယ် ပြန်ထမ်းရင်း ပြတိုက်တွေဆီ သွားရမှာလား၊ မြို့လယ်ကောင်မှာ ပြန်ထားရမှာလား ပြန်စဉ်းစားနေရတဲ့ ကာလ။ ကိုယ့်သမိုင်းကို ပြန် ချေးချွတ်ပြီး တစ်က ပြန်စရမှာလား၊ ပြီးတာ ပြီးစေ ဆိုပြီး ဆက်သွားကြရမှာလား စဉ်းစားရခက်တဲ့ ကာလ။ ကိုယ်သာ တရားမှူ ကိုယ်သာ ကောင်း ဆိုတဲ့ တစ်လမ်းမောင်း အရှိန်ကို ပြန်ထိန်းလို့ နိုင်၊ မနိုင် ဆင်ခြင်ရမယ့်ကာလ။ ဗြိတိန်ရဲ့ ကိုဗစ်ပထမလှိုင်းမှာ လူလေးသောင်း ဖိတ်စဉ်နိုင်တယ်လို့ ဆေးသိပ္ပံပညာရှင် ပါမောက္ခ အန်တိုနီကော့စတဲလို Professor Anthony Costello ( University College, London ) က ကြိုတင် ဟောကိန်း ထုတ်တာ အမှန်လွှန်နေတဲ့ ကာလ။ အမေရိကန်မှာ ခုနေ ပိုးစစ်ဆေးလို့ ကူးစက်လူနာအသစ်တစ်သိန်းအထိ တွေ့ရရင်လည်း သူ မအံ့သြဘူးလို့ ကျန်းမာရေးအကြီးအကဲ အန်ထော်နီဖောဆီ ကြိုတင် ခန့်မှန်းချက်များ မှန်ကန်ဖို့ နီးနီးလာတဲ့ ကာလ။

လာမယ့် ဒုတိယပိုင်း စာအုပ်မှာတော့ ကိုဗစ်ဟာ ချမ်းသာသော ကမ္ဘာကြီးကို ဒုက္ခပေးလို့ အားရသွားတဲ့အတွက် ဆင်းရဲတဲ့ ကမ္ဘာကြီးဘက်ဆီ ဆက်ဒုက္ခပေးမယ့် ကာလ။ ဆင်းရဲတာဟာ အပြစ်တစ်ခုပဲလို့လည်းစင်းခံဆပ်ကြရမယ့် တတိယကမ္ဘာများဆီက အော်သံတွေ ကြားရမယ့် ကာလဖြစ်လေမလား။ ကိုဗစ် ရန်စွယ်ကြားက ရွေးကောက်ပွဲများနဲ့ နိုင်ငံရေးကြိုးတန်းများကို သတိကြီးစွာထား လျှောက်ကြရမယ့် ကပ်ကာလ။ နိုင်ငံတကာက ပေါ်လာကြမယ့် ကာကွယ်ဆေးသစ်များနဲ့ ကိုဗစ် စီးချင်းထိုးစစ်ပွဲများ၊ ကိုဗစ်ရဲ့ ထက်မြက်ဆပွားနှုန်းနဲ့ သူ့ရေရှည်တည်တံ့မှုမှာ အရေးပါတဲ့ ရုပ်ပြောင်းရုပ်လွှဲ အတတ်ပညာတွေပေါ်ထွက် လာ၊ မလာ မြင်ကြရမယ့်ကာလ။ ကာကွယ်ဆေးများကို အမောတကော မျှော်လင့်ရသော ကူရာမဲ့ ကမ္ဘာရွာသားများအကြောင်း၊ ကိုဗစ် ရာသီပြောင်းချိန်၊ လူသားတို့ရဲ့ လေယာဉ်တွေ တောင်ပံပြန်ဖြန့်ချိန် နယ်စပ်တံခါးတွေ ပြန်ဖွင့်နိုင်သော လှုပနွေဦးရာသီ ကာလအကြောင်းများ ရေးရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

လူသားတို့ရဲ့ထက်မြက်မှု၊ အလွယ်တကူ အရှုံးမပေးတဲ့ ကြံ့ရည်ဖန်ရည် ဉာဏ်စွမ်းရည်၊ ကပ်ကာလ ဘဝနေနည်း၊ New Normal၊ စုပေါင်းညီညာမှု၊ အကင်းပါးမှု၊ ပြတ်သားတဲ့ တိုက်ပွဲ ဗျူဟာများကို သာမန်အရပ်သား တစ်ယောက်က နားလည်သလို ရေးထိုးမှုမျိုးနဲ့ မှတ်တမ်းရေးထိုးပါသည်။

ဤစာအုပ်ကို ထုတ်ဝေရန် အားပေးခဲ့ကြသော နှစ် ၄၀ ကျော် ဆီက တိုက်ဖော် ကိုငြိမ်းအေးအိမ်၊ ကိုမိုးမြင့်၊ ကိုမြဝင်း၊ ကဗျာဆရာ မောင်မှိုင်းလွင် (အင်း၀)၊ ကိုအောင်ကြည်၊ ကိုသိန်းမြင့်၊ ကိုမော်လင်း၊ ကိုမြင့်စိုး နဲ့ ဆရာမဒေါ်ရည်ရည်လှ စတဲ့ စတဲ့ မသေကြွင်းကျန် မိတ်ဆွေများ၊ ရေးတင်သမျှ မငြီးမငွေ့ ဖတ်ရင်း စာတစ်အုပ် ဖြစ်လာအောင် အစဉ်တစိုက် အားပေးကြသော ဆိုရှယ် မီဒီယာ မိတ်ဆွေများ၊ စာအုပ်ကို ထုတ်ဝေရန် ပိုင်းဖြတ်ခဲ့သော ကံ့ကော်ဝတ်ရည်စာပေ နှင့် ဆရာကြီးဦးတင်မောင်မြင့်ကို အထူး ကျေးဇူးတင်ရပါသည်။

စာပေမိတ်ဆွေများ အားလုံးကို .... လေးစားမေတ္တာဖြင့်
ခွန်ဆိုင်း (၁၂. ၀၇. ၂၀၂၀ )

mgyoe.com

mgyoe.com SAMPLE BOOK

## ကိုပစ် ဒိုင်ယာရီ- ၁
## ( ၁၉.၀၃.၂၀၂၀ )

ဒီဗိုင်းရပ်စ်က ကပ်ကြီး သုံးပါးကိုပါ တစ်ခါတည်း ခေါ်လာခဲ့မှာလား။ ငါ သိပ်မသေချာဘူး။ တစ်ချိန်လုံး နယ်စပ်ပိတ်တာတွေ။ လေကြောင်းလိုင်းတွေ ရပ်နားကုန်တာတွေ၊ အရောင်းဆိုင်တွေ ပိတ်သိမ်းတာတွေ၊ ငွေကြေး ဈေးကွက် ထိုးကျနေတာတွေ။ ပစ္စည်းတွေ ပြတ်လပ်ကုန်တာတွေ။ အလုပ်မရှိတော့ တာတွေ။

ဒါတွေချည်းပဲ။

ခဏခဏ တီဗွီဖန်သားပေါ်ကို ဝန်ကြီးချုပ်က ပေါ်လာလိုက်။

ဆေးမှူးချုပ်က ထွက်ရှင်းလိုက်။ သတင်းတွေ အားလုံးလည်း၊ ဒီခေါင်းစဉ်ပေါ်မှာပဲ ထပ်ခါတလဲလဲနဲ့။

မနေ့က ဈေးဝယ်နည်းနည်း ထွက်တော့ ငါက လက်အိပ်စွပ် သွားတယ်။

နည်းနည်းကြောင်နေသလိုပဲ ခံစားရတယ်။ ငါ့လိုပဲ ခပ်ကြောင်ကြောင် တစ်ယောက်စ၊ နှစ်ယောက်စ တွေ့တော့မှ စိတ်ထဲမှာ နည်းနည်းပြေသွားသလို

mgyoe.com

m gyoe. com SAMPLE BOOK


ရှိတယ်။ ကုန်တိုက်က လုံခြုံရေးသမားမှာလည်း လက်အိတ်နဲ့ပါလား။ တော်သေးတာပေါ့။ ကြောင်တာ အဖော်ရှိသေးလို့။

လူတွေအချင်းချင်း ခပ်ခွာခွာ ဖြစ်နေကြတာ သိသာတယ်။

သန့်ရှင်းရေး လုပ်တဲ့ ဝန်ထမ်းက ကုန်တိုက်ထဲက ကြမ်းပြင်ကို ပိုးသတ်ဆေးရည်တွေ ထည့်ထားတဲ့ သူ့စက်ကလေးနဲ့ အသားကုန် ပတ်မောင်းနေခဲ့တာ။

ခဏနေတော့ ဒေါက်မြင့်ဖိနပ် စီးလာတဲ့ အမျိုးသမီးကြီးတစ်ယောက် ငါ့ရှေ့မှာ ဗိုင်းခနဲ လဲကျသွားပါရောလား။ အတော်နာရှာမှာပဲ။ ငါလည်း သတိလက်လွတ် သူ့အနား ချက်ချင်း ရောက်သွားတယ်။

သူ့ လက်ကို ကိုင်ပြီး ဆွဲထူပေးမိတယ်။ ဟိုဟိုဒီဒီ လွင့်စဉ်သွားတဲ့ သူ့ပစ္စည်းတွေ ပြန်ကောက် စုစည်းပေးလိုက်မိတယ်။

သူက နာကျင်မှုတွေနဲ့ ရောထွေးရှုံ့မဲ့နေတဲ့ကြားက ငါ့ကို ကျေးဇူးတင်ပါတယ်လို့ ပြောတယ်။

အဲဒီတော့မှ သတိဝင်လာတာ။ ငါ သူနဲ့ အရမ်းကပ်နေပါလား။

လက်ချင်း ထိမိသွားတာပါလား။

သူနဲ့ တစ်ပေအကွာလောက်ကို ရောက်နေတာပါလား။ မှားသွားပြီ ထင်တယ်။ အဲဒီအသိ ဝင်လာတာ အတော်နောက်ကျသွားပြီ။

ထော့နဲ့ထော့နဲ့ ထွက်သွားတဲ့ သူ့နောက်ကျောကို ကြည့်ရင်း ငါ ကျန်ခဲ့တယ်။

နေဦး။ အခု ငါ စဉ်းစားနေတာတွေကကော မှန်ရဲ့လား။

ကုန်တိုက်ထဲမှာ တစ်ယောက်နဲ့ တစ်ယောက် ခါတိုင်းလို မင်္ဂလာနံနက်ခင်းပါလို့ နှုတ်မဆက်နိုင်ကြတော့ဘူး။ ပတ်ဝန်းကျင် တစ်ခုလုံးဟာ တိတ်တိတ်ဆိတ်ဆိတ်နဲ့ အေးတိအေးစက်ကြီး။ ကိုယ့်အတွေးတွေနဲ့ ကိုယ် ရွေ့နေကြ။ ထူးခြားနေတာတွေတော့ အများကြီးပဲ။

ခါတိုင်း စင်တွေပေါ်မှာ အမြဲပြည့်သိပ်နေတဲ့ ကျူးနားငါးဘူးတွေ အခု တစ်ဘူးမှ မကျန်တော့ဘူး။ သားတော်မောင်အတွက် ခုရက်ကတည်းက ကြိုကြိုတင်တင် တိုက်ထားရရင် ကောင်းမလား စဉ်းစားပြီး ရှာတဲ့ ဗီတာမင်စီဗူး တစ်ထောင်ဂရမ်လည်း မရှိ။ ငါးရာဂရမ်လည်း ရှာမရဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ရှူးတွေ တစ်ထုပ်မှ မတွေ့ဘူး။ လက်ပွတ် ဆေးဆပ်ပြာ တစ်ဘူးမှ မကျန်ဘူး။ ရှာ မရဘူး။ ပိုက်ဆံရှင်းတော့ ပိုက်ဆံကတ်ကို အရောင်းကောင်တာစက်ထဲထိုးအထည့်မှာ ပိုးတွေကပ်သွားနိုင်တာပဲလို့ မသက်မသာ အတွေးဖြစ်မိပြန်တယ်။ ဘယ်တတ်နိုင်မလဲ။

တခြားကောင်တာ တစ်ခုဘက်မှာ အခုမှ အရေးပေါ် ကန့်သတ်ထားတဲ့ ကန့်သတ်ပစ္စည်းတချို့ကို ခွင့်ပြုတာထက် ပိုများအောင် ဝယ်လာတဲ့ လူတစ်ယောက်နဲ့ ဆိုင်ကို ကြီးကြပ်ရတဲ့ တာဝန်ခံတစ်ယောက် စကားများနေကြတာ လှမ်းမြင်နေရတယ်။ ဘာပစ္စည်းတွေလဲ၊ အချိန်မရလို့ မစပ်စုခဲ့ဘူး။ ခပ်သုတ်သုတ် ပြန်ထွက်လာတယ်။

ဆိုင်ပြင်ရောက်တာနဲ့ လက်အိတ်ကို * ( အပြင်သား ကိုယ့်လက်နဲ့ ပြန်မထိအောင် ) စနစ်တကျ သေချာချွတ်ပြီး အမှိုက်ပုံးထဲ ပစ်ထည့်။ ကားထဲရောက်တော့ ကိုယ့်လက်ကို လက်ပွတ်ဆေးဆပ်ပြာ( အယ်လ်ကိုဟော ၇၀ ရာခိုင်နှုန်းပါ ဆိုတာနဲ့)တစ်ခါ ထပ်ပြီး ပွတ်ရပြန်ရော။ ဒါမှ စိတ်နည်းနည်း သက်သာ။

အိမ်ဝင်တော့ ခါတိုင်း ဝင်နေကျ အိမ်တံခါးက မဝင်တော့ဘူး။ အိမ်အဝင်ဘေး ရေဘုံပိုင် ( ပန်းခြံကို အလွယ်တကူ ရေလောင်းရင် ရေအလွယ် ရနိုင်အောင် အိမ်ဘေးမှာ ထုတ်ပေးထားတဲ့ ရေငုပ် တစ်ခုပေါ့ ) အဲဒီမှာ လက်ကို ထပ်ဆေးရသေးတယ်။ စက္ကန့် ၂၀ ကြာအောင် ဆပ်ပြာနဲ့ နှံ့အောင် ပွတ်ထား ဆိုတဲ့အတိုင်း ဖြည်းဖြည်း အချိန်ယူ။

အပေါ်ရုံတဲ့ အနွေးထည် အင်္ကျီကိုလည်း အိမ်ထဲ မယူရဲတော့ဘူး။ အပြင်မှာပဲ နေပြ၊ လှန်းခဲ့ရတယ်။

သတင်းတွေ ဆက်နားထောင် နေလိုက်တော့ အီတလီမှာ တစ်ရက်တည်းကို လူ ၅၀၀ လောက် ဖိတ်စဉ်နေတဲ့ သတင်းတွေ တက်နေလို့။

( ၁၉.၀၃.၂၀၂၀ )

mgyoe.com

mgyoe.com SAMPLE BOOK

## ကိုဗစ် ဒိုင်ယာရီ- ၂
## ( ၂၀.၀၃.၂၀၂၀ )

ဘုရင်မကြီးက ကိုဗစ်ကို ရင်ဆိုင်နေတဲ့ သိပ္ပံပညာရှင်တွေ၊ ဆရာဝန် ဆရာမတွေ၊ အစိုးရ ဌာနဆိုင်ရာ အရာထမ်း အမှုထမ်းတွေကို ကျေးဇူးတင်တဲ့ အကြောင်း တကူးတက ထွက်ပြောတာ တွေ့တယ်။ သူလည်း သူ့တာဝန် ကျေတယ်။

အစိုးရက သူ့ စစ်သား နှစ်သောင်းကို အဆင်သင့် ပြင်ထားလိုက်ပြီ။ ရဲတပ်ဖွဲ့တွေနဲ့ ဆေးဝန်ထမ်းတွေကို လိုအပ်တဲ့ နေရာတွေမှာ ကူညီဖို့။

ဝန်ကြီးချုပ် ဘောရစ် ဂျွန်ဆင်ကတော့ ဗြိတိန်ကို နောက် ၁၂ ပတ်ကြာရင် ထိန်းချုပ်လို့ ရနိုင်ကောင်းပါတယ်လို့ မယုတ်မလွန်လေး ဒီနေ့မှာ ပြောနေတာ သတိထားမိတယ်။ အရင်အပတ်က သူ ပြောလိုက်တုန်းက နောက် လေးပတ်ကြာရင် သူတို့ဆီမှာလည်း အီတလီလိုဖြစ်လာနိုင်တယ်လို့ပြောလိုက်မိတယ်။ အဲဒီမှာ လူတွေ အထိတ်တလန့်ဖြစ်ကုန်ကြတာ။ ဒါကြောင့် သူ အခုလို ပြင် ပြောတာများလား။ ဘာမှ မသေချာဘူး။ ၁၂ ပတ် ဆိုတာ တကယ်တော့ သုံးလကြီးများတောင်၊ ရနိုင်ကောင်းပါတယ်လို့သာ သူက ပြောနေပေမယ့်

mgyoe.com

mgyoe.com


ဒီနေ့ အတည်ပြုလူနာ စာရင်းမှာ လူနာ အတော်တက်လာတယ်။ အခု ဆေးရုံပေါ် ရောက်လာတဲ့ လူနာအစစ်က ၃၀၀၀ ကျော်သွားပြီ။ စောင့်ကြည့်နေရတဲ့ လူတွေ စစ်ဆေးဆဲ လူတွေက တစ်ပုံကြီး။ တစ်ပတ်လောက်ဆို တစ်သောင်းလောက်များဖြစ်နေမလား၊ ဘယ်သူမှ မပြောနိုင်ဘူး။ အမေရိကန် သမ္မတလည်း ဒီရောဂါကို လိုကယ်လ် ( Local )ပါကွာ၊ ဂလိုတယ်လ် ( Global ) မဟုတ်ဘူး ဆိုပြီး တရုတ်ကို ခပ်နှိမ်နှိမ် ပြောတာပဲ။ Pandemic မဟုတ်ဘူးလို့ အစမှာ သူ ထင်ခဲ့တာပဲ။ တရုတ်မှာ စနေတဲ့အချိန် ငါ့တိုင်းပြည်နဲ့ မဆိုင်ဘူး၊ ငါ့ကိစ္စ မဟုတ်ဘူး ထင်။ သူ မဲဆွယ်နေတဲ့ မဲဆွယ်ပွဲတွေ မပျက်ခဲ့ဘူးလေ။

ဗြိတိန်က အခု ရောဂါ ဟုတ်၊ မဟုတ် အတည်ပြုနိုင်စွမ်း တစ်ရက်ကို လူ နှစ်သောင်းခွဲအထိ စစ်ဆေးပေးနိုင်စွမ်း ရှိအောင် မြှင့်ထားပြီးပြီ။ ဒီနေ့ အဖိတ်အစဉ်က ၄၀။ ပြဿနာက လန်ဒန်ထဲမှာ လျှင်လျှင်မြန်မြန်ပျံ့နေတာ။ ဟုတ်လောက်တယ်။ မြေအောက်ဘူတာရုံ ၄၀ ကို ပိတ်လိုက်ပြီလို့ ကြေညာရတယ်။ မင်္ဂလာဆောင်ကို လူငါးယောက်ပဲ တက်ခွင့်ပြုမယ်။ ဘာတတ်နိုင်သေးလဲ ဟင်။ လူတွေ။ ဒီမိုကရေစီတွေ။မပြောနိုင်ကြတော့ဘူးမို့လား။ ခုတော့…။

လူဦးရေ ရှစ်သောင်းခွဲကျော်တောင် နေတဲ့ ဒီလို မြို့ကြီးတစ်မြို့ကို ဒီလို ထိန်းချုပ်မှ ရမှာပေါ့။ ဘယ်လောက်အထိ ဆက်ပြီး ကူးစက်ပြီးသွားပြီ ဆိုတာလဲ ဘယ်သူမှ မသိနိုင်ဘူး။ ဒီကောင်က နင်ဂျာဗိုင်းရပ်စ်။ လူတွေ မသိသေးတာတွေ၊ လျှို့ဝှက်ချက်တွေ၊ လှည့်စားထားနိုင်တာတွေ ဒီဂြိုဟ်ကောင်ဆီမှာ အများကြီး ရှိသေးတယ်။ ဒီ ကိုရိုနာကို အစက ဆေးသိပ္ပံဆရာတွေက အကောင်ကြီးတယ်၊ အလေးချိန်စီးတယ်။ ဒါကြောင့် သူဟာ လေထဲမှာ ကြာကြာ ကိုယ်ဖော့ မနေနိုင်ဘူး။ အရင်ရက်တွေက ပြောနေခဲ့တာ။ အခုကျတော့တစ်ခါ အခြေအနေ တစ်ခုကျရင်လေထဲမှာသုံးနာရီတောင်နေနိုင်တယ်ပြောနေပြန်ရော။ ပူရင် အသက်သိပ် မရှည်ဘူး။ သတ္တုလို မျက်နှာပြင်ပေါ် မှာ ၁၀ နာရီကြာအောင် အသက်ရှင်နိုင်တယ် ပြောခဲ့ပြီး အခုတစ်ခါ သုံးရက်အထိ အသက်ရှင်နေနိုင်တယ်လို့ ပြောလာကြပြန်ရော။ ဒီအတိုင်းဆို ဒီကောင်က အတော်အသက်ပြင်းတဲ့ ကောင်ပါလားကွာ။ ရောဂါပျိုးရက်ကလည်း ကြာသေးတယ်။ ရောဂါဖြစ်လာရင်လည်း လူကို လနဲ့ချီပြီး ဒုက္ခပေးသေးတယ်။ တုပ်ကွေး လေးဆလောက်တောင် ကြာမလားပဲ။

mgyoe.com

SAMPLE BOOK


ဒီမှာလည်း အီတလီလိုထိန်းမနိုင်သိမ်းမရတွေ့ဖြစ်လာမှာလား။ အခုအီတလီက တရုတ်ထက် အဖြစ်ဆိုးသွားပြီ။ ဒီနေ့ တက်တဲ့ စာရင်းမှာ သေတဲ့ လူက တရုတ်ထက် များသွားပြီ။ ဆရာဝန်ဆရာမ ၂၀ ရာခိုင်နှုန်းလည်း အကူးခံနေရပြီ တဲ့။ ဘယ်လောက် ကြောက်စရာ ကောင်းလိုက်ပါလိမ့်။

ဝမ်းသာစရာ၊ အားတက်စရာ သတင်းကတော့ ဇာတ်လမ်းစလိုက်တဲ့ တရုတ်ပြည်ကြီးမှာပဲ။ ရောဂါဖြစ်နေတဲ့ လူနာစာရင်း ထပ်မတက်၊ ထပ်မတိုး ဇီးရိုး ဖြစ်သွားတာ။ ပထမဆုံးအကြိမ် ကူးစက်မှု ရပ်သွားတာ။ နိုင်ငံခြားကနေ တရုတ်ပြည် ပြန်လာတဲ့ လူ ၂၀ မှာပဲ ရောဂါ စစ်ဆေးတွေ့ရှိတယ်။ လူဦးရေ ၁၁ သန်းရှိတဲ့ ဝူဟန်မှာ ဆက်မဖြစ်တော့ဘူး။ ထိန်းချုပ်လိုက်နိုင်ပြီ တဲ့။

ကိုရိုနာ နင်ဂျာရေ နင် ဝူဟန်မှာ တပ်ဦးကျိုးသွားပြီ။ ရှုံးနိမ့်နေပြီ၊ ကျဆုံးနေပြီ။ ဝမ်းသာလိုက်တာ။ တရုတ်တွေကို တကယ် ချီးကျူးဖို့ ကောင်းတယ်။ သူတို့ မြို့ကို ပိတ်ချလိုက်တဲ့ နည်းက အနောက်နိုင်ငံသားတွေ လိုက်မလုပ်နိုင်တဲ့ နည်းမျိုး။ အကြမ်းပတမ်းနည်း။ အာဏာရှင်နည်းပေါ့။ မထွက်ဆိုအိမ်တွေက တစ်ယောက်မှ မထွက်နဲ့။ အာဏာပိုင်တွေက နှစ်လလုံးလုံး အပြတ်ပိတ်ထားတဲ့အပြင် ရပ်ကွက်တွေထဲ တစ်အိမ်ချင်း တစ်ခန်းချင်း အိမ်ပေါက်စေ့လိုက်စစ်သေးတာတဲ့။ ကိုယ်ပူနေတဲ့ လူတွေ့ရင် မိသားစုတွေဆီက အတင်းခွဲထုတ်ပစ်တာ။ မိသားစုနဲ့ အတူမထားဘူးတဲ့။ သတင်းတစ်ခုမှာဆို ရောဂါဖြစ်နေတဲ့ တစ်အိမ်သားလုံးကို အတင်းခေါ်ထုတ်သွားလို့ မစွမ်းမသန်လေး တစ်ယောက်ပဲ ကျန်ခဲ့တာ ဝေ်သေသွားတယ် ဆိုပဲ။ သတင်းတွေ မှန်မမှန်တော့ မသိဘူး။ ချဲ့ကားတာလည်း ဖြစ်နိုင်တယ်။ အီတလီမှာ ဆေးကုရတာ လူနာတွေ မနိုင်မနင်းဖြစ်နေလို့ အသက် ၈၀ ကျော်တွေ ဆိုရင် မကုတော့ဘဲ ပစ်ထားလိုက်တယ် ဆိုတဲ့ သတင်းတွေ တက်လာတာမျိုး။ ဒီသတင်းမျိုးကလည်း တစ်ခုတလေ ဖြစ်တာကို သတင်းသမားတွေက ချဲ့ကားတာ ဖြစ်နိုင်တာပဲ။ အီတလီမြို့သားတွေက အိမ်တွေ၊ တိုက်တွေထဲက မထွက်ရပေမယ့် ပြတင်းပေါက်တွေက အကုန်ထွက်ပြီး အမျိုးသားသီချင်းတွေ ဆိုကြ၊ အချင်းချင်းတွေ အားပေးကြ။ ဆရာဝန်၊ ဆရာမတွေကို ဂုဏ်ပြုနေကြတာ၊ စိတ်ဓာတ်မြှင့်တင်နေကြတာ တွေ့နေရတာပဲ။ ဒီလူမျိုးလည်း ခပ်ညံ့ညံ့ လူမျိုးတော့ မဟုတ်ပါဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK


ဝူဟန်လို မြို့ကို အသေပိတ်ဆို့ပြီး ဗိုင်းရပ်စ်ကို အစာဖြတ်၊ ရေဖြတ် အသေ သတ်တဲ့ နည်းမျိုး အီတလီမှာ သုံးလို့ သိပ်မလွယ်ဘူး။ မရနိုင်ဘူး။ စပိန်၊ ဂျာမနီ၊ ပြင်သစ်၊ ကာလီဖိုးနီးယား။ အတူတူတွေပဲ။ မလွယ်ဘူး။ နိုင်ငံရေး ပြဿနာ အကြီးကြီး ရှိတယ်။ ကြည့်လေ၊ အင်္ဂလန်မှာ အသက် ၇၀ ကျော် အဘိုးကြီးတွေ၊ အဘွားကြီးတွေကို ဘယ်မှ မသွားကြပါနဲ့။ အပြင်မထွက်ကြ ပါနဲ့။ အိမ်မှာ လေးလ အောင်းပေးကြပါ ဆိုတာကို ခြေဆန့်လက်ဆန့်လေးပါ ဆိုပြီး ထွက်နေတဲ့ အဘိုး၊ အဘွားတွေ တစ်ပုံကြီး။ ဘောရစ်ဂျွန်ဆင်ရဲ့အဖေ ကိုယ်တိုင် ပါတယ်။ ငါက Pub ( ဘီယာဆိုင် )မသွားရလို့တော့ မနေနိုင်ပေါင် ဆိုတဲ့ အစားထဲက။

သတင်း ဗီဒီယိုဖိုင်တွေထဲမှာ အမေရိကန် နိုင်ငံသားတွေ ခုမှ ကြောက်နေကြတာ တွေ့တယ်။ တရုတ်၊ တရုတ်မတွေကို အပြစ်ပုံချနေ တယ်။ အာရှကို အပြစ်တင်နေတယ်။ အမေရိကန်မှာ မွေး၊ အမေရိကန်မှာကြီး တဲ့ တရုတ်တွေတောင် ရန်ရှာ ခြိမ်းခြောက်တာတွေ ခံနေရတဲ့ အထိ။ ဒီရောဂါ တရုတ်တွေဆီက လာတာ။ ရွံဖို့ကောင်းတဲ့ လူတွေ။ အစားသရမ်းတဲ့ လူတွေ။ အမေရိကန်သမ္မတ ထရမ့်ကိုယ်တိုင် တရုတ်ဗိုင်းရပ်စ်လို့... တွစ်တာကနေ တွစ်နေတာ။ မဆီမဆိုင် ငါတို့ဆီက ရောက်သွားတဲ့ ချင်းလူမျိုး သားအဖ သုံးယောက်ကို၊ အာရှကကောင်တွေ ဆိုပြီး ဓားထိုးခံရတဲ့ အထိ။

ဇာတ်လမ်းအစတုန်းက တရုတ်ကို ဟ ဟ ပေးတဲ့( ရီစရာလုပ်တဲ့ ) အမေရိကန်တွေ။ အခု သူတို့ အကြောက်တရားနဲ့ ပြဿနာအားလုံး အာရှ ဘက်ဆီ ထိုးချနေတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး W.H.O က ( COVIT၊19 ) ကိုဗစ် နိုင်တင်း လို့ မှုမှုတတ နာမည်ပေးထားတာကို ထရမ့် က The Chinese Virus တရုတ်ဗိုင်းရပ်စ်။ သူ့လက်ထောက် ပွန်ပီယိုက ဝူဟန် ဗိုင်းရပ်စ် Wuhan Virus တဲ့။ တရုတ်ကလည်း ဒီဗိုင်းရပ်စ်က ဝူဟန်ကို အောက်တိုဘာတုန်းက လာကစားတဲ့ အမေရိကန် အားကစားအဖွဲ့ သယ်လာခဲ့တာလို့ပြန်စွပ်စွဲတယ်၊ အရေးထဲ တရုတ်၊ အမေရိကန် ဒီလို အပြန်အလှန် နိုင်ငံရေး အိုးမဲသုတ်နေတဲ့ ကိစ္စတွေကလည်း တစ်မှောင့်။

ဝူဟန်မှာ အောင်ပွဲခံတဲ့ သတင်းကြောင့်တော့ ငါ ပျော်မိတယ်။ ဒီ ကိုရိုနာ ကမ္ဘာ့စစ်ပွဲကြီးမှာ ဝူဟန်ဟာ ရှေ့တန်းစစ်မျက်နှာပဲ။ အဲဒီမှာ

mgyoe.com

ကိုရိုနာဗိုင်းရပ်စ်ရဲ့ ထိုးစစ် တပ်ဦး ကျိုးသွားပြီ။ ဒါ လူသားတွေ အောင်မြင်မှု။ ကွန်မြူနစ်တွေ အောင်ပွဲ၊ အရင်းရှင်တွေ အောင်ပွဲ မဟုတ်ဘူး။ လူသားတွေ အောင်ပွဲ။

လူနာအသစ်စာရင်း မတက်တဲ့ တရုတ်ပြည်က ဆရာဝန်၊ ဆရာမတွေ သူတို့မျက်နှာဖုံးစည်းတွေကို ချွတ်လိုက်ကြတယ်။ သူတို့ မျက်နှာတွေမှာ မျက်နှာဖုံးစည်းတွေ နှစ်လလောက်အထိအောင် အချိန်ပြည့် ကြာကြာ ကျပ်ကျပ် စည်းထားခဲ့ရလို့ အစင်းကြောင်းတွေထ။ အရာတွေထင်ကျန်။ မျက်နှာမှာ သွေးခြေတွေ ဥနေတဲ့ ဆရာမလေးတွေရဲ့ ဓာတ်ပုံတွေ တက်လာတာ တွေ့တယ်။ သူတို့ ဒီကာလကြီးမှာ ဘယ်လောက်များ လူရော စိတ်ရော ပင်ပန်းဆင်းရဲခဲ့ရှာကြမလဲ။ ပင်ပန်းလွန်းလို့ ဆေးရုံ ကုလားထိုင်တွေပေါ်မှာ၊ ကြမ်းပြင်တွေပေါ်မှာ၊ အခန်းထောင့်တွေမှာ လဲပြို ခွေခေါက် အိပ်မောကျနေကြတဲ့ ပုံတွေ။



ရက်ပေါင်း ၇၀ ကြာ ကိုဗစ်လူနာများကို နေ့ညမပြတ် ပြုစုကုသစောင့်ရှောက်ခဲ့ကြရသော ဝူဟန် ဆေးရုံမှ နပ်စ်မလေးများ၏ ဂျူတီထွက်လာချိန် မြင်ကွင်းများ

အခု သူတို့ တာဝန်တွေက ခဏ အနားယူနိုင်ကြပြီ။ သူတို့ မိသားစုတွေဆီ ခဏ ပြန်နိုင်ကြပြီ၊ ဝူဟန် မြို့သားတွေက သူတို့ကို နှုတ်ဆက်နေကြတာ။ အလေးပြုနေကြတာတွေ တွေ့ရတယ်။ ဝမ်းသာတယ်။ သာဓု အကြိမ်ကြိမ်ခေါ်ပါတယ်၊ အလေးပြုပါတယ်၊ အဂေးက မေတ္တာပို့ပါတယ်။ ဒီတိုက်ပွဲမှာ

mgyoe.com

mgyoe.com SAMPLE BOOK



အမျိုးအမည်မသိ အဆုတ်ရောင်ကူးစက်ဗိုင်းရပ်စ် တစ်မျိုး တရုတ်ပြည်မှ စတင်ဖြစ်ပွားနေသည်ကို ကမ္ဘာအား အစောဆုံး သတိပေး သံချောင်းခေါက်ခဲ့သူ မျက်စိအထူးကုဆရာဝန် လီဝမ်လျမ်း။ ဒီဇင်ဘာ ၃၀ ရက်တွင် သတင်းများကို ဖော်ထုတ်ခဲ့ပြီး ဖေဖော်ဝါရီ ၇ရက်နေ့တွင် ဝူဟန်ဆေးရုံကြီးမှာပင် ဝူဟန်ဗိုင်းရပ်စ် ကူးစက်ခံရ၍ ကွယ်လွန်ခဲ့ရှာသည်။

တရုတ်ပြည် နေရာအနှံ့က ဒေသပေါင်းစုံကဆရာဝန်၊ ဆရာမတွေ ဝူဟန်မြို့ကို သွားကူကြတယ်။ သူတို့ထဲက ဆေးဝန်ထမ်း ၂၀၀ ကျော် အထိ ကိုဗစ်ရောဂါ ကို အကူးစက်ခံပြီး တိုက်ပွဲ ဝင်ခဲ့ကြသတဲ့။ သူတို့ ဘယ်လောက် အသက်ပေးခဲ့ ကြရပါလိမ့်။

တစ်ချိန်တည်းမှာ ဖေဖော်ဝါရီလတုန်းက ဝူဟန်မှာ ကျဆုံးသွားတဲ့ မျက်စိ ဆရာဝန်လေး ဒေါက်တာလီကို ငါ သတိရနေမိတယ်။ ဆေးဝန်ထမ်း တွေထဲမှာ အသက် ၃၀ ကျော်နဲ့ အရင်ဆုံး ကျခဲ့တဲ့ ဒေါက်တာလီ။ ဝူဟန်ကို ဗိုင်းရပ်စ် ရောက်နေပြီ၊ မြို့ကို စတင် တိုက်ခိုက်နေပြီလို့ ကမ္ဘာကို သံချောင်းခေါက် ခဲ့တဲ့ ဒေါက်တာလီ။ ရောဂါအကြောင်း နားမလည်တဲ့ ဒေသခံအာဏာပိုင်တွေ၊ ရဲတွေရဲ့ အထင်မှား ခြိမ်းခြောက်တာကို ခံခဲ့ရတဲ့ ဒေါက်တာလီ။ အခု သူ့ကို ဝူဟန် ဗဟိုပြည်သူ့ဆေးရုံကြီး မှာ မော်ကွန်းထိုးရတော့မယ်။ မြို့သူမြို့သားတွေ ထာဝရ အလေးပြုရတော့မယ်။

အီတလီမှာ တိုက်ပွဲဝင်တဲ့ ကုသရေး အဖွဲ့ခေါင်းဆောင် ရောဘတ်တို စတဲလားလည်း ဒေါက်တာလီလိုပဲ တပ်ဦးမှာ ကျသွားခဲ့ပြီ။ သူ ကျဆုံးတော့ အသက်က ၆၇ နှစ်။ ဒီရောဂါ ဖြစ်လာရင် အသက်ကြီးတဲ့ လူတွေ သေဖို့များတယ်

mgyoe.com

mgyoe.com SAMPLE BOOK



ဆိုတာ သူ သိပေမယ့် ထွက်ပြေးတဲ့ အစားထဲမှာ သူ မပါဘူး။ တကယ့် ပရော်ဖက်ရှင် နယ်လ် သမားတော်။ ဖြိတိန်က ဆရာဝန်မတစ်ယောက် အင်တာဗျူးလည်းခုရက်ထဲ နားထောင်မိသေးတယ်။သူကရောဂါဖြစ်ပြီးနာလန်ပြန်ထလာတဲ့ အချိန် သူ့ကို အင်တာဗျူးတာ။ သူ အလုပ်ပြန်ဝင်တော့မယ် တဲ့။ သူ့မှာ ကိုယ်ခံအား ရသွားပြီ ဆိုတော့ လူနာတွေကို ပိုကုရဲသွားပြီတဲ့။ ကိုရိုနာကို သူ ကြောက်စရာ မလိုတော့ဘူး တဲ့။ လက်နက်မကိုင်၊ ဘာမကိုင် ဘယ်လောက် မွန်မြတ် ဘယ်လောက် သတ္တိကောင်းလိုက်ကြပါသလဲ။ ဘယ်လောက် နှလုံးရည် ပြည့်ကြပါသလဲ။

ကိုရိုနာဗိုင်းရပ်စ်က တရားလည်း အပေးကောင်း။ မာန တထောင်ထောင်၊ လတ်လျားလတ်လျား လန်ဒန်မြို့ကြီးသားတွေကို ခုမှ တရားပြခါစ ရှိဦးမယ်။

လန်ဒန်က အခုတော့ သွေးပျက်စပြုနေပြီ။ ခုတစ်ပတ်ကုန်ရင် ပိတ်ချလိုက်တော့မယ်လို့ ဒီနေ့ သတင်းတွေ ဖြစ်နေတယ်။ အကူးမြန်နေပြီတဲ့။

ငါ့ချက်ဘောက်ထဲမှာတော့ ရွှေမြန်မာတွေ ပျော်လို့ရပြီ။ ကြက်သွန်နီစားရင် ကယ်လို့ရပြီ ဆိုတဲ့ လက်ဆင့်ကမ်း မက်ဆေ့ချ်တွေ ( message ) ခုထိ ဝင်နေတုန်း။ စိတ်ညစ်တယ်။ ကာကွယ်ဆေး Vaccine ကို တစ်နှစ်လောက် စောင့်ရပါမယ်လို့ နားလည်တဲ့ ဆရာဝန်တွေက အာပေါက်အောင် ရှင်းပြနေပေမယ့်လည်း ကာကွယ်ဆေး ဟိုမှာ ရပြီ၊ ဒီမှာ တွေ့ပြီ ဆိုတဲ့ မက်ဆေ့ချ်တွေ ငါ့ဆီ ရောက်နေတုန်း။ သီလရှင်တွေ စုပေါင်းပြီး အန္တရာယ်ကင်း ပရိတ်ရွတ်နေတဲ့ ဖိုင်ကိုလည်း စိတ်လေးလေးနဲ့ ကြည့်နေမိတုန်း။

ခုထိတော့ ကူးစက်ရောဂါ တိုက်ဖျက်ရေး ရှေ့တန်းတိုက်စစ်မှူး မြန်မာဆရာဝန်တွေ ကော့စ်နံပါတ်ဇီးရိုး၊ လူနာ ဇီရိုး ( Patient Zero ) ကို အပြင်းအထန် ပိုက်စိပ်တိုက် ရှာနေကြတုန်းပဲ။ သူ လွတ်သွားရင်တော့ မြန်မာပြည် တစ်နံတစ်လျား ဒုက္ခ စပြီပဲ။ တိုက်ပွဲတွေနေရာအနှံ့ဖြစ်လာမှာ။ အတုံးအရုံးလည်း ပုံနေမှာပဲ။ အင်္ဂလန်က မြန်မာပြည်မှာ ရောဂါ မတွေ့သေးတာကို မယုံတဲ့ ပုံမျိုး။ သူတို့ဆီက သတင်းစာ ဂါဒီးယန်း မှာ ပုဂ္ဂိုလ်ရေး ပါးပါးပုတ်ပြီး ခပ်ထေ့ထေ့ ရေးထားတယ်။

( ၂၀.၀၃.၂၀၂၀ )

mgyoe.com

mgyoe.com SAMPLE BOOK

## ကိုဗစ် ဒိုင်ယာရီ- ၃
## ( ၂၁.၀၃.၂၀၂၀ )(နံနက်ပိုင်း)

မြန်မာနဲ့ တရုတ် နယ်နိမိတ်ချင်းက မိုင် ၁၄၀၀ လောက် ထိစပ်နေတာ။ နေ့စဉ်လည်း ဥဒဟို ဝင်ထွက် ရောင်းဝယ်နေကြတာ၊ ခုထိ ကိုရိုနာ မရှိသေးဘူးလို့ ပြောနေတာက ယုတ္တိမတန်ပါဘူးနော်။ ဥရောပအဖြူတွေက အဲဒီလို တွက်ပြကြတယ်။ ပြည်တွင်းမှာလည်း အစိုးရနဲ့ ဌာနဆိုင်ရာကို မယုံသင်္ကာသူ တချို့က ဒါတွေက စာရင်းလိမ်ထားတာ။ ရောဂါက တကယ် ဖြစ်နေပြီ။ အချက်အလက် အမှန်တွေကို ဖုက်ထားလို့။ ဗိုင်းရပ်စ်ပိုးကို ပါအောင် နမူနာ မယူတတ်ကြလို့။ စနစ်တကျ ရှာနိုင်တဲ့ ခေတ်မီ စက်တွေ မရှိလို့၊ အဲဒီလို အဲဒီလို ထင်ရာသန်ရာတွေ ပြောကြ၊ ရေးကြတာပေ့ါ။

ကိုဗစ်က တကယ် ကိုက်ရင် အပေါက် အကြီးကြီး ကိုက်မှာ။ ချောက်ချောက်ချားချား ဖြစ်အောင် ကိုက်မှာ။ လူနာတွေ ဖုက်မရအောင်ကို ကိုက်မှာလို့ ကျွန်တော်ကတော့ ထင်တယ်။

ကမ္ဘာမှာ ဆားစ် ဆိုတာ ဖြစ်ဖူးတယ်။ မားစ် ဆိုတာ ဖြစ်ဖူးတယ်။ အီဘိုလာ ဆိုတာလည်း ဖြစ်ဖူးတယ်။ $H_1N_1$ ကြက် တုပ်ကွေး ဖြစ်ဖူးတယ်။

mgyoe.com

mgyoe.com

ဆားစ် SARS (severe acute respiratory syndrome) နဲ့ မားစ် MERS ( Middle East respiratory syndrome ) တို့က ကိုဗစ်လိုပဲ။ ကိုရိုနာ မျိုးစိတ် Corona viruses ဗိုင်းရပ်စ်တွေ။

ဒါပေမဲ့ ၂၀၀၂–၂၀၀၃ မှာ ဖြစ်ခဲ့တဲ့ ဆားစ်က သေနှုန်း ၁၀ ရာခိုင်နှုန်း။ ကိုဗစ်ထက် သေနှုန်း မြင့်ပေမယ့် တစ်ကမ္ဘာလုံးမှာ အတည်ပြုလူနာက ၈၀၉၈ ယောက်၊ သေတာက ၇၇၄ ယောက်တည်း ဆိုတော့ လူတွေအလွယ်လေး မေ့လို့ရကြတယ်။

မားစ် က ၂၀၁၂ ဆော်ဒီအာရေးဗျက စဖြစ်တယ်။ ၂၇ နိုင်ငံကို ပျံ့သွားတယ်။ အတည်ပြုလူနာ ၂၄၉၄ ယောက်။ သေတာ ၉၁နှစ်ယောက်။ သူလည်း သေနှုန်းအတော်မြင့်ပေမယ့် ကူးစက်တာ နည်းတယ်။


အီဘိုလာလည်း အရမ်းပြင်းထန်တဲ့ ကူးစက်ရောဂါတစ်မျိုးပဲ။ ၂၀၁၄ ကနေ ၂၀၁၆ အထိ ဖြစ်ခဲ့တာမှာ လူသေနှုန်းက တစ်ရာဖြစ်ရင် ၅၀ အထိ သေနိုင်တယ်။ ၁၀ နိုင်ငံ ကူးစက်သွား တယ်။ အတည်ပြုလူနာ ၂၈၆၅နှစ်ယောက်။ သေဆုံး ၁၁၃၂၅။ ကံကောင်းတာက အသက်ရှူလမ်းကြောင်းက မကူးတာ။ လေထဲက မကူးတာ။ လူ့ မစင်၊ သွေး၊ သလိပ်တွေကနေ ဒီရောဂါက ကူးတာမျိုး ဆိုတော့ ကူးစက်မှုကို ထိန်းချုပ်ရတာ လွယ်တယ်။ လူတွေ လိမ္မာပါးနပ်လာကြပြီး သေချာ နေထိုင်တတ်ချိန် ရောဂါကို စနစ်တကျ ကိုင်တွယ်ကြတဲ့ အခါ ဗိုင်းရပ်စ်က တိုက်ခိုက်နိုင်စွမ်း မရှိတော့ဘဲ အီဘိုလာ မျိုးတုန်းသွား တာလား၊ ငုပ်သွားတာလား၊ ဗီဇ ပြောင်းသွားတာလား ( Mutation) မသိ။ အခု ငုပ်လျှိုးပျောက်ကွယ်နေဆဲ။

၂၀၀၉ လောက်မှာ ဖြစ်တဲ့ ကြက်တုပ်ကွေး၊ ငှက်တုပ်ကွေး (Swine flu, Bird flu or Avian flu) တွေကိုလည်း လူတွေ သိပ်အမှတ်မရချင်ဘူး။ သူတို့က လူသားတွေကို သိပ်မနှိပ်စက်ခဲ့ကြဘူး။ လူ တစ်သောင်းကျော် လောက်ပဲ ပျက်စီးခဲ့တာမို့။

အခု ကိုဗစ်ကတော့ နှစ်လသုံးလလောက်အတွင်း နိုင်ငံ ၁၅၀ ကျော်ကို ကျူးကျော် သိမ်းပိုက်ထားပြီ။ အပြတ် တိုက်ခိုက်နေပြီ။ လူ နှစ်သိန်းကျော်ကို ကူးစက်ထားပြီ။ လူ တစ်သောင်းကျော် အသက်ကို ခြွေလိုက်ပြီးပြီ။ ဒါကြောင့် နားလည်တဲ့ ပညာရှင်တွေက သူ့ကို အရမ်းစိုးရိမ်နေကြတာပေ့ါ။ ပိုးက အသစ်။

mgyoe.com
SAMPLE BOOK


သူ့အကြောင်း မသိသေးတာ အပြစ်။ သူ့ကို ထိန်းချုပ်ရမယ့် နည်းလမ်း ခက်နေသေးတာ အထစ်။ ကာကွယ်ဆေး မရသေးတာ အစစ်။



အလောင်းများကို ဘုရားကျောင်းများတွင်လည်း ယာယီသိမ်းဆည်းခဲ့ရသည်။
နေရာ Sherman's Chapel ဘုရားကျောင်း၊ နယူးယောက်

ခုထိ မြန်မာပြည်ကို ဗိုင်းရပ်စ် မကိုက်သေးဘူး ဆိုတာ မယုံကြတာကြောင့်လား။ တကယ်ဖြစ်လာရင် ရေရှည်မယ့် ပြဿနာကြီး ဆိုတာ တွက်မိတာကြောင့်လား။ သူ့နိုင်ငံသား အင်္ဂလိပ်တွေကို မြန်မာပြည်က ပြန်လာကြဖို့ သူ့အစိုးရက ခေါ်တယ်။ သူ့တစ်နိုင်ငံတည်းတော့ မဟုတ်ဘူး။ ဂျာမနီလည်း အတူတူပဲ။ အစိုးရက ယူရို သန်း ၈၀၀ ထုတ်ပေးပြီး နိုင်ငံတကာ ရောက်နေတဲ့ ဂျာမနီ နိုင်ငံသားတွေ အားလုံး ပြန်လာခဲ့ကြတော့လို့ ခေါ်တာပဲ၊ အကြီးအကျယ် ကူးစက်ပျံ့ပွားချိန်ကျမှ၊ လေဆိပ်တွေ၊ လေကြောင်းလိုင်းတွေ၊ နယ်စပ်တွေ၊ အသွားအလာတွေ အကုန်ပိတ်ကုန်မှ ခေါ်ရင် ပိုခက်မှာ တွက်မိကြပုံ ရပါတယ်။

အင်္ဂလန်မှာ ဒီမနက်တော့ အစိုးရက ၂၀၁၇ လောက်က စပြီး အလုပ်ထွက်ထားကြ၊ ပူပူနွေးနွေး ပင်စင်ယူထားကြတဲ့ ဆရာဝန်တစ်သောင်းခွဲ။ သူနာပြု ငါးသောင်း၊ ( စုစုပေါင်း အင်အား ခြောက်သောင်းခွဲ) ကို ကျန်းမာရေးဌာန NHS ဆီ ပြန်လာကူညီကြဖို့ မေတ္တာရပ်ခံနေပါပြီ။ PPE ( Personal

mgyoe.com

mgyoe.com SAMPLE BOOK


Protection Equipment )– ခန္ဓာကိုယ်ကို ကာကွယ်တဲ့ ချပ်ဝတ်တန်ဆာ) တွေ ကောင်းကောင်း ပေးပို့မယ်လို့ အာမခံတာက ပါသေးတယ်။ အရင်ရက်က သူတို့ NHS ကျန်းမာရေးဌာနက ဆရာဝန်၊ ဆရာမတွေကို ထုတ်ပေးထားတဲ့ PPE တွေဟာ တရုတ်က PPE တွေ လောက်တောင် အရည်အသွေး မရှိဘူးလို့ တချို့က ဆိုရှယ်မီဒီယာကနေ သရော်တာကို အစိုးရ သတိထားမိသွားတာလား။ အတိုက်အခံတွေက လွှတ်တော်မှာ တော်တော်စွာလို့လား မပြောတတ်ဘူး။ ဒီတစ်ကြိမ် PPE ကို အလုံအလောက်နဲ့ အမျိုးအစားကောင်းကောင်း ထုတ်ပေးပို့မယ် လို့ အစိုးရက အာမခံတယ်။

ဒီကိစ္စကလည်း အင်မတန် အရေးကြီးပါတယ်။ ပင်စင်ယူထားကြပြီးမှ အသက်နဲ့နီးတဲ့ အလုပ်ကို စေတနာထား လာ လုပ်ကြရမှာ။ ဗိုင်းရပ်စ်ပိုးကူးစက်ခံရရင် ပင်စင်လေးတောင် မစားလိုက်ရဘူးလို့ တွေးပူစရာ။

ဆေးလောကသားတွေ ဆိုတော့လည်း ဒီ နင်ဂျာကိုရိုနာ ရဲ့ တိုက်ခိုက်နိုင်စွမ်းကို တီးခေါက်မိကြပြီးသား။ အသက်က ၆၅ အကျော်။ နှလုံး၊ သွေးတိုး၊ ဆီးချိုသမားမျိုးဆို သူက အသာလေး ဒုက္ခပေးမှာ။ ကျန်းမာရေးဌာနကလည်း ဒါကိုသိလို့ အသက်သိပ်မကြီးသေးတဲ့ ၂၀၁၇ နောက်ပိုင်း အနားယူတဲ့ အသက် ၇၀ မကျော်သေးသူတွေကို ခေါ်ရတာ။ ခိုင်းတဲ့ နေရာမှာလည်း အန္တရာယ်နည်းဝဲ့နေရာမှာ ခိုင်းမယ်လို့ ပြောပါတယ်။ ဥပမာ–လူနာနဲ့ ဆရာဝန် ဖုန်းလိုင်းပေါ်မှာ ရောဂါအကြောင်း တိုင်ပင်ဆွေးနွေးရတာမျိုး။ လူနာနဲ့ တိုက်ရိုက်ထိတွေ့ဖို့ မလိုတဲ့ နေရာမျိုးတွေမှာ အဓိကထား သုံးမယ်လို့ ရည်ရွယ်တဲ့အကြောင်း။ သူတို့နဲ့ မလုံလောက်သေးဘူး ဆိုရင် ဆေးကျောင်း နောက်ဆုံးနှစ်တွေ၊ သူနာပြု သင်တန်းဆင်းတွေဆီကလည်း အကူအညီရနိုင်ဖို့လည်း စီမံထားကြပြီ။

အမေရိကားလည်း အခုမှတော့ အသည်းအသန် ခဲမှန်နေခဲ့ပါပြီ။ လူသန်း ၄၀ နေထိုင်ရာ ကာလီဖိုးနီးယားကို ဒီနေ့ ပိတ်ထားလိုက်ရပြီ။

ချိန်ရင်း ဆရင်း လုပ်နေတဲ့ အင်္ဂလန်က ဒီနေ့မှ ကျောင်းတွေ အကုန်ပိတ်တယ်။ အရက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ နိုက်ကလပ် နဲ့ စားသောက်ဆိုင်တွေလည်း အကုန် ပိတ်ခိုင်းပြီ ဆိုတော့ အလုပ်မရှိ၊ ဝင်ငွေမရှိနဲ့ လူတွေ အများကြီး ငတ်ကြရတော့မယ်။ မငတ်စေချင်ရင် အစိုးရက ကျွေးထားရဖို့ပဲ။

mgyoe.com

mgyoe.com
SAMPLE BOOK


ဘဏ္ဍာရေး ဝန်ကြီးက ပေါင်စတာလင် ဘီလီယံ ၃၃၀ သုံးမယ်လို့ လျာထားတဲ့ အကြောင်းကြေညာထားပါတယ်။

ဒုက္ခဖြစ်မှာက ဆင်းရဲတဲ့ တိုင်းပြည်က လူတွေ။ မိသားစု ၂၀ မှာ အိမ်သာ တစ်လုံးကို ဘုံထားသုံးတဲ့ ကင်ညာမှာ ဘယ်လိုလုပ်ကြမလဲလို့ ဆွေးနွေးနေတဲ့ အသံကြားတယ်။ အဲဒီလို ညပ်ညပ်သပ်သပ် နေရတဲ့ လူနေမှု စနစ်ကြားကို အခု ချက်ချင်း သွားပြီး ကိုရိုနာ ဗိုင်းရပ်စ် မကူးစက်အောင် ထိရောက်တဲ့ ကာကွယ်နိုင်မှု ဆိုသည်မှာ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာ နေပေးကြခြင်းပါ၊ ( Social distancing)။

ရောဂါရလာတယ်လို့ ထင်ရင် မိသားစု ပတ်ဝန်းကျင်ကာလ လူများကို ရောဂါမကူးအောင် ကိုယ့်ဘာသာ သီးသန့် ခွဲနေကြခြင်းပါ ( self isolation ) လို့ ရုပ်မြင်သံကြား အစီအစဉ်တွေက ဖုတ်ပူမီးတိုက် ဘယ်လိုတွေများ ပညာ ပေးကြမှာပါလိမ့်။

( ၂၁.၀၃.၂၀၂၀ )

mgyoe.com

mgyoe.com SAMPLE BOOK

# ကိုဗစ် ဒိုင်ယာရီ- ၄
# ( ၂၁.၀၃.၂၀၂၀ )(ညနေပိုင်း)

ကမ္ဘာတစ်ခုလုံးကို ပျံ့သွားတဲ့ ကိုဗစ် ရိုက်ချက်တွေ တစ်ရက်ထက် တစ်ရက် ပိုပြင်းထန်လာသလိုပဲ။ ရောဂါဆိုးကြီး ထိုးနှက်ရာ အချက်အချာ ဥရောပတိုက်ရဲ့ ဗဟိုချက် ( Epicenter ) အီတလီမှာ သုသန်ဝင်းကြီးထဲကို မောင်းဝင်သွားနေတဲ့ မီးခိုးရောင်တာလပတ်တွေနဲ့ အလုံပိတ်ထားတဲ့ စစ်ကားတန်းရှည် ညို့ညို့မှိုင်းမှိုင်းတွေ။ သူတို့ရဲ့ တိတ်ဆိတ် ခြောက်ကပ်နေတဲ့ အသုဘပို့ အခမ်းအနား။ လူ့ရွာက ထာဝရ ထွက်ခွာသွားတော့မယ့် သူတို့ဆီကို ဘယ်သူမှ သွားလို့ မရဘူး။ သူတို့နောက်ဆုံးခရီးကို လိုက်ပို့လို့ မရ၊ နောက်ဆုံးအကြိမ် နှုတ်ဆက်ခွင့်လည်း မရဘူး၊ ရုပ်သံအဝေးကသာ လှမ်းကြည့်ခွင့်ရတဲ့ ကမ္ဘာလူသားတွေအဖို့ ကြေကွဲစရာလည်း ကောင်း၊ ချောက်ချားစရာလည်းကောင်း။ ဒီလို ဆွေမျိုး မိတ်ဆွေတွေ လိုက်ပို့ခွင့် မရှိတဲ့ ဒီလို အစုလိုက် အပြုံလိုက် ထွက်ခွာသွားကြရမယ့် လူသားတွေရဲ့ နောက်ဆုံးဘဝခရီးတွေဟာ ဒီလိုခြောက်ကပ် တိတ်ဆိတ် အေးစက်စွာပဲ နိဂုံးတံ ကြရမှာလား မေးခွန်းတွေ ထုတ်ရင်း

mgyoe.com

mgyoe.com
SAMPLE BOOK


ကျန်ရစ်ကြ၏။ လူသားတွေ ကိုဗစ်ကို ဆက်လက်ရင်ဆိုင်နေကြရမယ့် ကပ်ကာလ ကြီးကလည်း ခုထိ မသိကိန်းတစ်ခု ဖြစ်နေဆဲ။

မနေ့ညက ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင် ပေါ်လာပြီး ဗြိတိန် တစ်နိုင်ငံလုံးက ရှိရှိသမျှ အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ အားကစားရုံ၊ ကဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ပြတိုက် ဒီလို လူသားတွေ စုဝေးနိုင်ရာ နေရာမှန်သမျှ အားလုံး ဒီည နောက်ဆုံးထား ပိတ်ကြပါလို့ အမိန့်ထုတ်ပြန်ခဲ့တဲ့အခါ သတင်းဝေဖန်သူ မှတ်ချက်က နေ့ချင်းညချင်း ဗြိတိန်နိုင်ငံသား ၆၆ သန်းရဲ့ ဘဝတွေ ဖောက်ထိုးမိုးမျှော် ဖြစ်သွားကြပြီ တဲ့။ တကယ်လည်း ဗြိတိန်နိုင်ငံသားတွေ အဖြစ်က လိုတရဘဝတွေကနေ တစ်မုဟုတ်ချင်း၊ လိုတမရနိုင်တော့ဘူး။ တစ်ခဏအတွင်း လွတ်လပ်ရေးတစ်စိတ်တစ်ပိုင်း ဆုံးရှုံးသွားပြီ၊ ကိုယ့်အိမ်ထဲမှာ ကိုယ် နေရင်းထိုင်ရင်း အလိုလို အချုပ်ကျသွားကြပြီ။ အခက်အခဲမရှိ အကြောင့်အကြမရှိ ချောင်ချောင်ချိချိ တစ်သက်လုံး နေထိုင်ကြီးပြင်းရာ၊ စီးပွားဥစ္စာ သိုမှီးရာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံကြီး တစ်ခုမှာ လူတွေဘဝက အသက်တောင် ရဲရဲမရှူရဲကြတော့။ အားကိုးရာမဲ့ နေကြပုံ။ ပုံမှန် လူမှုဘဝတွေ မဟုတ်တော့ပုံ၊ တစ်မုဟုတ်ချင်း နိမ့်ဆင်းလျှော့ကျသွားပုံ။ ကြိုတင်မျှော်လင့် မထားတဲ့အပြောင်းအလဲများစွာနဲ့ နှဖူးတွေ့ဒူးတွေ့ ရင်ဆိုင်နေကြရင်း စဉ်းစားလို့ မဆုံးနိုင်ကြခင်၊ ကိုဗစ် လက်သည်းတွေဟာ ဗြိတိန်နိုင်ငံသား တစ်ယောက်ချင်းစီရဲ့ ဝင်သက်၊ ထွက်သက်တိုင်းကို အတင်း ဖျစ်ညှစ်ထားခဲ့ပြီ။

လန်ဒန် အီးပီရီယာလ် ကောလိပ် တွက်ချက်မှုမှာ အစိုးရကသာ ဘာမှ မလုပ်ဘဲ လွှတ်ထားရင် ကိုဗစ်ကြောင့် လူ ငါးသိန်း အထိ သေဆုံးနိုင်တယ်လို့ တွက်ပါတယ်။

ရောဂါစတင်ရာ ဇာစ်မြစ်တွေကို မြန်မြန်လိုက်ဖော်ထုတ် ခွဲခြားပါ။ ရောဂါရှိ၊ မရှိ စစ်ဆေးတာတွေကို များများလုပ်ပါ၊ မြန်မြန်လုပ်ပါ။ လူစုဝေးရာ နေရာတွေ အားလုံးကနေ မြန်မြန် လူစုခွဲကြပါ။ စင်ကာပူ ဟောင်ကောင်၊ ထိုင်ဝမ် တို့မှာ လုပ်သလို ရောဂါဇာစ်မြစ်ကို ခြေရာခံတာ၊ ပိုးရှိ မရှိ စစ်ဆေးပေးတာ၊ ကူးစက်နိုင်ခြေ ရှိသူတွေကို ခွဲထုတ်တာ စတာတွေကို လုပ်နိုင်ရင် အသေအပျောက် နည်းပါးပါလိမ့်မယ်။ အချက်အလက်တွေနဲ့ ထုတ်ဖော်ရရှိချက်တွေ ပြဆိုနေတာက လူစုလူဝေးရာရှိရာ နေရာတိုင်း ရောဂါပျံ့နိုင်၊ ဖြန့်ဖြူးနိုင်တဲ့

mgyoe.com

နေရာ တွေချည်းပဲ။ ဒါကြောင့် ဆိုင်တွေ၊ စီးပွားရေး လုပ်ငန်းတွေ အားလုံးကို အတင်း အကျပ် ပိတ်သိမ်းခိုင်းရတာပဲ။

ပြီးခဲ့တဲ့ ရက်ပိုင်းကတည်းက အီတလီ၊ စပိန်၊ ပြင်သစ် မြို့ကြီးတွေမှာ သေဆုံးတဲ့ ဦးရေ။ ကူးစက်တဲ့ ဦးရေတွေ တရိပ်ရိပ်၊ တက်ခဲ့တဲ့အတွက် အပြင်မထွက်ရ အမိန့်တွေ ထုတ်လာတဲ့အခါ ဗြိတိန်မှာလည်း မကြာခင် လူတွေကို ထိန်းချုပ် လာနိုင်တယ်လို့ တွက်ကြပါတယ်။ ကုန်တိုက်တွေကို အပြေးအလွှား သွား၊ စားစရာတွေကို ကြောက်လန့်တကြား ဝယ်ကြ စုကြတဲ့ လူတွေကြောင့် စားစရာတချို့ ပြတ်လပ်စ ပြုတယ်။ အရေးပေါ် အသည်း အသန် ဌာနမှာ နေ့ ည ဆက်တိုက် တာဝန်ကျရာက ဂျူတီထွက်လာတဲ့ အထူးသူနာပြုတစ်ယောက်ဟာ သူ ဂျူတီ ထွက်ချိန် အိမ်အပြန်လမ်းမှာ သူ့အတွက် စားစရာများ ဝင်ဝယ်တဲ့အခါ ဘာမှ ဝယ်မရတော့ဘဲ ခါလီကျနေတဲ့ စူပါကုန်တိုက်ကြီးတွေနဲ့ စတိုးဆိုင်တွေကိုသာ တွေ့နိုင်တော့တယ်။ သူ့ကိုလည်း တစ်ချက် ငဲ့ကြပါဦးလို့ ( သတင်းထောက်တွေ သွားမေးတဲ့အခါ) သူ့ကားထဲကနေ ငိုပြီး ပြောနေတာ တွေ့ပါတယ်။ ဗြိတိန်နိုင်ငံသား အတော်များများဟာ ဘယ်တုန်းကမှ စားစရာကို အများကြီး သိုလှောင်ထားကြတာ၊ အိမ်မှာ ပုံမှန် ချက်စားတာမျိုး အလေ့အထ သိပ် မရှိကြပါဘူး။ ၂၄ နာရီ အချိန်မရွေး ကြိုက်တာကို ဝယ်စားလို့ ရနေတဲ့ ဘဝမှာ ကြီးပြင်းလာကြ။ အိမ်က ရေခဲသေတ္တာမှာ စားစရာ အနည်းငယ်ရှိရင် မပူတတ်တဲ့ လူမျိုးတွေ။ အခုတော့ ကိုဗစ်က ပေးတဲ့ အကြောက်တရားတွေကြောင့် လူတွေ သူ့ထက်ငါဦး အစာလု၊ အစာစု ကုန်ကြပါပြီ။

ဆိုင်တွေ၊ စီးပွားရေးလုပ်ငန်းတွေကို ပိတ်ခိုင်းလိုက်ခြင်းဟာ မြို့ရွာတွေကို အသက်နုတ်လိုက်တာ၊ လိပ်ပြာနုတ်လိုက်တာနဲ့ အတော်တူတယ်။ လမ်းတွေမှာ လူသွားလူလာမရှိတော့ဘဲ သုသာန်တစပြင်လို ရှုတ်တရက် ခြောက်ခြောက်ကပ်ကပ်၊ နေ့ချင်းညချင်း အလုပ်လက်မဲ့ ဖြစ်သွားတဲ့ နိုင်ငံသားသန်းပေါင်းများစွာဟာ အိမ်တွေမှာ ငုတ်တုတ်ထိုင်နေရင်း လစဉ် အိမ်လခတွေ ဘယ်လိုရှင်းကြမလဲ။ ယူထားတဲ့ ဘဏ်ကြွေး၊ ဘဏ်အတိုးတွေကို ဘယ်လိုဆပ်ကြမလဲ တွေးနေကြပါပြီ။

mgyoe.com

mgyoe.com

SAMPLE BOOK


ခုမှ လူတွေဘဝက ကူးစက်ရောဂါ၊ ကူးစက်ခံရမှာ စိုးတဲ့ အကြောက်တရားက တစ်ခု။ အစားငတ်မှာ စိုးတဲ့ သောကတရားက တစ်ခု။ ညက ကြေညာချက်နဲ့အတူ အခုမနက် အလုပ်မရှိ အလုပ်ပြုတ်ကြလို့ ဝင်ငွေ မရှိတော့ဘူး ဆိုတဲ့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဒုက္ခက တစ်ခု။ ဒုက္ခကို ဒုက္ခ ပတ်နေကြတာပေါ့။

ဘောရစ်ဂျွန်ဆင်က သုံးလ ဆိုရင် ပုံမှန် ပြန်ကောင်းနိုင်ပါတယ် ဆိုပေမယ့် အဲဒီယူဆချက်ကို ပညာရှင်တချို့က သံသယ ရှိနေပါတယ်။ သုံးလ တည်းနဲ့ တိုင်းပြည်ထဲက လူနာတွေမှာ ဗိုင်းရပ်စ်ပိုး လုံးဝ ကုန်စင်သွားအောင် ကုလို့ ရမှာလား၊ နှိမ်နင်းလို့ ရနိုင်မှာလား။ ပိုးနည်းနည်း ကျန်ခဲ့ရင် လူတွေကို ခဏလေး ပြန်ကူးစက်လာမှာပဲ။ အဲဒီအခါမှ အခုလို တစ်ခါ ပြန်ပိတ်ဆို့မယ် ဆိုရင် ပိတ်လိုက် ပြန်ဖွင့်လိုက်၊ ကိုဗစ် သံသရာ အခါခါ လည်နေနိုင်တယ်လို့ တွက်ကြပါတယ်။ အကြာကြီး ပိတ်ထားပြန်တော့ စီးပွားရေး လုပ်ငန်းတွေ အကုန်ရပ်နေရမယ့် အဖြစ်။ ကုမ္ပဏီအားလုံးက သူတို့ အားလုံး ဘယ်နည်းနဲ့မှ ခုလို ကြာကြာ တောင့်ခံမထားနိုင်ဘူးလို့ ပြောပါတယ်။

လောလောဆယ်တော့ အစိုးရက သူ့ကို ပုံမှန် အမြတ်ခွန်, ဝင်ငွေခွန် ဆောင်ရင်း အလုပ်လက်မဲ့ ဖြစ်သွားတဲ့ လူတွေကို လစာရဲ့ ၈၀ ရာခိုင်နှုန်း ထောက်ပံ့မယ်လို့ ပြောတယ်။ ဘယ်လောက်ကြာအောင် ထောက်ပံ့ထားနိုင်မလဲ မသိဘူး။ ပေးနေရတဲ့ အိမ်လခတွေကို သုံးလ ဆိုင်းငံ့ပေးမယ်။ လစဉ် ဘဏ်တိုးပေးနေရတာတွေလည်းသုံးလဆိုင်းငံ့ပေးမယ်။အိမ်ငှားနေရတဲ့ဘယ်သူ မဆို အိမ်လခ သုံးလအထိ ပေးစရာ မလို။ အိမ်ရှင်ကလည်း မတောင်းရ။ အိမ်ပေါ်က နှင်မချရ။ အစိုးရက အရေးပေါ်အမိန့်တွေနဲ့ ဖြစ်စဉ်ကြီးကို ကြိုးကြပ်ပါတယ်။

အားလုံး အဆင်ပြေအောင်ကတော့ ဘယ်နည်းနဲ့မှ သူ မလုပ်ပေးနိုင်ဘူး။ ကုမ္ပဏီ ကြီးကြီး မဟုတ်ဘဲ ကိုယ်ပိုင်လုပ်ငန်းလေးတွေနဲ့ ထူထောင် စီးပွားရှာတဲ့ တချို့လူတွေမှာ အလုပ်မလုပ်နိုင်တော့တာ၊ ဝင်ငွေမရှိတာကို တော့ ထောက်ပံ့မယ့် အစီအစဉ် မရှိသေးဘူး၊ မဆွဲနိုင်သေးဘူး ဆိုတော့ အစိုးရခမျာ လူထုပြစ်တင် ဝေဖန်တာတွေက မလွတ်ဘဲ ခံနေရပြန်တယ်။

mgyoe.com

mgyoe.com


ဥပမာ– မင်္ဂလာဆောင်တွေ၊ အခမ်းအနားတွေ မရှိတော့ အဲဒီမှာ လိုက်ဖြေဖျော်ပေးနေတဲ့ ဂီတပညာရှင်မှာ အလုပ် မရှိတော့ဘူး။ ပွဲကို စီစဉ် ကျင်းပပေးတဲ့ သူတွေမှာ အလုပ်မရှိ။ အိမ်ပေါက်စေ့ မီးလိုက်ပြင်နေရတဲ့ မီးပြင်သမား၊ ရေပိုက်သမားမှာ အလုပ် မရှိတော့ဘူး။ ကားမောင်း သင်ပေးတဲ့ အမောင်းသင်ဆရာမှာ အလုပ်မရှိ၊ အလုပ်မရှိရင် သူတို့ ဘာနဲ့ ထမင်းစားမလဲ။

( Hospitality)ဆိုတဲ့ ပျူငှာ ဖော်ရွေခြင်း အမိပ္ပာယ်မျိုးကို ကိုရိုနာ ဗိုင်းရပ်စ်က ကြည့်မရဘူး။ တစ်ယောက်နဲ့ တစ်ယောက် ပူးပူးကပ်ကပ် မနေကြနဲ့နော်လို့ ကိုဗစ်က ခြိမ်းခြောက်တယ်။ မလိုက်နာရင် ဒုက္ခရောက် မယ်လို့ ကြိမ်းဝါးတယ်။ ဒီတော့ အစိုးရများကလည်း အချင်းချင်း ခပ်ခွာခွာ နေကြပါ။ လတ်လျားလတ်လျား သွားမနေကြပါနဲ့။( social distancing )။ ကိုယ့်ဘာသာ အခန်းတံခါး ပိတ်နေပါ။ ခွဲနေပါ ( self isolation ) လို့ အခါခါ အပ်ကြောင်းထပ်အောင် လူထုကို မှာနေရတယ်။ တံခါးများ အကုန်ပိတ်ထား ကြ၊ တံခါးပိတ်ဝါဒ ဗိုလ်ရှုသဘင်ပေါ်မှာ ကိုဗစ်၊ မြိန့်မြိန့်ကြီး စင်ခံတဲ့ ကာလ ပေါ့။

လူတိုင်း ရောဂါ ရ၊ မရ မသေချာပေမယ့် လူတိုင်း စီးပွားပျက်ကြမှာ ကတော့ သေချာနေပါပြီ။

အမေရိကားမှာ ၂၁ ဇန်နဝါရီနေ့က ကိုရိုနာ ပိုးရှိတဲ့ လူနာတစ်ယောက် ကိုစတွေ့တယ်။ မတ်လ ၂၁ ရက် ရောက်တဲ့ အချိန် (နှစ်လအတွင်းမှာ) အရေးပေါ် အခြေအနေ ကြေညာခဲ့ရပြီးပြီ။ ပြည်နယ်တွေကို အကုန် ကူးစက်ပြီးပြီ။ စတော့ ရှယ်ယာဈေး ရေနံဈေး အကုန်ထိုးကျ။ လူထောင်ချီ ကူးစက် ရာချီ သေဆုံး။ နယ်စပ်တွေ အကုန်ပိတ်ခဲ့ရပြီ။

မြန်မာမှာ မတွေ့ဘဲနေသေးတာ ဘုရားမ,တာလား။ ပြင်ဆင်ချိန် ပေးထားတာလား။ သူများတိုင်းပြည်တွေ ဘယ်လို ခုခံကြသလဲ ဆိုတာ သိအောင် သင်ခန်းစာ အရင်ယူကြပါလို့ အချိန်ပေး နေတာလား။

မိတ်ဆွေတစ်ယောက် ( Moe Maung Maung ) က မြန်မာပြည်မှာ ဝက်တုပ်ကွေး ဝင်မွှေထားတာ မကြာသေးလို့ ရွှေမြန်မာတွေ ကိုယ်ခံအား မြင့်နေကြတာ။ နေကောင်းနေကြတာ။ ဗိုင်းရပ်စ်ပိုးနဲ့ မြန်မာတွေမှာ ရှိနှင့် ပြီးသား ကိုယ်ခံအား အစွမ်း အားပြိုင်နေတဲ့ ကာလများ ဖြစ်နေသလား။

mgyoe.com

mgyoe.com  SAMPLE BOOK 

ပြိုင်နေကြရင်း မြန်မာတွေမှာ ရှိတဲ့ ကိုယ်ခံအားက နိမ့်သွားရင် ကိုဗစ် ဗိုင်းရပ်စ်က ပိုအစွမ်းထက်တဲ့ ဗိုင်းရပ်စ် ဘဝကို ဗီဇပြောင်းပြီး ( Mutation ဖြစ်ပြီး ) တကယ်ပိုစွမ်းတဲ့ ကိုရိုနာ ဖြစ်နိုင်သေးတယ်လို့ စဉ်းစားပါတယ်။ ကျွန်တော့်ကို ဘယ်လိုမြင်သလဲလို့ မေးပါတယ်။

ဗိုင်းရပ်စ်တွေ ဗီဇပြောင်းတာ၊ မျိုးတေးရှင်း ဖြစ်တာ ဖြစ်တတ်တဲ့ သဘာဝတော့ရှိတယ်။ဒါပေမဲ့ ဘယ်အချိန် ဖြစ်မလဲ ဆိုတာတော့ မသိပါဘူး။ ဗိုင်းရပ်စ်ဗေဒ ပညာရပ်မှာတော့ အခု ပိုးဟာ မျိုးစိတ်အသစ်ကျပ်ချွတ် ဖြစ်နေတာမို့ မြန်မာတွေမှာ ကိုယ်ခံအား ရှိမထားပါဘူး။ ဝက်တုပ်ကွေး ဝင်ပြီးသားမို့ ဒီ ဗိုင်းရပ်စ်ကို ပြီးတယ် ဆိုတာ မဖြစ်နိုင်ပါဘူး။

စိတ်ဝင်စားစရာ ကောင်းတာက ဒီ နင်ဂျာဗိုင်းရပ်စ်ဟာ ဥရောပလို အေးတဲ့ နေရာမျိုးကို ရန်စွယ်ငေါငေါ အသဲအမဲ တိုက်ခိုက်နေပေမယ့် အာရှ၊ အာဖရိကလို လူနေထူထူ၊ အပူကဲကဲ ဒေသမျိုး ရောက်သွားတဲ့အခါ ဒုက္ခ သိပ်မပေးသလို လုပ်နေတဲ့ အချက်ဟာ သူ့ဗီဇ သဘောလား။ အေးတဲ့ အရပ်မှာ အစွမ်းထက်ပြီး အပူလွန်တဲ့အနေအထားကျရင် ပိုးရဲ့ တိုက်ခိုက်နိုင်စွမ်း ကျဆင်း အားကုန်တတ်သလား။ ဒီမေးခွန်းကို အချိန်အများကြီး ဆက်သုတေသန လုပ်ကြရဦးမှာပါ။ ဘယ်ပညာရှင်မှ သေချာ ယတိပြတ် မပြောနိုင်သေးပါဘူး။

အပူကဲတဲ့ အချက်ကို ဗိုင်းရပ်စ် မကြိုက်ဘူး ဆိုတာသာ တကယ် မှန်ကန်နေရင် အပူကဲတဲ့ မြန်မာပြည်ဟာ ကံကောင်းပါ လိမ့်မယ်။ ကံကောင်း မယ် ဆိုပြီးတော့ ဆူးပုံနင်းဖို့တော့ အရမ်းကို စောပါသေးတယ်။ လက်နိုင်နိုင် ဆေးနေရဦးမယ့် ကာလကြီးပါ။

အိမ်နီးချင်း တရုတ်ပြည်ကြီးကတော့ သုံးရက်မြောက် ဆက်ပြီး အောင်ပွဲခံလို့ပေါ့။ ထပ်တိုးလူနာ မရှိ။ နှာခေါင်းစည်းပါရင် ပန်းခြံတွေထဲကို ပြန်ထွက် လည်နိုင်ကြပြီ။ ပြန်လည်ခွင့် ရကြပြီ။ အင်တာဗျူးမှာ အစိုးရ အစီအမံတွေကို လက်ခံတယ်၊ ဆောင်ရွက်ချက်တွေကို ယုံကြည်တယ်လို့ ပန်းခြံထဲမှာ ကလေးတွေနဲ့ ထွက်ဆော့နေတဲ့ တရုတ်လူထုက ပြုံးပြုံးရွှင်ရွှင် အင်တာဗျူးနေတာ တွေ့ပါတယ်။

တရုတ်က ၃ ရက်မြောက် ဆက်တိုက် အောင်ပွဲခံနေတဲ့ အချိန်မှာ အီတလီဟာ အလူးအလဲ။ စပိန်ဟာ တလိမ့်ခေါက်ကွေး။ ဂျာမနီဟာ နယ် နှစ်ခု ပိတ်ဖို့ လုပ်နေရပြီး အင်္ဂလန်ကလည်း ပိတ်ချခဲ့ပါပြီ။

mgyoe.com

m g y o e . c o m

SAMPLE BOOK


ကိုဖစ် ရဲ့ မာယာကို ကျွန်တော်တို့ သိပ်မသိသေးဘူး။ သူ့လာခြင်းက အာရုကို ဆုံးမဖို့လား၊ ဥရောပကို ဆုံးမဖို့လား။ သူ လက်ကလေးနဲ့ တောက်ချလိုက်တာကို လောလောဆယ်တော့ လူသားတွေ လိမ့်နေအောင် ခံကြဦးပေါ့။

( ၂၁.၀၃.၂၀၂၀ )

mgyoe.com

mgyoe.com SAMPLE BOOK

## ကိုဖစ် ဒိုင်ယာရီ- ၅
## ( ၂၂.၀၃.၂၀၂၀ )

ဒီနေ့ဟာ ဥရောပမှာတော့ အမေများ နေ့ပေါ့။ အမေများ နေ့မှာ ဗြိတိန် ဝန်ကြီးချုပ်က သူ့ တိုင်းပြည်က လူတွေကို ( ကိုယ့်အမေ ကိုယ် ချစ်ရင် ) အမေ့ဆီ သွားမတွေ့ကြပါနဲ့လို့ မှာနေတာကို ကြားရတာ အတော်ကို မဆီလျော်၊ အတော်လည်း ဝမ်းနည်းစရာ ကောင်းပါတယ်။

ကိုဖစ်ဟာ သက်ကြီးရွယ်အိုနဲ့ ကိုယ်ဝန်ဆောင် မိခင်တွေ ဆိုပြီး မညှာတတ်ဘူး။ အဆုတ်မကောင်းတဲ့ လူ၊ ဆီးချိုရှိတဲ့လူနဲ့ ကျောက်ကပ် မကောင်းတဲ့လူတွေကို ပိုပြီးတယ်။ အသည်း ကျောက်ကပ် အစားထိုးပြီး အသက် ရှင်နေရသူတွေ၊ ကင်ဆာဝေဒနာရှင်တွေအပေါ်ဆို ပိုရက်စက်ပြတတ်သေး တယ်။ ဒီလို အားနည်းချက် အကြောင်းခံ ရှိပြီးသား လူတွေရဲ့ အသက်ကို ကိုဖစ်က အလွယ်လေးခြွေတာမို့ အမေနေ့မှာ သူ့နိုင်ငံသူ၊ နိုင်ငံသားတွေက အမေတွေဆီ ရောဂါပိုး သယ်သွားမိမှာစိုးလို့ သူ သတိပေးနေတာပါ။ အရင် ရက်တွေကလည်း အသက် ၇၀ ကျော်နေတဲ့ လူကြီးတွေအားလုံး အိမ်ထဲက အိမ်ပြင် မထွက်ကြဖို့ သူ ပန်ကြားထားပြီးပြီ။ အခု ဗြိတိန်ကရှိရှိသမျှ အဘိုးအို အမယ်အိုစုစုပေါင်း ၁.၅ သန်းဆီကို သုံးလတိတိ အိမ်မှာပဲ အောင်းနေကြဖို့ တစ်ယောက်ချင်းဆီ စာပို့ သတိပေးဦးမယ် တဲ့။ သူ ဆက် စီစဉ်နေတယ်။

mgyoe.com

m.gyobe.com SAMPLE BOOK

လက်ရှိ ဖြစ်နေတဲ့ အခြေအနေကို သူ အသိဆုံး။ ကူးစက်လူနာ ၅၀၀၀ ကျော်လာတော့ ဆေးရုံတွေမှာ မနိုင်မနင်း စဖြစ်နေပြီ။ လက်ရှိ အခြေအနေမှန်ကို သူ့လူထု အမှန်အတိုင်းသိမှ ဖြစ်မယ်။ သိနေစေချင်တယ်။ ( စိတ်သက်သာအောင် ) အချိုသတ်ပြီး သူ မပြောချင်ဘူး တဲ့။

လန်ဒန်မြို့တော်ဝန် ဆာဒစ်ခန်းကလည်း လန်ဒန်သားများဟာ အိမ်မှာ နေကြပါ ဆိုတာကို မနေကြဘူး။ ဘတ်စ်ကားတွေ စီးပြီး လတ်လျား လတ်လျား သွားနေကြတုန်း။ တစ်ယောက်နဲ့ တစ်ယောက် တွေ့နေကြတုန်း။ ဒီလိုသာဆို ပိုသေကုန်တော့မှာပဲလို့ ဒီနေ့ ထုတ်ပြောတယ်။ ပန်းခြံတွေ အားလုံးကို ပိတ်ပစ်မှ ရမယ့် အခြေအနေ ရောက်သွားပြီ။ အရင်ရက်တွေက ပန်းခြံတွေမှာ ခွေးကျောင်းဖို့၊ ခြေဆန့်လက်ဆန့် လုပ်နိုင်ကြဖို့ ခွင့်ပေးထား ပေမယ့် လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာ( ခြောက်ပေအကွာ ) နေကြပါ ဆိုတာကို မနေကြဘဲ၊ ပန်းခြံထဲမှာ စုကြ စကားပြောကြ၊ ပါတီလုပ်ကြ ဆိုတော့။ နောက်ရက်တွေမှာ တခြား ဥရောပ နိုင်ငံတွေ လုပ်သလို ဖမ်းတဲ့ ဆီးတဲ့အထိ လုပ်ဖို့ အစိုးရက စကားဦးသန်းတယ် ( နယ်ပိုင်း တောပိုင်းက ပန်းခြံတွေမှာတော့ ခြွင်းချက် ရှိတယ်။ )

ဟော်လန်( နယ်သာလန်) က အမေနေ့မှာလည်း ဟော်လန် ဗဟို ပန်းဈေးကြီးမှာ ယူရို ငွေသန်းပေါင်းများစွာ တန်ကြေးရှိတဲ့ ဟော်လန်ပန်းမျိုးစုံ ကို ဖျက်ဆီးပစ်နေတာ။ ဘူဒိုဆာနဲ့ ထိုးပစ်ပြီး ပန်းခြင်းတွေ၊ ပန်းတွေကို အမှိုက်ပုံဆီ ပို့နေတာတွေ မြင်ရတယ်။ နိုင်ငံတကာက လာနေကျ ပန်းအမှာစာ တွေ မလာနိုင်တော့ဘူး။ လေယာဉ်တွေလည်း မပျံကြတော့ဘူး ဆိုတဲ့အတွက် သူတို့ ဘာမှလုပ်လို့ မရဘူး။ နှစ်တစ်ရာအတွင်း တစ်ခါမှ ခုလို မဖြစ်ဖူးခဲ့ဘူးလို့ တာဝန်ရှိတဲ့လူက ရှင်းပြနေတယ်။ ဟော်လန် ပန်းစိုက်တောင်သူတွေ အသင်းကြီး က သူတို့ ဖြင့် အရင်းပြုတ်ကုန်ကြပြီမို့၊ အစိုးရရေ ကယ်ပါဦး တဲ့။

အီတလီမှာ မနေ့က ၈၀၀ နီးပါးနဲ့ ဒီနေ့ ၆၅၁ ယောက် ဖိတ်စဉ်တယ်။ စုစုပေါင်း အသက်ဆုံးပါးရသူ ငါးထောင် လေးရာ ကျော်လာပြီ။ ဒုတိယ လိုက် နေတဲ့ စပိန်က ကူးစက်ခံရသူ နှစ်သောင်းခွဲ နဲ့ အဖိတ်အစဉ် ၁၅၀၀ နီးပါး။

အာဖရိကမှာ ရှိတဲ့ အီရစ်ထရီးယား၊ ယူဂန်ဒါ၊ အင်ဂိုလာ နိုင်ငံတွေမှာ ပထမဆုံး လူနာ ဖိုးရိုးတွေကို စတွေ့တယ်။ တွေ့ပုံတွေကလည်း ထူးခြားတယ်။

mgyobe.com

mgyoe.com SAMPLE BOOK


အီရစ်ထရီးယားက လူနာဒီးရိုးကို နော်ဝေက လက်ဆောင်ပေးတာ။ အင်ဂိုလာက ပေ့ါစတစ် နှစ်ယောက်ကို ပေါ်တူဂီက လက်ဆောင်ပေးတာ။ ယူဂန်ဒါက ပေ့ါစတစ်ကို ဒူဘိုင်းက ပေးလိုက်တာ ဆိုတော့ ရန်ကုန်နားက လှည်းကူး စောင့်ကြည့်ရေး စခန်းမှာ ယူကေက ပြန်လာတဲ့ ကျောင်းသားတွေ ၁၄ ရက် စောင့်ကြည့်ခံရတာ သိပ်မလွန်ဘူး ထင်ပါရဲ့။ ဥရောပဟာ ကိုဗစ်ဗိုင်းရပ်စ်ပိုး ရဲ့ ရေခံမြေခံကောင်း။

ထိုင်းဘက်မှာ ကျောင်းသွားတက်တဲ့ ကျောင်းသားလေးတစ်ယောက် သံဖြူဇရပ်မြို့နယ်၊ အနင်းကျေးရွာကို ပြန်လာတယ်။ ရွာပြန်ရောက်ပြီး ဖျားနေချောင်းဆိုးနေလို့ စစ်ဆေး ကုသတာတွေ လုပ်နေတုန်း ကျောင်းသားလေး ထွက်ပြေးသွားတယ်။ ဒီဖြစ်စဉ်ကို မွန်ပြည်နယ် ကျန်းမာရေး ဒု ဦးစီးမှူး ဒေါက်တာဝတ်မှုန်က သက်ဆိုင်ရာဆီ အသိပေး အကြောင်းကြားတဲ့ စာတစ်စောင် ဖတ်ရတော့ အခြေခံကျတဲ့ နယ်တွေ၊ ရပ်ရွာတွေဘက်ကလည်း နိုးနိုးကြားကြားရှိနေကြတယ်လို့ သတိထားမိပါတယ်။

ဒီနေ့ ထိုင်းကနေ မြန်မာအလုပ်သမား တစ်သိန်း ပြန်လာတယ် ဆိုတဲ့ သတင်းဟာ တကယ်ကြီးလား။ စစ်ဆေးလို့ မလွယ်တဲ့ အရေအတွက်က စိတ်ပူစရာပေမယ့် ကိုယ့်နိုင်ငံသားတွေ ဆိုတော့ ကြိုဆို လက်ခံကြရမှာပါ။ သူတို့တွေထဲက တစ်ယောက်ယောက် တကယ်လို့ ကိုဗစ်နဲ့ နီးစပ်တဲ့ အဖျား လက္ခဏာမျိုး ပြလာရင် တာဝန်ရှိရှိ၊ အသိတရားရှိရှိနဲ့ သက်ဆိုင်ရာကို အမြန်ဆုံး သတင်းပို့ကြမယ်။ ၁၄ ရက် သေချာ သီးသီးသန့်သန့် ခွဲနေကြမယ် ဆိုရင် ကိုယ့်ရပ် ကိုယ့်ရွာကို စောင့်ရှောက်ကာကွယ်ရာ ရောက်တာပါပဲ။

ခုထိ မြန်မာနိုင်ငံတစ်ဝန်းက ဆေးရုံတွေမှာ စစ်ဆေးစောင့်ကြည့်နေတဲ့ လူနာတွေဆီက ပေ့ါစတစ် လူနာ မတွေ့ရသေးပေမယ့် မနက်ဖြန် သန်ဘက်တွေ့နိုင်ပါတယ်။ ကိုဗစ် တကယ် ဖြစ်နေရင် ဖုံးထားလို့ မရနိုင်ဘူး။ နမိုးနီးယားနဲ့ သေနေတဲ့ အသုဘတွေကို ရပ်ထဲ ရွာထဲမှာ ဖုံးထားလို့ရမှာ မဟုတ်ဘူးလို့ ပါမောက္ခ ဆရာဝန်ကြီး ဦးညွန့်သိန်းက မီဒီယာတွေကို ရှင်းပြနေပါတယ်။

ဆရာတော် အရှင်ဆေကိန္ဒ ဦးဆောင်ပြီး ကူးစက် လူနာ ၄၀၀ အထိ လက်ခံကုသထားရှိနိုင်မယ့် နေရာတစ်ခုကို ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနနဲ့အတူ ကြိုတင်ပြင်ဆင်နေတယ် ဆိုတဲ့ သတင်းဟာ အတော်

mgyoe.com

ဝမ်းမြောက်သာခုခေါ်စရာ ကောင်းလှပါတယ်။ ဘာသာရေး လူမှုရေး ခေါင်းဆောင်တွေ ဒီကိစ္စမှာ တိုင်းသူပြည်သားတွေ အကျိုးအတွက် နိုးနိုးကြားကြား သတိနဲ့ ဆောင်ရွက်နေကြတာ ထင်ရှားတယ်။

ဒေါက်တာ ချစ်သုဝေတို့ ခေတ်သစ်ဖောင်ဒေးရှင်းက ဆေးရုံကြီးနဲ့ ဝေဘာဂီဆေးရုံကို ပိုးမကူးစက်အောင် ကာကွယ်တဲ့ ပိုးကာကွယ်ရေးဝတ်စုံတွေ လှူဒါန်းနေတာလည်း ဒီနေ့ ဖတ်လိုက်ရတယ်။ ဝေဘာဂီ ဆေးရုံကို အစုံ ၆၀။ ရန်ကုန်ဇဆေးရုံကြီးကို အစုံ ၄၀။

EXCELLENT FORTUNE FOUNDATION ဆိုတဲ့ non profit organization က ဦးစိုင်းမျိုးဝင်းတို့ ဦးဆောင်ပြီး ဗိုင်းရပ်စ်ပိုး ကာကွယ်တဲ့ ကာကွယ်ရေးဝတ်စုံတွေ( PPE )၊ လက်အိတ်နဲ့ နှာခေါင်းစည်းတွေ သိန်းပေါင်း တစ်ထောင့် တစ်ရာ ခုနစ်ဆယ်ဖိုး ဝယ်တယ်။ လိုအပ်တဲ့ ဆေးရုံတွေက သူတို့ဆီ လှမ်းအကြောင်းကြားပါ။ ပေးပို့ လှူဒါန်းသွားမယ် ဆိုတဲ့ သတင်းကလည်း အတော်ကို မင်္ဂလာရှိလှပေ့ါ။

ပြည်ပရောက်နေတဲ့ မြန်မာတွေထဲက တက်တက်ကြွကြွနဲ့ ယူကေက အမျိုးသမီးလူငယ် ပိုးဖြူသန့် Poe Phyu Thant က အရင် ရက်တွေက ကိုဗစ် ဖြစ်လာရင် ကာကွယ်ကုသတဲ့ နေရာမှာ အထောက်အကူဖြစ်စေမယ့် ပစ္စည်းတွေ ဝယ်နိုင်ဖို့ ဆိုပြီး အလှူငွေ ကောက်ခံတာ ပေါင် တစ်သောင်းကျော် ရလိုက်တယ်လို့ သတိထားမိတယ်။ ဒီလိုပဲ ပြည်တွင်း၊ ပြည်ပ မြန်မာ နိုင်ငံသားတွေ အားလုံးပူပန်စိတ်၊ကြောင့်ကြစိတ်တွေနဲ့ တစ်ယောက်တစ်လက် နိုင်ရာနိုင်ရာ အလုပ်တွေကို လုပ်ကြရင်း ကိုဗစ်ကို ရင်ဆိုင်ရတော့မှာ သေချာနေပါတယ်။

ကျွန်တော်သိထားသလောက်နဲ့ သတိရ လက်လှမ်းမီသလောက် ရေးလိုက်ရတာသာ ဖြစ်ပြီး နိုင်ငံတစ်နံတစ်လျားမှာ ပရဟိတပေါင်းများစွာ အသင်းများစွာဟာ အရှိန်အဟုန်ပြင်းပြင်းနဲ့ ကိုဗစ်ကို ရင်ဆိုင်ဖို့ ပြင်ဆင် ဆောင်ရွက်နေကြတော့မယ် ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ မြန်မာဟာ ကိုဗစ်ကို သတိကြီးကြီးထား ကိုင်တွယ်နေတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အနည်းဆုံး တစ်နှစ်ကျော် လူထုနည်းနဲ့ ခုခံကြရမှာ သေချာပါတယ်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ဒေါက်တာ မိုက် ရိုင်ရန်( Dr. Mike Ryan,

mgyoe.com

mgyoe.com
SAMPLE BOOK


director of the W.H.O Health Emergencies Program) ကို ဘီဘီစီက ဘယ်တော့လောက်များ ကာကွယ်ဆေး ရနိုင်မလဲလို့ မေးတဲ့အခါ သူက အနည်းဆုံး တစ်နှစ်တော့ စောင့်မှ ရမယ်လို့ ဖြေပါတယ်။ လူ သန်းပေါင်းထောင်ချီပြီး ထိုးပေးရမယ့် ကာကွယ်ဆေးမျိုး ဖြစ်တာမို့ အမြန်လုပ်လို့ မရဘူး။ ဘေးကင်းစိတ်ချ သေချာဖို့က အလွန်အရေးကြီးတယ်။ အချိန်ယူ စမ်းသပ်ပြီး သေချာမှ ထုတ်နိုင်မှာလို့ ပြောပါတယ်။

အမေရိကန်မှာတော့ ဆားစ် နဲ့ မားစ် ကိုရိုနာဗိုင်းရပ်စ် ကိုက်တုန်းက ထုတ်လုပ်တဲ့ ကာကွယ်ဆေး နည်းပညာမျိုးနဲ့ မတ်လ ၁၆ ရက်နေ့က စပြီး ကာကွယ်ဆေးကို ထုတ်လုပ်စမ်းသပ်နေပါပြီ။ သန်စွမ်းကျန်းမာ လူပေါင်း ၄၅ ယောက်အထိ စမ်းသပ်ထိုးကြည့်မယ်။ ခြောက်ပတ်ကြာအောင် စောင့်ကြည့်ရမယ် ပြောပါတယ်။

တရုတ်ပြည်၊ ဝူဟန်မြို့ Tongji Hospital ဆေးရုံမှာလည်း ကျန်းမာရေးကောင်းတဲ့လူ ၁၀၈ ယောက်ကို ကာကွယ်ဆေး စမ်းသပ်ထိုးတဲ့ လုပ်ငန်းတွေ စတင်နေတယ်လို့ သိရတယ်။

ဒီလိုပဲ အစ္စရေး၊ ဂျာမနီ အင်္ဂလန် စတဲ့ စတဲ့ နိုင်ငံများစွာမှာ ကိုဗစ်ဗိုင်းရပ်စ်ကို နိုင်နင်းတဲ့ ကာကွယ်ဆေး အလျှင်အမြန်ထုတ်နိုင်ဖို့ ကြိုးစားနေကြပါတယ်။ ဘယ်လောက်ပဲ မြန်အောင်ကြိုးစား ကြိုးစား တစ်နှစ်တော့ ကြာမယ်။ ဒီတစ်နှစ်အတွင်း ကမ္ဘာကြီးက နိုင်ငံအသီးသီးမှာ ဘယ်လိုနည်းဗျူဟာတွေနဲ့ ကိုဗစ်ကို ရင်ဆိုင်ကြမလဲ၊ ခုခံကြမလဲ ဆိုတာ အတော်ရင်ခုန် စိတ်ပူရတဲ့ အရေးကိစ္စ အမှန်ပဲ။

ဒီနေ့ ယူကေ ပါလီမန်မှာ ကျန်းမာရေးဝန်ကြီး Matt Hancock က ကျွန်တော်တို့ဟာ မမြင်ရတဲ့ ရန်သူနဲ့ စစ်ဖြစ်နေပြီလို့ ပြောပါတယ်။ ( We are at war against invisible enemy. )

တကယ်ပဲ ကိုဗစ်ဟာ ယူကေကိုလည်း အီတလီလို မရှုမလှ အထိနာအောင် စတင်တိုက်ခိုက်နေပါပြီ။ သုံးလမပြည့်ခင်မှာ ကမ္ဘာလူသား သုံးသိန်းကျော်ကို အလူးအလဲ ဖြစ်အောင် တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သူ ပြတယ်။ လူ တစ်သောင်းသုံးထောင်ကျော်ကို အပြီးသတ် အလဲထိုး အနိုင်ယူစွမ်းရှိကြောင်း သူ ပြခဲ့တယ်။ ဒီနေ့ နေ့မကူးခင်မှာ တစ်ခါ ဂျာမနီ နိုင်ငံရဲ့ အဓိပတိခေါင်းချုပ်

mgyoe.com

အင်ဂျလာ မာကဲလ်ကို တက်ပြီး ခြိမ်းခြောက်ထားလိုက်ပြန်ပြီလို့ သိရတဲ့ သတင်းဟာ ( မှန်၊ မမှန်မသေချာ ) တကယ် သွေးပျက်စရာကောင်းလှပါလား။ လာမယ့် မနက်ဖြန်တွေက ကိုဗစ်ရဲ့ ပိုမို ရက်စက် ကြမ်းကြုတ်တဲ့ လျှပ်တစ်ပြက် ထိုးစစ် ရက်စွဲတွေ ဖြစ်လာမလား။

( ၂၂.၀၃.၂၀၂၀ )

mgyoe.com

mgyoe.com SAMPLE BOOK

# ကိုပစ် ဒိုင်ယာရီ- ၆
## ( ၂၃.၀၃.၂၀၂၀ )

ငါတို့ မျက်စိနဲ့တော့ မမြင်ရဘူးပေါ့။ ဒါပေမဲ့ မင်း တလိမ့်လိမ့် တက်လာနေတဲ့ အသံတွေကိုတော့ ငါတို့ အားလုံး အသည်းထဲက ကြားတယ်။ သစ်ရွက်ခြောက်များ တဖြောက်ဖြောက်နဲ့ ကြွေသွားသလိုမျိုး။ လဲပြိုနေတဲ့ ငါတို့လူတွေဆီက ခက်ခဲမွန်းကြပ်တဲ့ အသက်ရှူသံ၊ လေငတ်လို့ သတိမဲ့ ညည်းတွားသံ၊ နောက်ဆုံး ထွက်သက် မှုတ်ထုတ်သံကို နားထောင်နေရင်း အရိုးထဲက ယားတယ်။

လေထဲကနေ မင်း ငါ့အနား ရောက်နေပြီလား။ ခုန်အုပ်လိုက်မှာလား။ မင်း ဘယ်အချိန်မှာ ဘယ်နေရာကနေ ထိုးချလိုက်မယ် ဆိုတာမသိတော့ ငါတို့ အဖြစ်က အခုများဆို ဘယ်သူမှ အသက်တောင် ရဲရဲ မရှူရဲကြဘူး။ မင်းက လေထဲကလည်း လာနိုင်တယ်။ လက်တောင် မာမာ မဖြန့်ရဲဘူး။ မင်းက နေရာတကာတိုင်းပေါ်မှာလည်း ရှိနေနိုင်တယ် ဆိုတော့ ဘာကိုမှ စိတ်ချလက်ချ မထိရဲကြဘူး။ ပခုံးနှစ်ဖက်ကြားမှာ ခေါင်းတခါခါနဲ့ ငါတို့ဟာ သိက္ခာမဲ့နေလိုက်တာ။ မင်းဗျူဟာ၊ မင်းမာယာ၊ မင်း တပ်ဖွဲ့စည်းပုံ၊ ငါတို့ ဘာမှ သေချာ မသိလိုက်ကြသေးခင်။ မင်း စစ်မကြေညာဘဲ တိုက်လိုက်မှသာ

mgyoe.com

m g yoe . com

SAMPLE BOOK


ငါတို့ အတိုက်ခံရပြီလို့ ငါတို့ သိလိုက်ရတာ။ ပွဲ စစချင်း ငါတို့ အကြီးအကျယ် အထိနာနေတာ သိတယ်။ စမ်းတဝါးဝါးနဲ့ တဆုတ်တည်း ဆုတ်နေရတာကို ငါသိတယ်။ ဖရိုဖရဲ အကျအဆုံး အများကြီးနဲ့ကို ဆုတ်နေ ရတာ။ ပြေးစရာမြေ မကျန်အောင် ဆုတ်လာရတာကို။ ဘယ်ကလာ အောင်မြင်စွာ ဆုတ်ခွာနိုင်ခဲ့ မလဲ။ အလံတကြွားကြွား စခန်းတွေ အားလုံးကို အကောင်း ပကတိ အကုန် စွန့်ထား ဆုတ်ခဲ့ကြရတာ။ ဘာတစ်ခုမှ ယူချိန် မရဘူး။ အလံလည်း ထားခဲ့တော့။ အမြန်ဆုံး စွန့်ထားခဲ့တော့ ဆိုလို့ စွန့်ထားခဲ့ရတာ။ မင်း ချနင်းထားလို့ကျိုးကြေ တွန့်လိမ်နေတဲ့ ငါတို့ မာနတွေကိုတောင် ငါတို့မှာ ပြန်ကောက်ချိန် မရနိုင်ဘူး။ ကိုယ့်နေရာကိုယ် ရောက်အောင်ပဲ အလဲလဲ အကွဲကွဲ မနည်းပြန်ပြေးနေရတုန်း။

ငါတို့ခေါင်းဆောင်တွေ တစ်နေ့လုံး ပြော၊ တစ်နေကုန် နားချ။ တုန်တုန် ယင်ယင် မပီမသနဲ့ အမိန့်တွေ ပေးနေတာတွေကို ငါတို့ နားသိပ်မလည်ပေမယ့် အတိအကျ နားထောင်နေရတယ်၊ လိုက်နာနေရတယ်။ သူတို့ အမိန့်တွေက မနက်နဲ့ ညနေ မတူပြန်ဘူးလေ။ ဒါပေမဲ့ ငါတို့ ဘာမှ ပြန်မပြောရဲဘူး။ ဘာမှ လည်း မလုပ်တတ်။ ပြန်လုပ်ဖို့ သတ္တိလည်း ငါတို့မှာ မရှိ။ လက်နက်လည်း မရှိဘူး။ စစ်မကြေညာဘဲ မင်း ပစ်ချလို့ ကျနေတဲ့ ငါတို့လူတွေကို နေ့တိုင်းနေ့စဉ် ကျင်းအကြီးကြီးတွေထဲ ကောက်ထည့်နေရတာကိုက မနိုင်မနင်း ဖြစ်နေကြ တာ ဆိုတော့ ငါတို့ ဘာတတ်နိုင်မှာလဲ။ တစ်နေကုန် ဝပ်နေ ငြိမ်နေ၊ အိမ်ထဲက မထွက်ကြနဲ့။ တံခါးမဖွင့်နဲ့။ အချင်းချင်း ပူးမနေနဲ့။ ခွဲနေကြ။ စကားတောင် ကျယ်ကျယ် မပြောကြနဲ့ တဲ့။ ဒါ ငါတို့ခေါင်းဆောင်တွေ တစ်နေကုန်ပေးနေတဲ့ အမိန့်တွေ အကုန်။ ဗျူဟာ အနှစ်ချုပ်ပဲ။

သူတို့ ပြောတော့ မမြင်ရတဲ့ ရန်သူနဲ့ ကမ္ဘာစစ် ဖြစ်နေပြီလို့လည်း ပြောသေးတယ်။ ဒါပေမဲ့ ငါတို့ကို ဘာလက်နက်မှ ခုထိ ထုတ်မပေးသေးဘူး။ သူတို့ကိုယ်တိုင်လည်း ဘာလက်နက်မှ ရှိပုံမရဘူး။ အားလုံး ခေါင်းငုံ့ထား၊ ဒူးထောက်ထား။ လုံးဝ ရှေ့မထွက်ခဲ့နဲ့ ဆိုတဲ့ ဗျူဟာမျိုးနဲ့ ငါလည်း စစ်တစ်ခါမှ မတိုက်ဖူးဘူး။

mgyoe.com

mgyoe.com

SAMPLE BOOK


မင်းဟာ မမြင်ရတဲ့ ကိုယ်ပျောက် ရန်သူ။ မင်းဟာ ငါတို့ လူသေကောင်တွေ အနာတရလူနာတွေ၊ လူအုပ်စုတွေကို အဆင့်ဆင့် အကာအကွယ်ယူပြီး ဗျူဟာမြောက် ရှေ့တက်တတ်တယ်။ ပြီးရင်ငါတို့ အသိုက်အမြုံ ငါတို့ ကမ္ဘာကို အစိတ်စိတ်ပိုင်းချ ခြေမွတယ်။ အချိန်တိုတိုလေးမှာ ငါတို့လူတွေသာ မင်းအတွက် ရိက္ခာဖြစ်လိုဖြစ်။ ငါတို့လူတွေသာ မင်း တပ်အင်အား တိုးချဲ့ရာဖြစ်လိုဖြစ်။ ငါတို့ လူတွေသာ မင်းခုခံရာ ကတုတ်ကျင်း ဖြစ်လိုဖြစ်။ မင်းက အောင်လံတလူလူ။ လူ့ကတုတ်ကျင်းတွေထဲအထိ စီးနင်း။ လူသား အရင်းအမြစ်ကို ဖြိုလှဲဖို့ကြိုးစား။ ငါတို့ကို ကမ္ဘာစစ်ကြေညာသွားတာ တဲ့၊ ငါတို့ အကျအဆုံးစာရင်းတွေ နေ့တိုင်း တက်နေတာများ ကြားလို့မတော်၊ မြင်လို့ မကောင်းဘူး။ အခု ငါတို့ နေ့စဉ် ဘဝတွေ ဘာတစ်ခုမှ ပုံမှန်မဟုတ်တော့ဘူး။

လူသားအဖြစ်နဲ့ ငါမသေခင်မှာ ဒီလောက် သေးနုပ်သွားမယ်လို့ တစ်သက်လုံး ငါ တစ်ခါမှ အိပ်မက် မက်မကြည့်ခဲ့ဖူးဘူး။ ငါ မသေခင် လူ့သိက္ခာ ဒီလောက်ကျစရာ အကြောင်း မရှိနိုင်ဘူးလို့ ငါထင်ထားတာ မှားပါတယ်ကွာ။ ငါတို့မှာ ပြန်စစ်ဆင်နိုင်ဖို့ နေနေသာသာ၊ ခုခံစရာ လက်နက်တောင် မည်မည်ရရ ခုထိမရှိဘဲ အကွဲကွဲ အပြားပြား အလဲလဲ အပြိုပြိုနဲ့ ပြေးလွှားပုန်းအောင်းရတဲ့ စစ်ပြေးတွေ။ ငါတို့ခေါင်းဆောင်တွေ လက်မတထောင်ထောင် ပြောနေကြတုန်းက ငါ သေချာမှတ်မိတာ ရှိတယ်။ တစ်ချိန်လုံး ငါတို့ ကြားခဲ့၊ ယုံကြည်ခဲ့တာကြီးတွေ။ ငါတို့မှာ ခေတ်မီလက်နက်ကောင်းတွေ ရှိတယ်။ ငါတို့ နေတဲ့ ကမ္ဘာကြီးကိုတောင် ငါတို့ လက်နဲ့ ခဏလေး ဖျက်နိုင်တဲ့ အစွမ်းထက် လက်နက်ကြီးတွေ ပိုင်ထားတဲ့ နိုင်ငံကြီး ဆိုတာ ခုကျ ငါတို့ တိုင်းပြည်တောင် မဟုတ်ဘူး။ ငါတို့ တစ်ကမ္ဘာလုံးကို မင်းက အသာ လက်ကလေးနဲ့ တစ်ချက်တောက်။ ပျက်သလောက်ကို ဖြစ်သွားတာပါ... ကောင်ကြီးရာ။ ဖန်သားပြင်မှာ တစ်ချိန်လုံး ငါ အိုမင်းရင့်ရော်နေ။ ငါ ကြည့်နေတဲ့ စစ်သတင်းတွေက ထပ်တလဲလဲ ( မနေ့ကလိုပဲ ) ဘာမှ အားတက်စရာ မပါဘူး။ စစ်ရှုံးနေတယ် ကျဆုံးနေတယ် ဆိုတာချည်းပဲ။ ဘယ်အင်အားကြီး နိုင်ငံဆီကမှ စစ်ကူမလာနိုင်ဘူး။ သူတို့လည်း ငါတို့လို ပြေးနေတုန်း၊ ဆုတ်ကောင်းတုန်း၊ ကျဆုံးနေကြတုန်းတဲ့ သတင်းပို့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ညဥ့်မနက်သေးတော့ ရက်ချုပ်ကျဆုံးစာရင်း( body count )တွေကို ငါ မရေတွက်ချင်သေးဘူး။ ဒီနေ့အတွက် စာရင်းမပိတ်ရသေးပေမယ့် ငါအနံ့ ရပါတယ်။ ငါတို့ ပိုကျပ်တည်းကြမယ်။ အခြေအနေက ရိက္ခာကို ရာရှင်နဲ့ အချိုးကျ စားရမယ် ထင်တယ်။ သေချာ ငါ မသိသေးဘူး။ ငါတို့ ခေါင်းဆောင် တွေ ဆွေးနွေးနေတာ တွေ့လို့ မှန်းကြည့်တာ။ ဟောင်ကောင်က စာရင်းမှာ ထိခိုက်သူ အရေအတွက် ပြန်များလာပြန်ပြီ ဆိုတဲ့ အဓိပ္ပာယ်ကို ငါသိတယ်။ နောက်ဆုံး ခေါင်းမာမာ တင်းခံနေတဲ့ ဂျပန်တွေလည်း လုပ်ချင်လွန်းတဲ့ အိုလံပစ် ပွဲကြီးကို လက်လျှော့လိုက်ကြရပြီ မဟုတ်လား။ မင်း ခွင့်မပြုဘူး မဟုတ်လား။ စင်ကာပူ ရွေးကောက်ပွဲလည်း မင်း အမိန့်ရမှ ရှေ့ဆက်လို့ ရမှာမို့လား၊ ငါ သိပါတယ်။

ဗုံးတစ်လုံး အနားမှာ ကျကွဲလိုက်သလို၊ အမျိုးတစ်ယောက် လှမ်းပို့ လိုက်တဲ့ သတင်း ငါ့မျက်စိကို မှန်လိုက်တာ။ ငါတို့ဆီမှာ မင်းကို စတွေ့ပြီတဲ့။ နှစ်ယောက်တောင်မှ ပါလား။ တောတစ်တောလုံး ပြုဆင်း။ ငါရင်ထဲမှာ တအုန်းအုန်းနဲ့။ နေလို့ မကောင်းဘူးကွာ။

( ၂၃.၀၃.၂၀၂၀ )

mgyoe.com

mgyoe.com SAMPLE BOOK

## ကိုဗစ် ဒိုင်ယာရီ- ၇
## ( ၂၄.၀၃.၂၀၂၀ )(မနက်ခင်း)

မနက်ခင်း ကျွန်တော် ဒီနေ့ ဘာတွေ အရင်ဆုံးတွေး၊ ဒိုင်ယာရီမှာ ဘာကို အရင်ဆုံး ချရေးထားရင် ကောင်းမလဲ။ ကျွန်တော်တို့ဆီမှာ ဆရာဝန်၊ ဆရာမတွေ သုံးဖို့ PPE ကို အစိုးရက လုံလောက်အောင် ဖြန့်ဝေ ပံ့ပိုးနိုင်မှာ မဟုတ်ဘူး။ လူနာနဲ့ ဆရာဝန်၊ လူနာနဲ့ ဆရာမကြား၊ ပလတ်စတစ်အကြည် လိုက်ကာ ပြားလေးတစ်ချပ် ခြားပြီး တွေ့ကြဆုံကြ၊ ရောဂါအကြောင်း တိုင်ပင်ကြရင် နှစ်ဖက်လုံးအတွက် ကောင်းမလား။ ရေရှည်အကျိုးရှိမယ့် ဗျူဟာကို စဉ်းစား ရတော့မှာ မဟုတ်လား။ ဒီကူးစက်မှုကြီးက တစ်နှစ်လား၊ ဒီထက်ပိုကြာမှာ လား။ ဒီဥရောပမှာကျတော့ ဖုန်းနဲ့အဝေးကတိုင်ပင်လို့ ရကြတယ်။

ကိုဗစ်က လူနာကို ကိုက်ထားပါစေ။ ပိုးကိုက်ထားခံရတဲ့ လူနာက အကျိုးအကြောင်း ဆရာဝန်ဆီ ဖုန်းဆက်တဲ့အခါ ကိုဗစ်က ဖုန်းထဲကနေ ဆရာဝန်၊ ဆရာမကို လှမ်းမကိုက်နိုင်ဘူးလေ။ ဒီတော့ ဖုန်းနဲ့ပဲ တိုင်ပင် ဆွေးနွေးကြ၊ ဆက်လက်ကုသဖို့ လိုအပ်ရင် (appointment) ချိန်းချက်တာ လုပ်ကြတာပေါ့။ လူနာ၊ ဆရာဝန် အလွမ်းမသယ်ဘူး။ ဒရာမာ မရိုက်ကြဘူး။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဒီအချိန်မှာ ပြတ်ကြတယ်၊ ဆေးခန်းကို လူနာလာဖို့ ချိန်းဖို့ လိုအပ်ရင် တခြားရောဂါသမား၊ တခြားရောဂါလက္ခဏာ ရှိသူတွေက သီးသန့် ဝင်ပေါက်တစ်ခု၊ တခြား တစ်နေရာ ဝင်ပေါက်တစ်ခုက ဝင်ရတယ်။

ချောင်းဆိုး ကိုယ်ပူ၊ လည်ချောင်းနာ အသက်ရှုကျပ် စတဲ့ ကိုဗစ်ကိုက်ခံရပုံပေါက်တဲ့ လူနာက တခြားသီးသန့်အပေါက်က ဝင်ပြရတယ်။ ( ထူးထူးခြားခြား ခုရက်ထဲ ကျုပ် ဘာအနံ့ မှ မရတော့ဘူး ဆိုတဲ့ လက္ခဏာနဲ့ လာတဲ့ကိုဗစ် လူနာလည်း ရှိသေးတယ်။ သူလည်း ပေါ့စတစ် ဖြစ်နေတတ်တယ်။ ရှားပါးတဲ့ လက္ခဏာတစ်ခုပေါ့။ )

လူနာချင်း ဆိုပြီး ရောပစ်လိုက်လို့ မရဘူး။ ကိုဗစ်က အရောအနှော အရမ်းသဘောကျတယ်။ သူက ရောလေ စိတ်တိုင်းကျ ရက်စက်လေပဲ။ ကိုယ့်တိုင်းပြည်မှာ လူနာနဲ့ နေ့စဉ် ထိတွေ့နေရတဲ့ ကိုယ်ပိုင် ဆေးခန်းလေးတွေလည်း ကိုဗစ်အတွက် ချက်ချင်း ပြင်ဆင်ထားတာ မဟုတ်တော့ ဘယ်မှာပြည့်စုံမလဲ။ ဒီတော့ ပလတ်စတစ် အကြည် လိုက်ကာလေးတွေ လိုလာလိမ့်မယ် မုချပါ၊ ပန်ကာလေးလည်း ( တတ်နိုင်ရင်ပေါ့ ) ဆရာဝန်၊ ဆရာမ ဘက်က ဖွင့်ထား။ လူနာအမျိုးအစားခွဲ၊ အခန်းအပိုရှိရင်ခွဲ၊ သီးခြား ကုနိုင်ရင်ကောင်းတယ်။ လူနာနဲ့ ဆရာဝန်၊ ဆရာမကြားက ဆက်သွယ်နှောင်ကြိုးဒီလူကြီးက ခွဲခြားပစ်ဖို့ စဉ်းစားနေတာလို့ ပြောရင်လည်း ကျွန်တော် ခံပါ့မယ်။ ကိုဗစ်မှာ၊ ဒရာမာ မရှိဘူး။ ကိုဗစ်က ဒရာမာ မခင်းဘူး။ အပြင်းစား အဆိပ်တွေနဲ့ မမြင်နိုင်တဲ့ လက်နက်ဆူးတွေ ပါတယ်။ ပလတ်စတစ် အကြည်လိပ်ရောင်းချ သူတွေက ခုကျမှ ဈေးတက်ဖို့ မစဉ်းစားလိုက်ပါနဲ့။ ကုသိုလ်ယူကြရင်း လူသား ပီသ၊ လူသားတို့ မေတ္တာတရားအကြောင်း ပြကြပါ။ ဒီနည်းနဲ့ တစ်ဖက်က အသက်ကယ်ပေးလို့ ရပါတယ်။ ဆရာဝန်၊ ဆရာမ ရှေ့တန်း တိုက်စစ်မှူးတွေ ကျရင် နောက်တန်းလည်းကျမယ်။ တိုင်းပြည်လည်း ကျမယ်။

(၂၄.၀၃.၂၀၂၀ )

mgyoe.com

mgyoe.com SAMPLE BOOK

## ကိုဗစ် ဒိုင်ယာရီ- ၈
## ( ၂၄.၀၃.၂၀၂၀ )(ညနေခင်း)

ကိုရိုနာ ဗိုင်းရပ်စ် ကူးစက်ရောဂါ ကာကွယ်ဆေးကို စမ်းသပ် ဖော်ထုတ်နေကြတဲ့ အထဲမှာ ဒေါက်တာကိတ် ဘရော့ဒဲရစ် ( Dr Kate Broderick ) ဟာ အသက်၄၂ နှစ်ပဲ ရှိသေးတဲ့ စကော့တလန်သူ အချောတစ်ယောက်ပါ။ လာမယ့် ပြေီလထဲကျရင်တော့ သူတို့တစ်တွေ ကိုဗစ်နိုင်တင်း ကာကွယ်ဆေးကို လူသားတွေနဲ့ စ စမ်းနိုင်တော့မယ်လို့ မျှော်လင့်တဲ့အကြောင်း မကြာခင်က ထုတ်ပြောပါတယ်။ လောလောဆယ် အမေရိကန်နိုင်ငံ၊ စန်တီယာဂိုမြို့က ဓာတ်ခွဲခန်းမှာ သူ့အဖွဲ့တွေနဲ့အတူ တိရစ္ဆာန်တွေကို အရင်စမ်းသပ်နေကြတုန်းပါ တဲ့။

ပညာရှင် ဒေါက်တာမကြီးက ခုလိုပြောလိုက်တော့ ကိုဗစ် ကာကွယ်ဆေးကြီး မကြာခင်ပဲ မြန်မာပြည် ရောက်လာ၊ လူတွေ အလွယ်သုံးနိုင်ကြဆိုတဲ့ ကောက်ချက်မျိုး အလွယ်ဆွဲလိုက်မှာ စိုးပါတယ်။ အဲဒီလို ကောက်ချက်နဲ့ ပေါ့တီပေါ့ဆ အနေအစား မပျက် လုပ်နေကြမှာ စိုးပါတယ်။ သတင်းစာ၊ ဂျာနယ်ကြီး တချို့ကလည်း ကာကွယ်ဆေးတွေ့ပြီ ဆိုတာလောက် ခေါင်းစီးတွေနဲ့ အလွယ်ရေးနေကြတာ ဆိုတော့ နံနက်ခင်းမှ လင်းရမှာ။

mgyoe.com

mgyoe.com SAMPLE BOOK


၂၀၁၉ ဒီဇင်ဘာကစလို့ ကိုရိုနာ အလူးအလဲ စတင် အကိုက် ခံရတဲ့ တရုတ်ပြည် ဝူဟန်မြို့က ဆေးသိပ္ပံ ပညာရှင်တွေဟာ ကိုရိုနာဗိုင်းရပ်စ် Covid 19 ရဲ့ ဗီဇ ဖွဲ့စည်းပုံ ( Genetic Code )ကို အပြင်းအထန် ရှာဖွေခဲ့ရပါတယ်။ ၂၀၂၀ ဇန်နဝါရီလထဲမှာ သူတို့ တရုတ်ပြည်ကနေ တစ်ကမ္ဘာလုံးမှာရှိတဲ့ ဆေးသိပ္ပံ ပညာရှင်တွေဆီရောက်အောင် အလျင်အမြန် ပေးပို့မျှဝေနိုင်ခဲ့ကြပါတယ်။ အမြန်ပေးပို့ရခြင်း အဓိပ္ပာယ်တွေက သူတို့ဆီမှာ ဒုက္ခအကြီးအကျယ် ရောက်နေပြီ။ သူတို့ကို ဝိုင်းကြ၊ ကူကြ၊ ကယ်ကြပါဦးလို့ ပညာရှင်အချင်းချင်း စစ်ကူခေါ်ခဲ့တဲ့ သဘောပါပဲ။ Genetic Code ရပြီးပြီးချင်း သုံးနာရီ မပြည့်ခင်မှာ ဒေါက်တာ ကိတ်ဘိုဒဲရစ်က သူတို့ ဖော်ထုတ်မယ့် ကာကွယ်ဆေးရဲ့ DNA design ကို ပုံဖော်နိုင်ခဲ့တယ် တဲ့။

ကိုရိုနာ ဗိုင်းရပ်စ်ကို ဘယ်လိုနည်းနဲ့ ပြန်ဆော်ရမယ် ဆိုတာ မစဉ်းစားခင် ဒီဂြိုဟ်ကောင်ဟာ ဘယ်လို အမျိုးအစား၊ ဒီကောင့်ဖွဲ့စည်းပုံက ဘယ်လိုလဲ ဆိုတာ အရင်သိအောင် လုပ်ရတာ ဗိုင်းရပ်စ်ဗေဒ ပညာရှင်တွေ အလုပ်ပါ။ ကိုဗစ် ၁၉ ရဲ့ Genetic Code က အဲဒီ ဗိုင်းရပ်စ်ရဲ့ တည်ဆောက်ပုံ ( Blue Print )လို့ ပြောလို့ ရပါရဲ့။ Covid-19 ကို အတိုကောက် Sars-CoV 2။ အတိအကျက Severe Acute Respiratory Syndrome Coronavirus 2 ပါ။

ဒေါက်တာ ကိတ် ဘရှေ့ဒဲရစ် ဆီမှာ အရင် ဆားစ် နဲ့ ဇီကာ ကာကွယ်ဆေးတွေ ထုတ်ထားတဲ့ အတွေ့အကြုံ ရှိထားတော့ အခုလို တရုတ်ပညာရှင်တွေဆီက Genetic Code ရလိုက်တာနဲ့ ကာကွယ်ဆေး တည်ဆောက်ရမယ့် DNA ဒီဇိုင်းကို သူက မြန်မြန်လုပ်လိုက်နိုင်တဲ့ သဘော။ ဂျင်နက်တစ်ကုတ် လှမ်းပို့ပေးတဲ့ တရုတ်ပညာရှင်တွေကို သူက ကျေးဇူးတင်တယ်။

အစဉ်း မှန်းဆချက်မှာ အမေရိကန် (FDA) အဖွဲ့ ရဲ့ ထောက်ခံချက်ရရင် ( approval from the US Food and Drug Administration ) ဖွန်လထဲမှာ လူကို စ စမ်းနိုင်မယ်လို့ပဲ။ အခု ကျတော့ ရှေ့လ ဧပြီမှာ စစမ်းနိုင်မယ် ဆိုတော့ စောသွားတာပေါ့။ ဆားစ်တုန်းက သူတို့ ကာကွယ်ဆေး ထုတ်နိုင်တဲ့ အဆင့် အထိရောက်အောင် လပေါင်း ၂၀ ကြာခဲ့တယ်။ ဇီကာ ဗိုင်းရပ်စ် ကာကွယ်ဆေး (၂၀၁၅ )မှာ ကျတော့ Genetic Code ရပြီး ခုနစ်လပဲ ကြာလိုက်တယ် ဆိုပါတယ်။

mgyoe.com

mgyoe.com

ဒီနေရာမှာ နိုင်ငံတချို့ ဆရာကြီးတချို့ဆီက ဒီ ဗိုင်းရပ်စ်ကို တရုတ်က ထွင်လိုက်တာ။ တရုတ်လက်ထဲမှာ ကာကွယ်ဆေးက ရှိပြီးသား။ မကြာခင် ကာကွယ်ဆေး ထုတ် ရောင်းစား၊ ထောပြီ ဆိုတာမျိုး။ တချို့ကျတော့ ဒီပြဿနာဟာ မဟုတ်တရုတ်တွေ ဇီဝလက်နက်ထုတ်တဲ့ လျှို့ဝှက်ဓာတ်ခွဲခန်းကနေ မတော်တဆ ဖြစ်ဖြစ်၊ နမော်နမဲ့ ဖြစ်ဖြစ် ထွက်လာပြီးမှ မထိမ်းနိုင် မသိမ်းနိုင် ဖြစ်ကုန်လို့ အရပ်ကူပါ၊ လူဝိုင်းပါ ဖြစ်တာလို့ ဒရာမာတွေ ခင်းကြပါတယ်။ တကယ်လည်း တရုတ်ပြည်မှာ မျက်ကလည်းဆန်ပြာ မဟာဒုက္ခတွင်းလုံး ကျခဲ့ ကြပါတယ်။ ခုအချိန်အထိတော့ အဲဒီလို နိုင်ငံရေး လက်သီးပုန်းသီအိုရီတွေ ထက်စာရင် အစားသရမ်းတဲ့ ဝူဟန်မြို့ တောရိုင်းတိရစ္ဆာန် အရောင်းဈေးတန်း ကြီးကနေ ကိုဗစ်ဗိုင်းရပ်စ် ဇာတ်လမ်းစခဲ့တာ ဆိုတဲ့ ဇာတ်ထုပ်ခင်းပုံက နည်းနည်း ကျိုးကြောင်းဆီလျော်တယ်လို့ကျွန်တော်ကတော့ ထင်တယ်၊ တရုတ် ဗိုင်းရပ်စ် ဗေဒပညာရှင်တွေ အခုမှ သဲကြီးမဲကြီး ပြန်ခြေရာခံကောက်ကြတဲ့အခါ ကိုရိုနာ ဗိုင်းရပ်စ်ပိုးရဲ့ ဗီဇ ၉၆ ရာခိုင်နှုန်းနဲ့ အဲဒီဈေးမှာ ရောင်းနေတဲ့ လင်းနို့တွေမှာ ကပ်နေတဲ့ ကိုရိုနာ ဗိုင်းရပ်စ် သွားတူနေတယ်။ နောက်တစ်ခါ ( လေ့လာနေတုန်း ) ပင်ဂိုလင် ဆိုတဲ့ အကောင်ဆီက ကိုရိုနာ ဗိုင်းရပ်စ်ပိုးနဲ့လည်း ၉၉ ရာခိုင်နှုန်း သွားတူနေတာကို သူတို့ ရှာဖွေ တွေ့ရှိထားသတဲ့။

A team of virologists at the Wuhan Institute for Virology released a detailed paper showing that the new coronaviruses genetic makeup is 96 percent identical to that of a coronavirus found in bats, while an as yet unpublished study argues that genetic sequences of coronavirus in pangolins are 99 per cent similar to the human virus.

ဒီတောကောင်တွေကို အစားသရမ်းတဲ့ တရုတ်မောင်တွေ၊ တရုတ်မတွေက ခုတ်ထစ်ကြ၊ ရောင်းချကြ၊ စားသောက်ကြ ဆိုတော့ သွေးစ၊ အသားစတွေက ဗိုင်းရပ်စ်က လူသားဆီ ရောက်။ ဗီဇပြောင်း ( Mutation ) ( ဘုရားရိုက်တယ် ပြောမလား ) အဲဒီလို ကျွန်တော်က ထင်တယ်။

mgyoe.com

ကာကွယ်ဆေးရလာပေမယ့် တစ်ကမ္ဘာလုံးအတွက် အကြီးအကျယ်နဲ့ လုံလောက်အောင် အလျင်အမြန် ထုတ်ဖို့အတွက်တော့ မလွယ်တာသွားတွေ့တယ်။ အခု ဒေါက်တာ ကိတ် ဘိုဒဲရစ်တို့လိုပဲ ဆေးကုမ္ပဏီကြီးတွေ၊ Academic Institution ကြီးတွေ စုစုပေါင်း ၃၅ ခုလောက်က အပြိုင်အဆိုင် အပြင်းအထန် သုတေသနကြီး Covid-19 Vaccine ကာကွယ်ဆေးရဖို့ ကြိုးစားနေကြပါတယ်။ ကိုဗစ် ဗိုင်းရပ်စ်ဟာ ၂၀၀၂- ၂၀၀၄ မှာ ဖြစ်ခဲ့တဲ့ ဆားစ် ( SARS severe acute respiratory syndrome )၊ ၂၀၁၂ ဆော်ဒီမှာ ဖြစ်ခဲ့တဲ့ မားစ် ( MERS Middle East Respiratory Syndrome ) တို့နဲ့ ကိုရိုနာ ဗိုင်းရပ်စ် မျိုးစိတ်တွေချင်း အတူတူ။ ဆားစ် ဗီဇနဲ့ ဆိုရင် ၈၀ ရာခိုင်နှုန်းအထိ တူနေတယ်လို့ ဆိုပါတယ်။

ပုံတွေမှာ ပြထားတဲ့ ဗိုင်းရပ်စ် အကောင်ရဲ့ မျက်နှာပြင်မှာ ရှိတဲ့ ဒလက်ချွန်လေးတွေက လူ့အဆုတ်ထဲက တစ်ရှူးမျက်နှာပြင်တွေကို ကုပ်တွယ်ပြီး အဆုတ် ဆဲလ်တွေထဲ ဝင်ရောက် အသွင်ယူတယ်၊ မျိုးပွားတယ်။ အဆိပ်တွေထည့် ဖျက်ဆီးကြတော့တာပါ။ အဲဒီလိုဖြစ်နေတဲ့ အချိန်မှာ လူ့ ခုခံရေးစနစ်Immune System က ခုခံတဲ့ antibodies တွေ ထွက်ပါတယ်။ အဲဒီခုခံတဲ့ ဓာတ်က ကာကွယ်ဆေး ထုတ်တာရဲ့ အခြေခံပါပဲ။

အခု ကိတ်တို့ စမ်းသပ်နေကြတဲ့ ကာကွယ်ဆေးတွေကို ပထမအဆင့်မှာ ကျန်းမာရေးကောင်းတဲ့ လူ ဒါဇင် အနည်းငယ်လောက်နဲ့ အရင်စတင် စမ်းရပါတယ်။ သူတို့အားလုံးကို သီးသန့် အခန်းကိုယ်စီနဲ့ ထားတယ်။ နှစ်ပတ်လောက် ဘယ်မှ မသွားရဘဲ တီထွင်ထားတဲ့ ဆေးကို ထိုးမယ်။ ပြီးရင် ခန္ဓာကိုယ်က တုန့်ပြန်မှုကို အမျိုးမျိုး စမ်းသပ်ကြမယ်။ လန်ဒန်မြို့က သတ်မှတ်ထားတဲ့ နေရာတစ်ခုမှာ စမ်းသပ်မှုတွေ စတင်နေတာကို တီဗွီက နေ ပြသွားတယ်။ ဗော်လံတီယာ အစမ်းသပ်ခံမယ့် ပုဂ္ဂိုလ်ကို နှစ်ပတ်အတွက် ပေါင် ၃၀၀၀ ပေးတယ်လို့ ပြောပါတယ်။ ဘယ်မှ မသွားမလာရ။ အခန်းအောင်း နှစ်ပတ်ကို ပေါင် ၃၀၀၀ ဆိုတော့ စမ်းပျော်ပါတယ်။ ကိုယ်လည်း အသက်ငယ်သေးရင် နှစ်ပတ် ပေါင် ၃၀၀၀ရမယ့် အလုပ်ကို အတော်စိတ်ဝင်တစား သွား လျှောက်မိမလားပဲ။

mgyoe.com

mgyoe.com  SAMPLE BOOK 

အဲဒီလို ဒါဇင် အနည်းငယ်နဲ့ စ စမ်းသပ်လို့ အဆင်ပြေတယ် ဆိုရင် ဒုတိယဆင့်မှာ လူနာအစစ် ရာဂဏန်း အတော်များများနဲ့ ဆက်စမ်းကြပါမယ်။ လူနာ ရာဂဏန်းအတော်များများနဲ့ အဆင်ပြေတယ် ဆိုမှ တစ်ခါ လူနာ ထောင်ဂဏန်း အတော်များများနဲ့ ဆက်လက်စမ်းသပ်ကြရတာမျိုး။ လူနာ ထောင်ဂဏန်းအတော်များများ နဲ့စမ်းလို့ထိရောက်နေပြီ၊ ဆိုးကျိုးတွေလည်း မတွေ့ရပါဘူး ဆိုတဲ့အချက်တွေ ကိုအတည်ပြုထောက်ခံပေးရတဲ့ အမေရိကန် FDA လို အဖွဲ့မျိုးက ထောက်ခံပြီးပြီဆိုရင် တစ်ကမ္ဘာလုံးအတွက် ထုတ်လုပ်လို့ ရပါပြီ။ အမေရိကန်သမ္မတ ထရမ့်က ရွေးကောက်ပွဲ မတိုင်ခင် နိုဝင်ဘာလထဲ လောက်ကို ကာကွယ်ဆေးတွေ အဆင်သင့် ဖြစ်စေချင်၊ ထုတ်စေချင် နေပါ တယ်။ ဒါပေမဲ့ ကာကွယ်ဆေး ထုတ်လုပ်တဲ့ ပညာရှင် Vaccinologists တွေ အတော်များများကတော့ ဖြစ်နိုင်ခြေ မရှိဘူးလို့ ပြောတယ်။ တကယ် အကြီး အကျယ်ထုတ်ဖို့ နည်းပညာ အဆင့်မြင့်မြင့်နဲ့ ရောမ ထုတ်လုပ်ရေး ဆေးဝါး စက်ရုံကြီး လိုမယ်။ ဒေါ်လာ သန်း ၂၀၀၀ လောက်အထိ ရင်းနှီးကြရမယ်လို့ ပြောကြတယ်။ အဲဒီမှာ နိုင်ငံရေးကိစ္စနဲ့ အစိုးရများ ကိစ္စတွေ ပါလာပါရော။ တစ်ကမ္ဘာလုံးက လူသားတွေအတွက် Mass immunization အားလုံး ကာကွယ်ဆေးအဖြစ် ထုတ်လုပ်နိုင်အောင် သက်ဆိုင်ရာ အစိုးရတွေ အသီး သီးက ရန်ပုံငွေ ဖန်တီး မတည်နိုင်ကြပါ့မလား။ ညှိမရရင် တစ်နိုင်တစ်ပိုင်လောက် ကိုပဲ တတ်နိုင်တဲ့ အစိုးရတွေက သူတို့တိုင်းပြည်အတွက် တတ်နိုင်သလို လီပြီး ထုတ်နေကြမှာလား။

H1N1 တုပ်ကွေးတုန်းက ပိုက်ဆံတတ်နိုင်တဲ့ နိုင်ငံတွေအတွက် လောက်ပဲ ထုတ်နိုင်ခဲ့ကြတာမျိုးတဲ့။ လောလောဆယ်တော့ အင်္ဂလန်က ပေါင် သန်း ၂၀ သုံးပြီး ဓာတ်ခွဲခန်း ၁၃ နေရာ ခွဲ၊ ကာကွယ်ဆေး အရင်ရအောင် စမ်းသပ် ကြိုးစားနေတယ်လို့ သိရပါတယ်။ အဓိကက ကာကွယ်ဆေး ရလာရင် ကုသရေးမှာ ရှေ့တန်းက ဆောင်ရွက်နေရတဲ့ ဆေးပညာရှင်တွေ၊ ဆေးဝန်ထမ်း တွေ ဆရာဝန်ဆရာမတွေ။ နောက်တစ်ဆင့် ကိုယ်ဝန်ဆောင် မိခင်တွေ၊ ကလေး တွေ၊ ကျန်းမာရေးစောင့်ရှောက်တဲ့ လုပ်သားတွေ၊ လူအိုရုံက လူအိုတွေ။ အဲဒီလို အဆင့်ဆင့် ဦးစားပေး စဉ်းစား ဆောင်ရွက် ထိုးနှံသွားကြမှာ ဖြစ်ပါ တယ်။ အသည်းရောင် အသားဝါ ဘီပိုး၊ စီပိုးကာကွယ်ဆေးမျိုးကို လူတိုင်း အတွက် အလကား ထိုးမပေးနိုင်သလိုပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

လောလောဆယ်တော့ ကာကွယ်ဆေး ထုတ်နေတဲ့ ဆေးပညာရှင်တွေကို မေတ္တာပို့ကြပါ။ သူတို့ အလွယ်တကူ အိမ်ပြန်ပြီး အိမ်သားတွေနဲ့ လွယ်လွယ် တွေ့လို့မရတဲ့ အလုံပိတ် အခန်းတွေထဲမှာ ကာကွယ်ဆေး အမြန်ပေါ်ဖို့ အပြင်းအထန် အလုပ်လုပ်နေကြပါတယ်။ ဒါကြောင့်လည်း ဗြိတိန် ဘုရင်မကြီးက ဆေးပညာရှင်တွေကို ရှေ့ဆုံးကထား၊ ကျေးဇူးတင်စကား ပြောသွားတာ။

ကိုဗစ် ကူးစက်ခံရတာ ခုဆို လူသား လေးသိန်း နီးပါး ရှိလာပါပြီ။ ကျွန်တော်တို့က အသက်ကို ဥာဏ်နဲ့ စောင့်ရှောက်ကြမယ်။ နမော်နမဲ့ ဆိုရင် သဗ္ဗေသတ္တာ ကမ္မသကာ ရွတ်နေရမယ်။ သုံးရာသီလုံး ခေတ်မီ ဆောင်ပုဒ်ကတော့ လက်ဆေးခြင်းမှာ မပျင်းရာ။

( ၂၄.၀၃. ၂၀၂၀ )

mgyoe.com

mgyoe.com SAMPLE BOOK

## ကိုဗစ် ဒိုင်ယာရီ- ၉
## ( ၂၅.၀၃.၂၀၂၀)

တက်လာတဲ့ စာရင်းတွေမှာ နယူးယောက် တစ်မြို့တည်းမှာတင် ကူးစက်ခံနေရတာက သုံးသောင်း ဆိုတော့ နောက်တစ်ပတ်ကြာရင် အဖိတ်အစဉ်က တစ်ရက်တည်း လေး၊ ငါးရာကျော်တော့မှာ သေချာနေပြီ အမေရိက။ လူဦးရေ ၁.၄ ဘီလီယံရှိတဲ့ အိန္ဒိယ ဘာလို့ စောစော ပိတ်ချလိုက်တယ် ဆိုတာ ငါ အလွယ်လေး တွက်ကြည့်လို့ ရတယ်။

ယူကေမှာတော့ သူဌေးတွေ သင်္ဘောမှောက်နေတုန်း သူတောင်းစားတွေ ခွက်ပျောက်ကိန်း ဆိုက်တာလည်း ပြဿနာပဲ။ လမ်းဘေးအိပ်၊ လမ်းဘေးစား အိုးအိမ်မဲ့ လူတန်းစားက သုံးသောင်းလောက် ရှိနေခဲ့တာ။ အခု လော့ဒေါင်းကာလ လူတွေ အပြင်မထွက်ရ။ အပြင်ထွက်တဲ့ လူတွေ မရှိတော့ သူတို့ နေ့စဉ်ဝင်ငွေ သုံည ဇီးရိုး ဖြစ်ကုန်တယ်။ စားစရာ မရှိတော့ဘူး။ ( ဗန်းစကားနဲ့ဆို ပုံးချက်ချင်း ကြောင်ကြတာပေ့ါ။) တချို့က သွားလေရာရာ ခွေးတွေအဖော်ပါကြသေးတယ်။ ခွေးနဲ့ သူတို့က အဖေနဲ့ သားသမီးလို နေကြတဲ့ မိဘ၊ သားသမီး ဆက်ဆံရေးမျိုး။ သူတို့ဘဝမှာ အပြန်အလှန် သံယောဇဉ်နှောင် ဖွဲ့နိုင်မှု ဆိုတာ

mgyoe.com

အဲဒီ ခွေးလေးတွေပဲ။ မေတ္တာအစစ်ပေးစရာ၊ ရစရာရှိတာလည်း ခွေးလေးတွေနဲ့ပဲ ဆိုတော့။ မိုးရွာရွာ၊ နှင်းခဲခဲ လမ်းဘေးမှာ သူတို့ အတူအိပ်၊ အတူစား။ ဘယ်တော့မှ တစ်ယောက်ကို တစ်ယောက် ပစ်မထားဘူး၊ ခွဲ မသွားခဲ့ဘူး။

အခုဝင်ငွေ မရှိတော့ သူတို့ အားလုံး စားစရာ မရှိဘူး။ ကယ်ဆယ်တဲ့ စေတနာ့ဝန်ထမ်း အသင်းလေးတွေက သူတို့ကို ဟိုတယ်တချို့နဲ့ ခရစ်ယာန်ဘုရားကျောင်းတွေမှာ နေရာချပေးတယ်။

စားစရာ တစ်နပ်တော့ သေချာတယ်။ ကျွေးမယ်ပေါ့။

ဒါပေမဲ့ ဟိုတယ်မှာ၊ ဘုရားကျောင်းတွေမှာ ခွေးတွေကိုပါ ခေါ်ထားလို့ မရနိုင်ဘူး။

ခွေးတွေကိုတော့ နေရာချလို့ မရဘူးပေါ့။ ဒီတော့ ခွေးကို ခွေးကယ်ဆယ်ရေးအဖွဲ့တွေ လက်ထဲ အပ်ရရှာတယ်။ တကွဲတပြားစီ ခိုလှုံရာရှာကြရပြီ။

အိမ်ခြေရာခြေမဲ့ တစ်ယောက် အင်တာဗျူးမှာ သူဟာ ဒီခွေးမလေးကို ခြောက်လသမီး ကတည်းက မွေးလာတာ သူ့တစ်သက်လုံးပါတဲ့၊ ခုခွဲရတော့မယ်လေ။ စားစရာနေစရာ နှစ်ယောက်လုံးအတွက် သူတို့ တစ်နေရာစီမှာ သွားခိုလှုံရတော့မှာ ဆိုပြီး မျက်ရည်တဝဲဝဲ ပြောနေရှာတယ်။

ကာလကြီးက သူဌေးလည်း သဘော်မှောက်တယ်၊ သူတောင်းစားလည်း ခွက်ပျောက်တယ် ဆိုတဲ့ ကာလ။

ကိုဗစ်က လူနဲ့ ခွေးရဲ့ ချစ်ခြင်းကိုလည်း ခွဲတယ်။ လူသား မိသားစုဘဝတွေကိုလည်း သေခွဲ ခွဲတယ်။

အဲလစ်စဗက် ဘုရင်မကြီးရဲ့သား၊ ချားလ် မင်းသားကြီး အကူးစက်ခံနေရပြီ ဆိုတဲ့သတင်း တက်လာတယ်။ ကိုဗစ်က လူတွေ တရှန်းရှန်းနဲ့ နေတာကို အမှန်းဆုံး ဆိုတော့ မင်းသားကြီး ထိပြီကော။ မင်းသားကြီး အဓိက နေ့စဉ် အလုပ် တာဝန်က တစ်နေကုန် အခမ်းအနားတွေ တက်ရတာ။ ညှိခံပွဲတွေ တက်ရတာ။ လက်ဆွဲနှုတ်ဆက်နေရ၊ စကားတွေ ပြောနေရတာမျိုးတွေ။ ဘယ်တုန်းက ဘယ်မှာ ကိုဗစ်က မင်းသားကြီးကို ကိုက်လိုက်တယ် ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ အခု သူ့သတင်းက တစ်နေကုန် ခေါင်းကြီး သတင်း ဖြစ်နေတာပေါ့။

mgyoe.com

mgyoe.com

ကိုဗစ်ဟာ တကယ့်ကို ဆင်းရဲ၊ ချမ်းသာ မျက်နှာ မလိုက်ဘူး။

အခု ဘုရင့်အမျိုးတွေကိုပါ ကိုက်လိုက်ပြီ။ ဘယ်သူ့မှ မချန်၊ မကျန် တော့ပါလား။ ဝန်ကြီး၊ အမတ်၊ သူဌေး၊ ဘောလုံးသမား အကုန်ကို ဒုက္ခ ပေးနေတာ အသေအချာ။ အခု ဘုရင့်မိသားစုကိုပါ ကူးစက်ထားပြီ ဆိုတော့ စိုးရိမ်စရာက ဘုရင်မကြီးကိုပါ ကူးသွားနိုင်သလား ဆိုတဲ့ မေးခွန်း။

မင်းသားကြီး ချားလ်စ်တောင် အခု အသက် ၇၀။ သူ့မိခင် ဘုရင်မကြီး အသက်က ၉၀ တော်တော်ကျော် နေတော့ ကူးစက်မိလိုက်ရင် တကယ် မလွယ်ဘူးလေ။

ဘုရင်မကြီးနဲ့ သူ့သား ဘယ်တုန်းက နောက်ဆုံးထား တွေ့ခဲ့ကြ သလဲ ဆိုတဲ့... သတင်းကြေညာ တင်ဆက်သူနဲ့ ဖြေရေး ဖြေခွင့် ရှိသူတို့ နှစ်ယောက်အပြန်အလှန် အမေး၊အဖြေခန်းဟာ အတော် ရင်မောစရာ ကောင်းနေ တယ်။ မနေ့က မသွားမဖြစ်လို့ တစ်ခါ ဈေးဝယ်ထွက်ရပြန်တာ။ နွားနို့ ကြက်ဥ ဆိုတာမျိုးက အကြာကြီး တစ်လစာ နှစ်လစာ လှောင်ထား၊ စားလို့ကောင်းတာ မျိုး မဟုတ်တော့ မတတ်နိုင်။ တစ်ပတ်တစ်ခါလောက်တော့ မျက်နှာ နှာခေါင်း စည်းတပ်၊ လက်အိတ်စွပ်၊ ဈေးဝယ် ထွက်နေရဦးမှာပဲ။

တကယ်တမ်းက အပြင် မထွက်ချင်ဘူး။ အပြင်ထွက်ရင် ရောဂါ က နေရာမရွေးက ရလာနိုင်ခြေ ရှိနေတာ။ ကားဆီထည့်တဲ့ ပန့်မ်လက်ကိုင်။ ဈေးဝယ်တော့ တွန်းတဲ့ လက်တွန်းလှည်း လက်ကိုင်။ အရောင်းကောင်တာမှာ ပစ္စည်း အတင်အချ။ ဈေးဝယ်တုန်း လူချင်းပူးမိတဲ့ အခိုက်အတန့်တွေ။ ( လူချင်း မပူးနိုင်အောင် ဈေးဝယ်တဲ့အချိန် တစ်ယောက်နဲ့ တစ်ယောက် ခပ်လှမ်းလှမ်း အတော်ခြားပြီး တန်းစီ ဝင်ကြရတဲ့ စနစ်တော့ လုပ်ထားတယ်။ စည်းကမ်း အရကခြောက်ပေကွာစီ ဆိုပေမယ့်သိပ်မလွယ်လှပါဘူး။အထဲရောက်သွားကြတဲ့ အခါ တစ်ယောက်နဲ့တစ်ယောက် ပစ္စည်းရှာရင်း ကောက်ရင်း နီးကပ်သွားတဲ့ အခါမျိုးတွေ ရှိတာပဲ။ )

မော်ရစ်ဆင် ကုန်တိုက်( Morissons) နဲ့ သူ့ ကုမ္ပဏီ စီစဉ်ပုံကို အလွန် သဘောကျတယ်။ အရင်အပတ်က ဈေးဝယ်တော့ အရောင်းစာရေးတွေမှာ အကာအကွယ် မရှိသေးဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

အခုတစ်ပတ်သွားတော့ ပလတ်စတစ် မှန်သားအကြည် အကန့်လေးတွေနဲ့ အရောင်းကောင်တာတိုင်းမှာ အရောင်းစာရေးတွေကို ကာကွယ်တပ်ဆင် ပေးထားပြီးပြီ။ ဝယ်သူက ပိုက်ဆံရှင်းတဲ့ အခါ တိုက်ရိုက် မျက်နှာချင်းဆိုင် တွေ့ကြ ပေမယ့် ပလတ်စတစ်မှန်က ခံနေတော့ ဗိုင်းရပ်စ်က ခုန်ကူးဖို့ မလွယ်တော့ဘူး။

ပိုက်ဆံ ပေးတဲ့ စက်ကလေး တစ်ပေါက်စာပဲ ဖောက်ထားပေးတယ်။ ရောင်းသူ၊ ဝယ်သူ ဆက်သွယ်စရာ အဲဒီ အပေါက်ကလေး တစ်ခုကပဲ ဆက်သွယ်စရာ လိုတယ်။ လူတွေ အသက်တွေက အရေးကြီးတယ်။ တန်ဖိုးထားရမယ်လေ။ ငါတို့တိုင်းပြည်မှာလည်း အသက်တွေ အရေးကြီးမှာ။ တန်ဖိုးထားကြမှာပါ။

တစ်နေ့က ကိုယ်က ကိုယ့်တိုင်းပြည်က ဆေးရုံ၊ ဆေးခန်းတွေမှာ အလုပ်လုပ်နေတဲ့ ဆရာဝန်၊ ဆရာမတွေကို ပူပန်မှုနဲ့ ပလတ်စတစ်အကြည်စတွေနဲ့ ကန့်လန့်ကာခြားလို့ လူနာတွေကို တွေ့သင့်ကြပြီလို့ ပြောမိသေးတယ်။ အခု ဒီက ကုန်တိုက်တွေမှာ ကုမ္ပဏီက ဝန်ထမ်းတွေအတွက် စနစ်တကျ တတ်နိုင်သလောက် စီစဉ် ဖန်တီးပြီးသွားပြီ။ ငါတို့ ဆီက ရှေ့တန်းစစ်မြေပြင် ဆေးရုံ၊ ဆေးခန်းတွေမှာ အကာအကွယ် ရှိပြီလား၊ လုပ်ပြီးပြီလား ငါ မသိဘူး။

ဈေးဝယ်ထွက်လို့ အပြန်မှာတစ်ခါတည်းထွက်လက်စမို့ တစ်ပတ်တစ်ခါဘုန်းကြီးကျောင်း ဆွမ်းပို့ရမယ့် ဆွမ်းပတ်ရက်လည်း ရောက်နေတော့ ဆွမ်းဝင် ကပ်သေးတယ်။ ဆွမ်းကို မဟေသီက အဆင်သင့် ချက်ပြီး ဘူးတွေနဲ့ ထည့်ပေးလိုက်တာ။ ဘူးတွေဗန်းနဲ့တင် မြန်မြန်ကပ်ပြီး မြန်မြန်ခွာ မြန်မြန်ပြန်ရတယ်။ အရင်လို ဖွယ်ဖွယ်ရာရာ ချက်ပြီး ကျောင်းမှာ ဖွယ်ဖွယ်ရာရာပြင် အကြာကြီး နေပြီး ကပ်လို့ မရဘူး။

အမှန်က စည်းကမ်းအရ ခုအချိန်က တစ်အိမ်နဲ့တစ်အိမ် ကူးလို့ မရဘူး။ ဒီကာလက ကူးခွင့် မရှိဘူး။ ရဲနဲ့တွေ့ရင် သူတို့ကြိုက်မှာ မဟုတ်ဘူး။ မေးတာ မြန်းတာ လုပ်နေနိုင်သေးတယ်။ အစိုးရက တီဗွီကနေ တစ်ချိန်လုံး ခပ်ခွာခွာနေခြင်းဖြင့် ( Social distancing ) တိုင်းပြည်ကို ကာကွယ်ပါ၊

mgyoe.com

SAMPLE BOOK


ကျန်းမာရေးဌာနကို ညွှာတာပါ လို့ အော်နေတာ၊ ပြောနေတာ။

ကိုယ်ဆွမ်းသွားကပ်လို့ကိုယ့်ဆီမှာ ကိုဗစ်ရှိနေတာ ကိုယ် မသိ။ ကိုယ်မသိလိုက်ရပဲ ဘုန်းဘုန်း ကပ်လိုက်ရင်း ရောဂါပါ ဖြန့်မိနေမှာလည်း စိုးရသေးတယ်၊ အင်္ဂလန်မှာ ဘုန်းဘုန်းတွေက ရှားတော့ ပိုသတိထားရတာပေါ့။ ဆရာဝန် အငယ်လေးတွေ ကူးစက်ရောဂါ တိုက်ဖျက်ရေးမှာ မိမိ စိတ်စေတနာအလျောက် ပါဝင် တာဝန်ထမ်းကြတော့မယ် ဆိုတဲ့ သတင်းတွေတက်လာတယ်။ ဆေးကျောင်းသား၊ ကျောင်းသူလေးတွေကလည်း ဗော်လန်တီယာ လုပ်ကြမယ်တဲ့။ ကာကွယ်ရေး၊ ကုသရေးတွေမှာ ကျရာကဏ္ဍက ပါကြတော့မယ် ဆိုပြီး သူတို့ရဲ့ ငယ်ရွယ်ပျိုမျစ် ပြုံးရွှင်နေတဲ့ ဓာတ်ပုံလေးတွေတစုတစည်းနဲ့ တင်လာကြတာကို တွေ့တော့ ငါလည်း အားရကြည်နူး ဝမ်းသာဖြစ်ရတယ်။

ငါ့တိုင်းပြည်မှာ ဒီလိုလူငယ်တွေ ရှိသမျှ မကျဆုံးတော့ဘူး ဆိုတာငါ သိတယ်။ ကိုဗစ်ဟာ ဇီဝိန်ခြွေတတ်တဲ့ အကောင်မျိုး ဆိုတာ သူတို့ အသိဆုံးပဲလေ။ ဒါကို သူတို့ ရှေ့တန်းကို တက်ကြမယ်။ ရဲရင့်ပြတ်သားတဲ့ စိတ်ထားနဲ့ တက်ကြမယ်။ သူတို့ထဲမှာ တစ်ချို့တလေ ကူးစက်ခံရမယ်။ တစ်ချို့တလေလည်း အဆင်မသင့်ရင် အသက်ပေးရနိုင်တယ်။ သူတို့ သိတာပဲ။ ဒါပေမဲ့သူတို့ ရဲရင့်တဲ့ ခြေလှမ်းနဲ့ မြင့်မြတ်တဲ့ ဒီလမ်းကို ရွေးကြတယ်။

ကိုဗစ်ဟာ လူကြီးတွေကိုသာ အကုန်မျိုးဖြုတ်လို့ ရချင်ရမယ်၊ လူငယ်တွေကိုတော့ အကုန် မျိုးမဖြုတ်နိုင်ဘူး။ ကိုဗစ်ကို ခုခံနိုင်စွမ်းတဲ့ လူသားနှလုံးသားနဲ့ ဝိညာဉ်စွမ်းအားက ကိုဗစ်ကို ရင်ဆိုင်ရင်း ဒီလူငယ်တွေဆီမှာ တက်လာမှာ။

ဒီလူငယ်တွေကြောင့်လည်း တိုင်းပြည်မှာ အကျင့်အကြံ တရားတွေတက်လာပြီး တိုင်းပြည် ကိုယ်ခံအား ရသွားနိုင်မှာ ငါသိတယ်။

ကိုဗစ် ပြီးတဲ့ ကိုဗစ်နိုင်တဲ့ မျိုးဆက်တွေက ကိုဗစ်နိုင် antibodies အပြည့်တွေနဲ့ ဦးဆောင်ကြမယ်။ ဒီနည်းနဲ့ ငါတို့ တိုင်းပြည် ရှေ့အနာဂတ်ခရီးကို ဆက်နိုင်မယ် ဆိုတဲ့ အသိမျိုး ငါ ခံစားလာရတယ်။ ဒါ အမြတ်ပဲ။

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ချို့တလေကို ငါတို့ ပေးဆပ်ရတာ ရှိမယ်။ ဒါ ဝမ်းနည်းစရာပဲ၊ ဒါပေမဲ့ သူတို့လေးတွေ စိတ်ဓာတ်မျိုးနဲ့ ငါတို့တိုင်းပြည် ကိုဗစ်ကို အနိုင်တိုက်နိုင်မယ် ဆိုတာကတော့ ငါ သံသယမရှိဘူး။

သူတို့ကို မြင်ရင်း ငါ အားတက်ကျေနပ်အားရခြင်းနဲ့ ယုံကြည်ခြင်း ခိုင်မာလာခဲ့ပြီ။

( ၂၅.၀၃.၂၀၂၀)

mgyoe.com

mgyoe.com SAMPLE BOOK

# ကိုပစ် ဒိုင်ယာရီ- ၁၀
## ( ၂၆.၀၃.၂၀၂၀)

ကမ္ဘာကြီး ကပ်ဆိုးကျ၊ ဥရောပ၊ အမေရိက မြို့ကြီးတွေက မီးသင်္ဂြိုဟ်စက်တွေ မနိုင်မနင်း ဖြစ်နေတဲ့ ကာလမှာ ရန်ကုန်နဲ့ နယ်တချို့က လူ တချို့ လုပ်နေတာတွေ မြင်တော့ လာနေတဲ့ ကပ်ဘေးကို သူတို့ ဘယ်လို နားလည်ပြီးလို့ ဘယ်လို ရင်ဆိုင်ကြမလဲ ဆိုတာ ငါ တွေးလို့ မရဘူး။ မိတ်ဆွေတချို့ ဒီနေ့ ပို့လိုက်တဲ့ ရုပ်သံ ဖိုင် နှစ်ခုကို ကြည့်မိပြီး အဲဒီလို အတွေးတွေ၊ အတွေးတွေ နောက်က ကပ်ပါလာတဲ့ ရုပ်ထွေး သောကဗရပွ နဲ့ တစ်နေကုန် ငါ နပန်းလုံးနေရပါပေါ့။ မနေ့က မတ်လ ၂၅ ရက် ကျုံပျော်၊ ဇင်ပြွန်းကုန်းရွာမှာ ရွာအနောက်ခြမ်းက ရွာသားတွေက အသက် ၈၀ အဘွားကြီးတစ်ယောက်ရဲ့ အသုဘကို ရွာလယ်လမ်းက ဖြတ်သယ်မယ် လုပ်တော့ အယူရှိတဲ့ ရွာအရှေ့ခြမ်းက ရွာသားတွေက လက်မခံ၊ အရှေ့ခြမ်းနဲ့ အနောက်ခြမ်း ရွာသားချင်း အခင်းမဖြစ်ကြလေအောင် ရဲတွေက ဝင်တားသတဲ့။ အနောက်ရွာသားတွေ သတ္တိကောင်းလှစွာ၊ ဒါမှမဟုတ် ဥပဒေကို လိုက်နာစရာ မလိုဟု အထင်ရှိစွာ ရဲတွေ တားထားတာကို မထီမကြောက်၊ အတင်းတိုးကြ။ ခဲမိုးတွေ ရွာကြ။ ရဲတွေကို ပစ်ပေါက်ခဲ့ကြတဲ့အခါ ရုန်းရင်းဆန်ခတ်တွေ ဖြစ်။ ရဲက ပြန်လည် ပစ်ခတ် ဖြေရှင်း

mgyoe.com

mgyoe.com

SAMPLE BOOK


ချိန်မှာတော့ တစ်ယောက် သေ၊ ဘုန်းကြီးတစ်ပါး အပါအဝင် ရွာသား သုံးဦး ဒဏ်ရာရတဲ့ အကြောင်း။ ရုပ်သံဖိုင်ထဲမှာတွေ့ရတာတော့ အတင်းတိုး အတင်း ခဲမိုးရွာနေတဲ့ ရွာသားတချို့။ လက်တွေထဲမှာလည်း မှတ်တမ်းတင်ဖုန်းကင်မရာ တွေ တကားကားနဲ့ မှတ်တမ်းများတစ်ဖက်က ယူကြ။ ဘာများ လုပ်ကြမှာပါ လိမ့်ကွယ်တို့။

နောက် ဖိုင်တစ်ခုက မတ်လ ၂၆ ရက်။ ပူပူနွေးနွေး ဒီနေ့ပေါ့။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် အရှေ့ပိုင်း စက်မှုဇုန်မှာ ရှိတဲ့ Grand Enterprises Garment Co.,ltd မှာ အလုပ်သမား ၂၀၀၀ ကျော် ဆန္ဒပြနေတဲ့ သတင်း။ ကိုဗစ်က အဓိက မကျဘူး။ ဒါမှမဟုတ် ကြောက်စရာ မလိုဘူး။ လက်ရှိ ဗိုက်ပြဿနာက အဓိက။ အဲဒီ တစုတဝေးကြီးက ပူးပူးကပ်ကပ်။ ဘယ်သူ တွေက ဘာတာဝန်ခံကြမှာပါလိမ့်။

အီတလီမှာ ဒီနေ့အထိ ကူးစက် ၈၀၅၃၉ နဲ့ အဖိတ်အစဉ် ၈၁၆၅။ အသုဘ ရှစ်ထောင်ကျော် နောက်ဆုံးခရီး မှာ ဘယ်ဆွေမျိုးသားချင်းမှ မပါ။ လိုက်ပို့ခွင့် မရှိ။ လိုက်မပို့ရလို့ ဆိုပြီး ဆန္ဒပြကြတဲ့ မြို့သားလည်း မရှိ။ တောသားလည်း မရှိ။ စစ်သားတွေသာ အလောင်းတွေကို တာဝန်ယူပြီး စစ်ကားတွေပေါ်တင်။ မီးသင်္ဂြိုဟ်တဲ့ နေရာကို ယူသွား။ မီးစက်ထဲ ထည့်နေ။ မီးရှို့နေကြရတဲ့ အလုပ် တွေ မနိုင်မနင်း။

ကူးစက် ကပ်ရောဂါ ဆိုတော့ ဘယ်သူမှ အကပ်မခံ၊ တာဝန်မခံ နိုင်း။ သုဘရာဇာ လုပ်ငန်းရှင်တွေလည်း ကိုဗစ် မကိုက်အောင် အသားကုန် ပတ်ပြေးနေကြပြီ ထင်တာပဲ။ အစိုးရက စစ်တပ်ကို တာဝန်ပေး။ စစ်သား တွေက အမိမြေအတွက် သုဘရာဇာဖြစ်။ ရောဂါ ကူး စရာရှိလည်း ကူးကြပေ တော့။ ပြီးခဲ့တဲ့ အပတ်က University College London က အထူးကြပ်မတ် ဆေးပညာ ပါမောက္ခ ( Professor of Intensive Care Medicine ) ဆရာဝန်ကြီး ဒေါက်တာ ဟူးချ် မောင်ဂိုမာရီ ( Hugh Montgomery) က ဘီဘီစီ Channel 4 နဲ့ အမေး၊ အဖြေလုပ်ရာမှာ အခုချိန်အထိ လန်ဒန်ထဲက ဆောက်လုပ်ရေး လုပ်ငန်းတွေ မရပ်သေးတာ၊ အလုပ်သမားတွေ ဆက်အလုပ်လုပ်နေကြတာ ကိုသူ အရမ်းစိုးရိမ်တဲ့ အကြောင်း။ အလုပ်တွေ မပိတ်သိမ်းသေးဘဲ ဆက်အလုပ် လုပ်နေကြခြင်းဟာ ရာဇဝတ်မှု ကျူးလွန်နေတာနဲ့ တူကြောင်း။ သူတို့တွေ

mgyoe.com

mgyoe.com

SAMPLE BOOK


မသေပေမယ့် သူတို့ ရောဂါဖြန့်လို့ တခြားလူတွေ သေောင်းချီသေရရင် ဒါရာဇဝတ်မှု။ ကိုဗစ် ဗိုင်းရပ်စ် ကူးစက်ပျံ့ပွားပုံက ဘယ်လောက်မြန်သလဲ ဆိုတာကို သင်္ချာသဘောနဲ့ ရှင်းပြသွားပါတယ်။

( နားလည်လွယ်အောင် ပြောရရင် သုံး သုံးလီ ကိုး။ ကိုး ကိုးလီ ရှစ်ဆယ့်တစ်။ ရှစ်ဆယ့်တစ် x ရှစ်ဆယ့်တစ်လီ = ၆၅၆၁ ဆိုတဲ့ နှုန်းမျိုးနဲ့ ကို ဗိုင်းရပ်စ်က ကူးစက်နေတာ ) ရောဂါပျိုးနေတဲ့ ရက် ခြောက်ရက်( အဲဒီရက်တွေမှာ ကတည်းက သူများကို စ ကူးနေနိုင်ပြီ။ ဖျားနာ ချောင်းဆိုး လက္ခဏာတွေ ပေါ်လာမှ ကူးတတ်တာမျိုး မဟုတ်ဘူး )။ ရုပ်သံ တင်ဆက်သူက ဒါဆို အီတလီလို ဖြစ်လာမှာလား ဆိုတော့ သူက စိတ်မကောင်းစွာနဲ့ ဖြစ်လာမှာလို့ ဖြေပါတယ်။ သူ အဲဒီလို အင်တာဗျူးတဲ့ အချိန်မှာ လန်ဒန်ဟာ (partial Lock Down ကျ ) အကန့်တစ်ခုအထိ တင်းကျပ် ပိတ်သိမ်းထားတဲ့ အဆင့်ကို တိုးမြှင့်ပြီးပြီ။ ဒါပေမဲ့ သူ ကြိုပြောတဲ့ အတိုင်းပါပဲ။ အခု လန်ဒန်မှာ ခုတင် ၄၀၀၀ ဆံ့ ဆေးရုံဟာ ခုတင် မရှိတော့ဘူး။ ဘောလုံးကွင်းကြီး တစ်ခုစာမက ကြီးမားပြီး ပရိသတ် ခုနစ်သောင်း အထိ ဆံ့တဲ့ ရောမ အဆောက်အအုံ ( London Excel Centre ) ကြီးကို ခုတင် ၄၀၀၀ ဆံ့ ကိုဗစ် လူနာကု ယာယီဆေးရုံအဖြစ် ပြောင်းဖို့ လုပ်နေကြရပါပြီ။ လုပ်ကိုင်နေကြတာတွေကလည်း စစ်သားတွေ။ ဗြိတိန်စစ်သား ၂သောင်းလောက်က စေတနာ့ဝန်ထမ်း ထမင်းထုပ်ဝေတဲ့ လုပ်ငန်းအပြင် ပစ္စည်းပို့ဆောင်တဲ့ လုပ်ငန်းနဲ့ ယာယီ ဆေးရုံတွေ ပြင်ဆင်နေရာချတဲ့ လုပ်ငန်းတွေ ဝင်လုပ်နေကြပါတယ်။

ကိုဗစ် ဖြစ်တော့ အသက် ၇၀ နဲ့ အထက် ဘိုးဘွားတွေ အိမ်ထဲက မထွက်ကြပါနဲ့၊ အိမ်ထဲမှာ လေးလေးဆယ် အနည်းဆုံး သုံးလ နေပေး ကြပါလို့ အစိုးရက မေတ္တာရပ်ခဲ့တယ်။ ဗြိတိန်မှာက သက်ကြီးရွယ်အို ဘိုးဘွား တစ်သန်းခွဲလောက်ရှိပြီး တော်တော်များများက သီးသန့်နေကြတယ်။ အမှီအခို မထား၊ ကိုယ့်ခြေ ကိုယ့်လက်နဲ့ လွတ်လွတ်လပ်လပ် နေကြတဲ့ အကျင့်ပေါ့။ ကိုယ့်ဘာသာ ဈေးသွား၊ ကိုယ့်ဘာသာ ချက်စား၊ သားသမီး အကူ မယူ။

အိမ်တွေထဲ က မထွက်ပါနဲ့ ညွှန်ကြားလိုက်တော့ ဘိုးဘွားတစ်သန်းခွဲ အတွက် သူတို့ စားဖို့ သောက်ဖို့ စောင့်ရှောက်ဖို့ အစိုးရမှာ တာဝန်ရှိလာတာပေါ့။ ဒီတော့ ခါတိုင်းလို AGED UK လို စေတနာ့ဝန်ထမ်း ပရဟိတ အသင်းတွေ


mgyoe.com

mgyoe.com
SAMPLE BOOK


Charity တခြား အရပ်သား ပရဟိတ အသင်းတွေ နဲ့ မလုံလောက်၊ မနိုင်တော့ဘူး။ စစ်သားတွေက လိုအပ်တာ တာဝန်ယူကြတယ်။ သက်ကြီးရွယ်အိုတွေ နေ့စဉ် စားဖို့ထမင်းထုပ်ဝေ။ သူတို့လိုအပ်တဲ့ အသုံးအဆောင်၊ အစားအသောက် အတွက် ဈေးဝယ်ပေးတာမျိုးတွေ လုပ်ပေးနေကြပါတယ်။

စစ်သားများက တစ်ဖက်မှာ ဘိုးဘွားတွေကို အဲဒီလို စောင့်ရှောက် တာဝန်ယူသလို နောက်တစ်ဖက်ကလည်း ဆေးရုံ၊ ဆေးခန်းတွေမှာ အသည်းအသန် လိုနေတဲ့ ဗိုင်းရပ်စ်ကာကွယ်ရေး ဝတ်စုံ ထောင်သောင်းနဲ့ မျက်နှာဖုံး၊ လက်အိတ် သန်းပေါင်းများစွာကို ဆေးရုံ၊ ဆေးခန်းတွေအရောက် ပို့ဆောင်ပေးရတဲ့ ပါဆယ်ပို့လုပ်ငန်းတာဝန်တွေကိုပါ ထမ်းဆောင်နေကြပါတယ်၊ နောက်ထပ် တာဝန် တစ်ခုကတော့ တိုးချဲ့ဖို့ လိုအပ်လာတဲ့ ယာယီ ဆေးရုံတွေကို လိုက်လံ ပြင်ဆင် တိုးချဲ့ ဆောက်လုပ်ပေးနေကြခြင်းပါ။

ဆရာဝန်ကြီး ဒေါက်တာ ဟူးချ် မောင်ဂိုမာရီ ( Hugh Montgomery) က ကူးစက်ခံရတဲ့ လူနာဦးရေဟာ ဆူနာမီလှိုင်းတွေလို အုံနဲ့ ကျင်းနဲ့ တိုးနေတာမို့ နိုင်နိုင်နင်းနင်း ကုနိုင်ဖို့ မလွယ်ဘူးလို့ ပြောပါတယ်။ ကုသရေး တာဝန် ယူထားတဲ့ ဆေးဝန်ထမ်းတွေဟာ လုပ်ရင်းကိုင်ရင်း အခုဆို ၃၀ ရာနှုန်းကနေ ၅၀ အထိ ကူးစက်ခံနေရပြီ။ ဝန်ထမ်း ပျက်ကွက် အင်အား ယုတ်လျော့သွားတဲ့ ကိစ္စတွေကလည်း ရှောင်လွှဲမရ ဖြစ်နေပါသေးတယ် တဲ့။



ဂျားဗစ်စင်တာ အရေးပေါ်ဆေးရုံ၊ နယူးယောက်

mgyoe.com

mgyoe.com

SAMPLE BOOK


ဗြိတိန်အစိုးရက ကိုဗစ်ရဲ့ ကူးစက်နှုန်း၊ လူနာတက်လာတဲ့ နှုန်းတွေကို နားလည် သဘောပေါက်လာတာနဲ့အမျှ အရေးတကြီး အသက်ရှူစက် တစ်သောင်းကျော် အမြန်ထုတ်လုပ်ပေးဖို့ ကမ္ဘာတစ်ဝန်းမှာ ဖုန်စုပ်စက်တွေ အဓိက ထုတ်လုပ်ရောင်းချခြင်းနဲ့ အကျိုးစီးပွားဖြစ် ရပ်တည်နေတဲ့ ဒိုင်စံ DYSON ကုမ္ပဏီကြီးကို တာဝန်ပေးပါတယ်။

အမေရိကန်ကို ကြည့်လိုက်ရင် ဒီနေ့ ကူးစက်သူ စာရင်း ရှစ်သောင်းကျော်လာပြီဆိုတော့ မကြာခင်အဖိတ်အစဉ်နှုန်း တက်လာတာကိုကြောက်ခမန်းလိလိ တွေ့ကြရမှာပါ။ ရေခဲတိုက် မလုံလောက်လို့ ရေခဲရိုက်ကားတွေ ရေခဲရှက်ဖျင်တဲ့တွေ ပြင်ဆင်နေတဲ့ သတင်းတွေလည်း တက်နေပြီ။ ဗြိတိန်နိုင်ငံ အစိုးရ ညွှန်ကြားတဲ့အတိုင်း ဘိုးအို၊ ဘွားအို စီနီယာကြီးတွေဟာ အိမ်ထဲကနေ အိမ်ပြင်မထွက်ဘဲ နေတယ်။ ဥပဒေကို လိုက်နာပြကြတယ်။ လူထုက ဗော်လန်တီယာ လုပ်ငန်းတွေ မျိုးစုံ ထူထောင်ပြီး အစိုးရကို ကူညီကြတယ်။ ဒီနေ့ စာရင်းအရဗော်လန်တီယာအင်အားငါးသောင်းလောက် ရထားပြီဆိုပါတယ်။ ဒီကပ်ဘေး တိုက်ဖျက်ရေးအတွက် ဗြိတိသျှ စစ်သားတွေဟာ ဆေးဝန်ထမ်းတွေရဲ့ နောက်တန်းခံတပ် အကူတပ်တွေ ဖြစ်လာတာပေါ့။ ထောက်ပို့ရေး တာဝန်တွေ ထမ်းဆောင်ကြသေးတယ်။

ရှေ့တန်းမှာ ကိုဗစ်ကို ရင်ဆိုင်နေတဲ့ ဆရာဝန်တွေ၊ နပ်စ်တွေ၊ ဆေးဝန်ထမ်းတွေ။ သူတို့ကို လေးစား ဂုဏ်ပြုကြတဲ့ အနေနဲ့ * ( Clap for carers ) ပရိုဂရမ်တစ်ခု ဗြိတိန် တစ်ပြည်လုံးမှာ ဒီနေ့စခဲ့ ကြပါ တယ်။ ဆေးဝန်ထမ်းတွေ မြင်ရင် လူထုက လက်ခုပ်တီး ဂုဏ်ပြုကြတဲ့ အစီအစဉ်။ ယူကေရောက် မြန်မာ ဆရာဝန်များစွာ၊ သူနာပြုဆရာမ များစွာ ဗြိတိန်ရဲ့ ကိုဗစ် တိုက်ဖျက်ရေးမှာ ရှေ့တန်းတိုက်စစ်မှူးတွေ ဖြစ်နေပါတယ်။ ပါဝင် တာဝန်ယူနေကြတဲ့ ဆရာဝန်များစွာထဲက Leeds မြို့မှာ တာဝန်ထမ်းဆောင်နေတဲ့ သမားတော်ကြီး ဒေါက်တာသက်ကိုကိုဟာ ဒီနေ့ ဆေးရုံကနေ သူ့အိမ်အပြန် လမ်းထဲက အိမ်နီးနားချင်းတွေ သူ့ကို လက်ခုပ်တီး ဂုဏ်ပြုကြိုဆိုကြတာကို တွေ့လိုက်ရတဲ့အခါသူကြည်နူးဝမ်းသာခြင်းဖြစ်ရတဲ့အကြောင်း လွှန်ခဲ့တဲ့ နှစ်နာရီလောက်က သူ့အကောင့်ကနေ ခုလို တခုတ်တရ ဖော်ပြထားတာကိုတွေ့ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


*ည ရှစ်နာရီမှာ တစ်လမ်းလုံး လက်ခုပ်သံတွေ ကြားမှပဲ သတိရ တော့တယ်။ ဘေးအိမ်တွေက ကျွန်တော် ဆရာဝန်မှန်းသိလို့ Thank you လို့ အော်ပြောကြတယ်။ ပီတိဖြာလို့ မျက်ရည်တောင်ဝဲတယ်။ ဖြောက်အိုးတွေ လည်း ဖောက်တယ်။*

တစ်နိုင်ငံလုံးက ပြည်သူတွေကိုလည်း appreciation အတွက် ကျေးဇူး တင်ပါတယ်။ အတုယူစရာ ယဉ်ကျေးမှု civilisationပါ။ ThankyouNHS Thet KoKo ကျွန်တော်တို့ တိုင်းပြည်လည်း အသည်းအသန် ကာလမျိုးကျရင် အဲဒီလို တစ်ဦးကိုတစ်ဦး ချစ်ခင် ရိုင်းပင်းတဲ့ စိတ်ဓာတ်နဲ့ ဖြတ်ကျော်ရလိမ့်မယ်။ ဆရာဝန်ကြီး ဟူးချ် မောင်ဂိုမာရီ ( Hugh Montgomery)ပြောသလို လာနေတဲ့ ကိုဗစ်ဟာ ဆူနာမီ ကိုဗစ်ပါ။

ကံကို မပုံကြပါနဲ့။ အပူချိန်များတဲ့ တိုင်းပြည်မို့ ကိုဗစ် အစွယ် မထက်နိုင်ဘူး ဆိုတဲ့ ကျွန်တော်တို့ရဲ့ တာဝန်မဲ့မှု၊ အဆင်ခြင်မဲ့မှုတွေကို မေ့လိုက်ကြရအောင်။

ဒီနေ့ ထိုင်းနိုင်ငံက ဆရာဝန်ကြီး ဒေါက်တာပရာဆစ် ( Prasit) က သူ့တိုင်းပြည်မှာ Covid-19 ရောဂါ အခြေအနေဟာ တစ်နေ့ကို ၃၃% မြင့်တက် နေတဲ့အတွက် ဒီအတိုင်းသာ ဆက်ဖြစ်နေရင် ဧပြီ ၁၅ ရက်လောက်ဆို လူပေါင်း သုံးသိန်းခွဲ ကူးစက်ပြီး ခုနစ်ထောင်လောက် သေဆုံးနိုင်တယ်လို့ သူ့တိုင်းပြည်ကို သတိပေးလိုက်ပါပြီ။

ထိုင်းနဲ့ ကျွန်တော်တို့ ကျောချင်းကပ်တွေ။ တစ်မြေတည်းနေ တစ်ရေ တည်း သောက်။ အစိုးရ၊ တပ်မတော်နဲ့ ပြည်သူတစ်ရပ်လုံးအတူ ညီညီ ညွတ်ညွတ် ကိုဗစ်ကို ရင်ဆိုင်ရမယ့် အချိန် မလွဲမသွေ ရောက်လာပါလိမ့်မယ်။

( ၂၆.၀၃.၂၀၂၀)

mgyoe.com

mgyoe.com SAMPLE BOOK

## ကိုဗစ် ဒိုင်ယာရီ- ၁၁
## ( ၂၇.၀၃.၂၀၂၀ )

သူမရဲ့ အဖေရော အမေပါ ဆေးရုံရောက်နေကြတယ်။ မိဘ နှစ်ပါးစလုံး အခြေအနေက အသက်ရှူခက်တဲ့အထိ ဖြစ်လာလို့။ သူမကတော့ ချောင်း တဟွပ်ဟွပ်နဲ့ အိမ်မှာတစ်ယောက်တည်း ကျန်နေခဲ့တယ်။ အဖေ၊ အမေ့ အတွက် အဝေးက စိတ်ပူနေပေမယ့် မိဘတွေ နောက်ဆုံး အခြေအနေကို သူမ မသိရ။ ကားအသွားအလာတွေ မရှိကြတော့ဘူး။ လိုက်ပို့ပေးမယ့် ကားရှိရင်တောင် အဲဒီဆေးရုံက ဝင်လို့မရနိုင်၊ တွေ့ခွင့် မရှိပါဘူး။ ဖုန်းလှမ်း ဆက်ကြည့်တော့လည်း ဖုန်းမကိုင်ကြ။ ဖုန်းကိုင် ဖြေကြားပေးမယ့် သူ ဘယ်သူမှ မရှိ။ နေလို့ မရ၊ ကြံလို့ မရ၊ အသိ နပ်စ်မလေးတစ်ယောက်ဆီ အကူအညီတောင်းကြည့်။ သူကလည်း မအားဘူးတဲ့၊ သွားကြည့်ချိန် ရမှာ မဟုတ်ဘူး။ အရမ်းအလုပ်တွေ များနေတယ်တဲ့၊ မနေ့ကအထိ ဖုန်းတစ်ချက်ဆက်လို့ ရလိုက်သေးတယ်။ ဖုန်းကိုင်တဲ့ နပ်စ်က သူတို့ ဘယ်သူမှ မအားကြလို့ပါ။ အသည်းအသန် လူနာတွေ တစ်ချိန်လုံး ထပ်ထပ်ရောက်နေလို့ပါ။ အရမ်းကို အလုပ်ရှုပ်နေကြလို့ပါ။ ဒါကြောင့်မို့ ဖုန်း မခေါ်ပါနဲ့ တောင်းပန်သွားတယ်။ သူမ ဘာမှ ပြောချိန် မရလိုက်ဘူး။ ဘာလုပ်

mgyoe.com

ရမလဲ။ အဖေ သက်သာရဲ့လား။ အမေကော သက်သာပြီလား။ ပြန်မှ တွေ့ခွင့်ရပါဦးမလား။ သူမအတွက် အခု ဘာတစ်ခုမှ မသေချာတော့။ စပိန်က မြင်ကွင်းတစ်ခုကို ကြည့်ရင်း ငါ ငိုင်နေမိတယ်။ ငါတို့ဆီမှာကော အဲဒီလို ဝရုန်းသုန်းကားတွေ လာကြမှာလား။

ဒီနေ့ အတော်စိတ်လေမိပါတယ်။ မနက်ခင်း စောစောသတင်းမှာ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ရောဂါပိုး စစ်ဆေးတွေ့တယ် ဆိုတဲ့အကြောင်း ကြေညာသွားတယ်။ ဘယ်နေ့က တွေ့တာလဲ ဆိုတော့ သောကြာနေ့က တဲ့၊ ဘုရင်မကြီးနဲ့ နောက်ဆုံးတွေ့တဲ့ ရက်က မတ် ၁၁ ရက်။ သူ့ဇနီးလောင်းက ကိုယ်ဝန် ခုနစ်လ ရှိနေပြီ ဆိုတဲ့ အကြောင်းပါ သိလာတယ်။( self quarantine ) ကိုယ့်ဘာသာ သီးခြားနေရင်း သူ တာဝန်တွေ ဆက်ထမ်းဆောင်ပါ့မယ်လို့ တိုင်းပြည်ကို ကြေညာတယ်။ ( Brexit )ဘရက်ဆစ် ညှိနှိုင်းရေးမှူး ဒေးဗစ်ဖရော့စ် ( chief Brexit negotiator David Frost) ဆီက ကူးလိုက်တာလား။ ဒေးဗစ်ဖရော့စ်က ကိုဗစ်ပိုး အရင်ထိထားသူ။ အခုတစ်ခါ ဝန်ကြီးချုပ်ကို ထိပြီ ဆိုတော့ အစိုးရ ခေါင်းချုပ်ကို ထိတာပေါ့။ သူ ထိသွားတော့ ကက်ဘိနက် တစ်ခုလုံးကိုလည်း ကူးနိုင်ခြေရှိ၊ မရှိ စိတ်ပူရတာပဲ။ ကံကောင်းကြပါစေ။

ဆုတောင်းနေတုန်း ရှိသေး၊ ညနေသတင်းမှာပဲ ကျန်းမာရေး အတွင်းဝန် မက်ဟန်းကော့ ပိုးတွေ့တာ ထပ်ကြေညာပြန်တယ်၊ သူ့အထက်က ကျန်းမာရေးဝန်ကြီး နာဒင်းဒိုးရီးစ် ( Nadine Dorries )က အစိုးရ အဖွဲ့ထဲမှာ အစောဆုံး ကူးစက်ခံလိုက်ရတဲ့ ဝန်ကြီးမ။ မတ်လ အစပိုင်းစောစောမှာ အကူးစက်ခံရပြီး အခုပြန်ကောင်းလာလို့ အလုပ်ပြန်ဝင်တာတောင် နှစ်ရက် လောက်ရနေပြီ၊ နောက်ထပ် အစိုးရရဲ့ ဆေးအကြံပေးခေါင်းဆောင် ခရစ်ဝတ်တီ ( chief medical adviser, Chris Whitty) ကိုယ်တိုင် လက္ခဏာတွေ ပြနေလို့ သီးခြားနေနေရပြီ ဆိုတဲ့ သတင်း ဆက်ထွက်ပေါ်လာတယ်။ ဒီလိုဆိုတော့ ကိုဗစ်က ဗြိတိန်အစိုးရ အဖွဲ့ထဲအထိ ထိုးဖောက်ထားပြီလို့ ပြောလို့ ရတယ်၊ လွှတ်တော်လည်း နားထားရပြီ။ ဘုရင်မကြီးအတွက် စိုးရိမ်စရာကောင်းတယ်။ သားတော် ချားလ်စ်မင်းသားရော၊ အခု ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ရော ကူးခံနေရတာ ဆိုတော့။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဒါကြောင့် W.H.O က ညွှန်ကြားရေးမှူးချုပ် မစ္စတာတက်ဒရိုစ် ( Tedros Adhanom Ghebreyesus )Director general of the World Health Organization က Test , Test , Test ( စစ်ပါ စစ်ပါ စစ်ပါ) လို့ ပြောတာ။ စစ်နိုင်လေ ကူးစက်တာကို ထိန်းချုပ်လို့ ရလေ။ တောင်ကိုရီးယားရဲ့ နမူနာကို ယူကြပါလို့ သူ တိုက်တွန်းနေခဲ့တာ။

ဒီနေ့ ကိုဗစ် ပိုးရှိ၊ မရှိ စစ်ဆေးတဲ့ Test Kit ဘူးလေးတွေ။ တန်ဖိုး တစ်စုံကို လေးသောင်းခွဲနဲ့ အစုံ ၆၀၀ ကိုလူမော်တို့ (Lu Maw ) ဇနီးမောင်နှံ မှာထားတဲ့အကြောင်း မိတ်ဆွေ ကိုကျော်ဝဏ္ဏ( Kyaw Wunna ) တင်လိုက်တာ တွေ့တယ်။ တစ်စုံကို လူ ၂၅ ယောက် စစ်နိုင်တယ် တဲ့။ ဘယ်လို စစ်ရင် ရတယ်။ ချဲလ်ဆီး ဘောလုံးအသင်းပိုင်ရှင် ရိုမန် အဘာရမိုဗစ်ရှ် ( Roman Abramovich ) က Stamford Bridge ဘေး West London Stadium နဲ့တွဲထားတဲ့ သူ့ မီလီနီယံဟိုတယ် Millennium Hotel ကိုကိုရိုနာရောဂါ တိုက်ဖျက်ရေးရှေ့တန်းမှ တာဝန်ယူနေတဲ့ ကျန်းမာရေး ဝန်ထမ်းတွေ နားဖို့ နေဖို့ အလကား ပေးလိုက်တဲ့ သတင်း။ မြန်မာပြည်က လူတွေလည်း ဖတ်မိ၊ သတိပြုမိကြမယ် ထင်ပါတယ်။ ဗိုင်းရပ်စ်မွှေလို့ လောလောဆယ်မှာ ဒီသူဌေးဟာ သူ့ရဲ့လုပ်ငန်းတွေ အကုန်ရပ်၊ စတာလင်ပေါင် ၂.၄ ဘီလီယံ ဆုံးရှုံးနေတာတောင် သွေးမပျက်ဘဲ ဆေးဝန်ထမ်းတွေကို ဆက်လက် ကူညီချင်စိတ်တွေ ဖြစ်နေခဲ့တာမျိုးက တကယ့် သူတော်ကောင်းစိတ်၊ မေတ္တာစိတ်ပဲ။

အရင် မန်ယူအသင်း နောက်တန်းလူ ဂယ်ရီနဗီးလ် Gary Neville လည်း သူ စပ်တူပိုင်ထားတဲ့ သူ့ ဟိုတယ်နှစ်လုံးကို ဆေးဝန်ထမ်းတွေ အချိန်မရွေး အခမဲ့ တည်းခိုနေထိုင်ဖို့ ပေးတယ်။ ဟိုတယ် အခန်း ၁၇၆ ခန်းမှာ ဆေးဝန်ထမ်း တွေ အချိန်မရွေး နေခွင့်။ ဒီဝန်ထမ်းတွေ အခုလက်ရှိဘဝက ရောဂါဆိုးကို ရင်ဆိုင်နှိမ်နင်း စစ်ခင်းနေရလို့ မိသားစုတွေနဲ့ အလွယ်တကူ တွေ့မရ၊ ပြန်လို့ မရပါဘူး။ မိသားစုတွေကို ဆက်ကူးစက်သွားမှာ စိုးလို့ စိတ်မချရလို့ အချိန် တစ်ခု ခွဲခွာနေထိုင်ကြရချိန်၊ သူတို့ သီးသန့်နေဖို့ လိုအပ်နေတာကို ဒီဘောလုံး သမားက ကူညီစီစဉ်ပေးခဲ့တာ။

ကိုယ့်ဆီမှာလည်း ရောဝတီဖောင်ဒေးရှင်း ထူထောင်ထားတဲ့ဦးဇော်ဇော် ဦးဆောင်တဲ့ မက်စ် မြန်မာအုပ်စုက သူတို့ဘဏ်သင်တန်းကျောင်းနဲ့ အားကစား

mgyoe.com

m g yoe.com  SAMPLE BOOK 

ရုံတွေကို ဥရောပ၊ အမေရိကာ၊ ဩစတြေးလျ နိုင်ငံစုံ ကပြန်လာကြတဲ့ မြန်မာပြည်သားတွေ ခေတ္တသီးသန့်ခွဲခြား စောင့်ကြည့်မယ့် စခန်းတွေအဖြစ် ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပေါင်းပြီး ပြင်ဆင်ဆောင်ရွက်တဲ့ သတင်း။ ငွေသား သိန်းတစ်ထောင်ကိုလည်း ကိုရိုနာတိုက်ဖျက်ရေးမှာ လိုအပ်တဲ့ ပစ္စည်းတွေ ဝယ်ယူဖြည့်ဆည်းနိုင်ဖို့ လှူဒါန်းခဲ့တဲ့ သတင်းတွေ ဖတ်မိခဲ့တယ်။ ခုလို ဝိုင်းကြဝန်းကြ၊ ဘေးဒုက္ခတွေကို အားတင်း ကျော်ဖြတ်သွားကြရမှာပဲ။

ဒီကမ္ဘာဖျက်ပိုးက ကိုယ့်ဆီကိုလည်း အတိအလင်း ဝင်လာခဲ့ပြီ၊ အခု ရှစ်ယောက်အထိ တွေ့ထားပြီးပြီ ဆိုတော့ နော်ဝေ တွက်နည်းနဲ့ တွက်ရင် နောက် ၁၆ ရက် ကြာတာနဲ့ ၇၉၆၈ ယောက်ပေါ့။ နော်ဝေက တစ်ယောက်စ တွေ့ပြီး ၁၆ ရက် ကြာတော့ ၉၉၆ ယောက် တွေ့တယ်လို့ မကေသီ ( Kaythi Aye) ဒီနေ့ သူ့အကောင့်မှာ ပို့စ်တင်တာ ဖတ်မိတယ်။

စိုးရိမ်လာနေကြတဲ့ မိတ်ဆွေတချို့ကတော့ အစိုးရကို စောစောပိတ်သိမ်းထိန်းချုပ် ( Lock Down ) လုပ်စေချင်တာ တွေ့တယ်။ ပြဿနာက လော့ဒေါင်းလုပ်တာရဲ့ နောက်ဆက်တွဲ အကျပ်အတည်းတွေ။ အစိုးရလည်း မစဉ်းစားမိမှာ မဟုတ်ဘူး။ အရာရာ ထည့်တွက်နေမှာပဲ။ ဒီကိစ္စမှာ ရဲနဲ့ စစ်တပ်ပါရမယ်၊ ကူရမယ်။ အစိုးရ ထုတ်ပြန်တဲ့ ဥပဒေတွေက တည်မှ ဥပဒေကို တိတိကျကျ ကြပ်မတ်ကြ၊ လိုက်နာကြမှ၊ လူထု အသိတရားပါမှ ( အကြောက်တရားတစ်ခုတည်းနဲ့ မထိရောက်ဘူး၊ အသိတရားမှ ထိရောက်မှာ )။

စားဝတ် နေရေး ချက်ချင်း ခက်ကြမယ့် ပြည်သူတွေအတွက် ဘယ်လို ရှင်းမလဲ။ မန္တလေး ဈေးချိုမှာ ဆန်တစ်ပြည်စီ ဝေသလိုလည်း ကိစ္စက မလွယ်ဘူး။ ဝေလို့သင့်တဲ့အနေအထားလည်း မဟုတ်ဘူး။ တကယ်ကိုလူစုလူဝေး အစုအဝေးနဲ့ လုပ်လို့မဖြစ်။ မသင့်တော်တဲ့ အကျဉ်းအကျပ်။ တစ်ဖက်မှာ စီးပွားရေးတွေ ရပ်သွားတာနဲ့ တစ်နေ့လုပ်၊ တစ်နေ့စားတွေ ဒုက္ခတွေ့မှာ၊ အစိုးရကလည်း ကမ္ဘာဖျက်တဲ့ ကပ်ဆိုးကြီးက သယ်လာမယ့် ပြဿနာ အားလုံးကို မဖြေရှင်းနိုင်။ တိုင်းပြည်လုံခြုံရေး၊ တည်ငြိမ်ရေးက အရမ်း အရေးကြီး။ ကိုဗစ်ဗိုင်းရပ်စ်က ဘယ်နေရာမှာ ဘာဖြစ်နေနေ၊ ဂရုစိုက်နေမှာ မဟုတ်ဘူး။ ဘယ်သူ ဘာဖြစ်ဖြစ် သူက အကုန်ကြိတ်ဝါးသွားမှာ အသေအချာပေါ့။

mgyoe.com

mgyoe.com
SAMPLE BOOK


ဒီနေ့ သတင်းတွေမှာ ယူကေက တစ်ရက်တည်း အဖိတ်အစဉ် ၁၈၁ ယောက်။ အီတလီနိုင်ငံက သနားစရာအကောင်းဆုံး။ အထိနာဆုံး။ တစ်ရက်တည်း ၉၁၉ ယောက် ဖိတ်စဉ်သတဲ့လေ။ တစ်ရက်တည်း အသစ် ကူးစက်မှု စစ်ဆေး တွေ့ရှိ ကိုးထောင်ကျော်,( ၉၁၂၄)။ ကျန်းမာရေးဝန်ထမ်း ၁၄ ရာခိုင်နှုန်း ကူးစက်ခံထား။ ( ဆရာဝန် ၂၀ ကျော်ဖိတ်စဉ်ခဲ့ပြီးပြီ ) လေ့ဒေါင်း သုံးပတ်နဲ့ မလုံလောက် မရနိုင်သေးလို့ နောက်ထပ် သုံးပတ် ဆက် total Lock Down။ ခုလို သေနေသမျှ လုံးဝ ပိတ်ထားရဦးမယ့် အခြေအနေ။

ပြင်သစ်က ၃၆၅ ယောက်ဖိတ်စဉ်တယ်။ အဖြစ်များနေတဲ့ ပြင်သစ် နိုင်ငံ အရှေ့ခြမ်းက အသည်းအသန်လူနာတွေကို နိုင်ငံအနောက်ခြမ်း ဆေးရုံ တွေဆီ အရေးပေါ် ရထားနဲ့ ပို့နေရတဲ့အထိ ဖြစ်လာပြီ။ လူနာတင်ကားလောက် နဲ့ တင်ရတာ မနိုင်မနင်း ဖြစ်နေတော့ လူနာတင် ရထားနဲ့တောင် ပို့လာရတဲ့ အထိ။

စပိန်က တစ်ရက်တည်း လူနာ ၈၅၀၀ တိုးသတဲ့။

ပါကစ္စတန် သတင်းတွေမှာ စစ်ဆေးတွေ့ရှိတဲ့ လူတစ်ထောင်ကျော် သွားလို့ စားသောက်ဆိုင်တွေ၊ ရုပ်ရှင်ရုံတွေ ပိတ်လို့ ရပေမယ့် သောကြာနေ့ စုပေါင်းဝတ်ပြုတာမျိုးကို ပိတ်လို့ မရသေးဘူး တဲ့။ ကိုဗစ်ဟာ ဘာသာရေး ခေါင်းဆောင်တွေနဲ့ ကျန်းမာရေး ဝန်ထမ်းတွေကိုလည်း ရန်တိုက်ပေးခဲ့ဦးမယ်။

တောင်အာဖရိကမှာ မကြာခင် သုံးပတ် ပိတ်ချရမယ့် အနေအထား။ အရက်ကြိုက်တဲ့ အရက်သမားတစ်ယောက် ၂၁ ရက်စာ အရက်တွေ စုနေ၊ ဝယ်နေတာကို သတင်းထောက်က သွားမေးနေတာ တွေ့မိတော့ စိတ်ညစ် စရာတွေကြားက ပြုံးမိသေးတယ်။ သူတို့ဆီလည်း အစုလိုက် အပြုံလိုက် သွားကြရမှာပဲ။ အချိန်သာ မရောက်သေးတာ။ အိမ်သာတစ်လုံးကို တစ်လမ်း လုံး စုပေါင်းသုံးကြတဲ့ ရပ်ကွက်မျိုး။ တစ်ခန်းတည်း စုပြုံနေကြတဲ့ မိသားစုတွေကို သတင်းသမားက ရိုက်ပြနေ။

စိတ်အထိခိုက်ဆုံး ဖြစ်မှာ တစ်ခုက ဆီးရီးယား ဒုက္ခသည်တွေပေါ့။ ဒုက္ခသည် စခန်း ခေါ်မလား နောက်ဆုံး စစ်မြေပြင် ခေါ်မလား။ လူသား သိန်းပေါင်းများစွာ ပိတ်မိနေတဲ့ အရပ်။ နှစ်ဖက် အပစ်အခတ် ရပ်ထားပေမယ့် ကိုဗစ်ပိုးကတော့ လူသား အားလုံးအပေါ် အပစ်မရပ်နိုင်ဘူး။ အားလုံး

mgyoe.com

SAMPLE BOOK

သူ့ရန်သူ၊ သူ ရသမျှ ဝါးစားဖို့ လာနေပြီ။ ဘယ်လိုလုပ် ဒုက္ခသည် စခန်းထဲမှာ လူတွေ အချင်းချင်း ခပ်ခွာခွာ နေကြရမလဲ၊ ပိတ်မိနေတဲ့ နေရာကြီးမှာ မျှော်လင့်ချက် မရှိ ( No hope for social distancing ) ငါတို့ဆီက ကမ်းစပ်မှာလည်း စုပြုံနေတဲ့ မိသားစု သန်းပေါင်းများစွာ ရှိမယ်။ တလိပ်လိပ်လာနေတဲ့ ဆူနာမီ ကိုဗစ်လှိုင်းတွေကို အသိမဲ့ အကူမဲ့ ငေးနေကြရင်း ရက်စက်တဲ့ လှိုင်းလုံးတွေ တက်နင်းခြေတဲ့အခါ အလူးအလဲ၊ မြုပ်ချည် ပေါ်ချည် ဖြစ်ကြရမယ့် အချိန် နီးကပ်လာနေပြီကော။

( ၂၇.၀၃.၂၀၂၀ )

mgyoe.com

mgyoe.com SAMPLE BOOK

## ကိုဗစ် ဒိုင်ယာရီ- ၁၂
## ( ၂၉.၀၃.၂၀၂၀)

ဗိုင်းရပ်စ် ကူးစက်ခံ လူပေါင်း သိန်းဂဏန်း ကျော်လာတဲ့ အမေရိကန်၊ သိန်းဂဏန်း ပြည့်လုနီး အီတလီ၊ သူတို့ နောက်မှာ ကပ်လိုက်နေကြတဲ့ စပိန်၊ ဂျာမနီ။ ( သူတို့လည်း မကြာလိုက်ခင် သိန်းဂဏန်းကျော်မှာပဲ )။ သူတို့ နောက်က ခတ်သုတ်သုတ် ပြင်သစ်၊ အင်္ဂလန် လိုက်နေတယ်။ သူတို့ ပိတ်တာက နောက် မကျတကျ ဆိုတော့ ကူးစက်မှုမှာ သိန်းဂဏန်းကျော်သွားနိုင်သလား၊ အချိန်မီ သေးသလား သိပ်မပြောနိုင်သေး။

ဒီအချိန်မှာ တရုတ်က ရောဂါ ကူးစက်ခံလူ ရှစ်သောင်းလောက်မှာ ရပ်တန့်ထားပြီ။ ကိုဗစ်ကို တားထားနိုင်ပြီး ဂုဏ်ရှိန်ရရ စင်ပေါ်က။ စစ်မြေပြင် ဗဟိုချက် ဝူဟန်ကို ကိုဗစ် လက်က ပြန်သိမ်း။ မြို့ကို သူတို့ အသက်ပြန်သွင်း၊ အစမ်း ပြန်ဖွင့်ကြည့်နေကြပြီ၊ ဘာကြောင့်လဲ။ ကာကွယ်ဆေး ရသွားတာလား။ ကုသဆေး ရသွားတာလား။ မဟုတ်။လုံးဝ မဟုတ်။ စာရင်းတွေ အရ တရုတ်မှာ ထပ်မံ ကူးစက်ခံရသူဟာ တစ်ရာအောက်မှာပဲ ရှိတော့တယ်။ ကိုဗစ်ကို ဇက်ချိုးထားနိုင်တဲ့ သဘော။ ကိုဗစ်ရေ၊ မင်း ဆက်မတိုးလာနဲ့။

mgyoe.com

mgyoe.com SAMPLE BOOK


အမေရိကန်နဲ့ အီတလီ။ စပိန်နဲ့ ဂျာမနီတို့ရဲ့ ထပ်မံကူးစက် ခံထားရတဲ့ စာရင်းတွေ ကြည့်လိုက်ကြပါ။ ရာဂဏန်း မဟုတ်ဘူး။ ကြောက်ခမန်းလိလိ ထောင်ဂဏန်းနဲ့ သောင်းဂဏန်းတွေ။ အဲဒီအဓိပ္ပာယ်က ကိုဗစ်ဟာ အဲဒီနိုင်ငံတွေမှာ သူ့တပ် အကြီးအကျယ် ဖြန့်ချထားနိုင်တဲ့ သဘော။ ကိုဗစ် စင်ပေါ်က။ လူလည်ကြီး သားသမီးများ အလဲအကွဲနဲ့ စင်အောက်မှာ ခံစစ်။ လူလည်ကြီးတွေ သူ့ကို အထင်သေးနေတုန်း တိတ်တိတ်လေး ကိုဗစ်၊ တပ်ဖြန့်နယ်ချဲ့ ခြေကုပ်ယူထားပြီးတဲ့ သဘော။ နောက်တစ်ပတ်လောက်ဆိုရင် သူ ချေမှုန်းတာ ခံရလို့ လူ့ရွာမှာ အသုဘအအေးခန်း ရွက်ဖျင်တဲကြီးတွေ အများကြီး ထပ်ထိုးကြရဦးမယ်။ လူတွေ အကြီးအကျယ် ခုခံနေပေမယ့် အကျအဆုံးမှာ အီတလီ၊ စပိန်ဟာ တရုတ်ထက် ပိုများသွားပြီ။ မကြာခင် အမေရိကန် လိုက်လာမယ်လို့ ထင်ရတယ်။ စိတ်မကောင်းစရာပါဗျာ။

တရုတ်တွေရဲ့ ကိုဗစ် စစ်ဆင်ရေး အဓိကဗျူဟာက နှစ်လကျော်ကျော် လောက် လူတွေ တွင်းအောင်း သတ္တဝါတွေအဖြစ် ဘဝနေနည်း ပြောင်းကြရတာ။ ဂူအောင်း၊ တွင်းအောင်း ကျင့်စဉ်ကို တင်းတင်းကျပ်ကျပ် ကျင့်ကြရတာ။ သူတို့ အစိုးရက အာဏာစက်ပြင်းပြင်း။ အိန္ဒိယလို ကြိမ်လုံးနဲ့ လိုက်ဆော်ပြီး အိမ်ထဲ မောင်းသွင်းနေရတဲ့ လူမျိုး မဟုတ်ဘူး။ အာဏာအမိန့်နဲ့ ပတ်သက်လာရင် ဟိတ်... ငြိမ်။ တွင်းထဲက မထွက်နဲ့ ဆို၊ မထွက်ကြဘူး။

ဗိုင်းရပ်စ်ရဲ့ အခြေခံ အားနည်းချက်ကို ဆေးပညာရှင်တိုင်း သိသလို လူတွေ အားနည်းချက်ကိုလည်း ကိုဗစ်က အလွန် သိနေပါတယ်။ ကိုဗစ်ဟာ လူတစ်ယောက်ကိုယ်ထဲမှာ ကြာကြာ အသက်မရှင်နိုင်ဘူး။ လူကို သူ အကြာကြီး ဒုက္ခပေးနေလို့ မရဘူး။လူသားရဲ့ ကိုယ်ခံအားနဲ့ ကိုဗစ်၊ သူသေ ကိုယ်ရှင် တိုက်ပွဲဆင်ကြတယ်။ လူမသေရင် သူသေ။ကိုဗစ်ဟာ သူ မသေခင် နောက်တစ်အိမ်ပြောင်း ( နောက်လူတစ်ယောက်ဆီ ပြောင်း )၊ ပြီးရင်နောက် တစ်အိမ် ထပ်ပြောင်း။ အကြမ်းအားဖြင့် ဒီလိုပြောပါရစေ။ ရှားရှားပါးပါး အသဲထဲ၊ ရိုးတွင်းချဉ်ဆီထဲ ပုန်းတတ်တာတွေတော့ ဆေးသုတေသီတို့၊ ပညာရှင်တို့ ကဏ္ဍာ ထားပါရစေ။

ဒီတော့ လူတွေဘက်က နိစ္စဓူဝ၊ စီးပွားရေးဘဝတွေကို ပစ်ချလိုက်ပြီး ဘဝနေနည်း ပြင်ကြရမယ်။ ဒီနေရာက အတော်မလွယ်တဲ့ သော့ချက် ပြဿနာပဲ။ အလုပ်အလွန်လုပ်ကြ၊ ခရီးတွေ အရမ်းသွားကြ၊ ကမ္ဘာလှည့် ခရီးသည်တွေ

mgyoe.com

mgyoe.com  SAMPLE BOOK 

လည်း အဝင် အထွက်များလှတဲ့ ဥရောပနိုင်ငံတွေနဲ့ အမေရိကန်တို့ဟာ အလုပ်ကို မလျှော့ချင်ဘူး။ ကိုဗစ်ရဲ့ တိုက်ခံနိုင်စွမ်းကို လျှော့တွက်ခဲ့တယ်။ အခု အဲဒါရဲ့ အကျိုးဆက်တွေကို ခံနေရတဲ့ အချိန် ပြောမလား။ တရုတ် ကိုရီးယား၊ စင်ကာပူတို့ဟာ လူဝင် လူထွက်များတဲ့ အလုပ်တွေကို သိသိချင်း ဆင်ခြင်ကြ။ လောဘသတ်။ လုပ်လက်စ လုပ်ငန်းတွေ ရပ်ကြတယ်။ လူတွေကို အိမ်ထဲ နေခိုင်းလိုက်တဲ့အတွက် ကိုဗစ်ဟာ အကွက်ပျက်။ တိုက်ကွက်ပျောက်။ သူ့ရဲ့ တိုက်နိုင်၊ ကူးနိုင်စွမ်း ကျသွားပါတယ်။

ကိုဗစ်ကို အနိုင်ယူဖို့ ကမ္ဘာကြီးက ပြန်ပေးရမှာ စီးပွားရေးနဲ့ နေ့စဉ် လူမှုဘဝတွေ ဖြစ်မယ် ထင်တယ်။ ဒီမှာ လူတွေရဲ့ ပျော့ကွက် ရှိနေတယ်။ ဒီပျော့ကွက်၊ ဒီလို လူတွေရဲ့ အသည်းအညှာကို ကိုဗစ်က အပိုင်ကိုင်ထားတဲ့ မဟာဗျူဟာမြောက် ချုပ်ကွက် တိုက်ကွက်မှာ။ အမေရိကန်ဟာ တစ်လအတွင်း အလုပ်လက်မဲ့ ၃.၃သန်း။ အစိုးရက နှစ်ထရီလီယံထုတ်ပြီး ယာယီကျားကန်။ အလုပ်လက်မဲ့ နိုင်ငံသားတွေကို အကြမ်းအားဖြင့် တစ်ယောက် ဒေါ်လာ ၁၂၀၀ ပေး။ အင်္ဂလန်လည်း ဒီလိုပဲ တစ်လအတွင်း အလုပ်မရှိလို့ အစိုးရဆီ ထောက်ပံ့ ကြေး လူပေါင်း သိန်းနဲ့ချီ လျှောက်နေကြရပြီ။

အမေရိကန်မှာ အခု သဘောထား နှစ်မျိုးကွဲတယ်။ သမ္မတကြီးက ဧပြီလထဲကျရင် စီးပွားရေးတွေ ပြန်နာလန်ထစေချင်တယ်။ ဆေးသိပ္ပံပညာရှင် တွေက ပညာသည် ရှုထောင့်ကနေကြည့်ပြီး စီးပွားရေးအဓိကကို သဘော မကျပါ။ အမေရိကန်က စီးပွားအပျက်ခံပြီး လူအဖိတ်အစဉ် သက်သာစေမယ့် နည်းလမ်းကို ရွေးမလား။ စီးပွားရေး ဆက်လုပ်ကြမယ်။ အဖိတ်အစဉ် ဖြစ်နေ မှာကိုလည်း နည်းနည်းပါးပါး ခံလိုက်ကြမယ်၊ လုပ်မလား။

လူ ရှစ်သောင်းခွဲ နေတဲ့ နယူးယောက်ကို Quarantine မထား။ လူတွေ အိမ်ထဲ နေကြရမယ် ဆိုတဲ့ အမိန့် မထုတ်။ ခရီးသွားတင်းကျပ်တာလောက်ပဲ လုပ်သွားမယ် ဆိုတာ အတော် မပြတ်သား။ အန္တရာယ်များတဲ့ ထုတ်ပြန် ချက်လို့ ပညာရှင်တွေက မြင်ကြပါတယ်။ ပိတ်ချတာမျိုး ( Lock down ) မလုပ်သေးသမျှ လူနာတွေ ဆေးရုံပိုရောက်မယ်၊ ပိုသေမယ်။ ရေရှည်တိုက်ပွဲရဲ့ ရှေ့တန်းမှာ သူတို့ ဆေးလောကသားတွေလဲ အထိအခိုက်တွေ ရှိလာပြီး ကြာလေလေ၊ အကျအဆုံးများလေ ဖြစ်မယ့် အစီအစဉ်လို့ မြင်ကြတယ်၊

mgyoe.com

mgyoe.com SAMPLE BOOK


သမ္မတကြီး ထရမ့်ကတော့ စီးပွားရေးကို အကြာကြီး မပိတ်ချင်ဘူး။ သူလည်း ထိနေတာပဲ။Texas က အုပ်ချုပ်ရေးမှူးဟောင်း အသက် ၇၀ လောက်ရှိနေတဲ့ ရီပတ်ဘလစ်ကန်၊ ဒန်ပက်ထရစ် ( Dan Patrick ) က ပြောတယ်။ ငါတို့က အိုလို့ သေပျော်ပြီ။ ကိုဗစ်အတွက်နဲ့တော့ တိုင်းပြည်ကို ချမကျွေးလိုက်ပါနဲ့။ ငါတို့ ကလေးတွေအတွက် ငါတို့ လူအိုတွေကိုသာ စတေးလိုက်ပါ။ ငါ့စကားက သူတော်ကောင်း စကားတော့ မဟုတ်ဘူး။ ဒါပေမဲ့ စီးပွားအပျက်မခံနဲ့လို့ ပြောပါတယ်။

ကျွန်တော်တို့ အင်္ဂလန်ကတော့ ကံကောင်းတယ် ထင်တယ်။ ဘောရစ်ဂျွန်ဆင်က ဆေးပညာရှင်တွေ အကြံပေးတာနဲ့ ဗျူဟာဆင်တာကို လက်ခံတဲ့ သဘော။ အိမ်ထဲ နေပေးခြင်းနဲ့ လူတွေ အသက်ကို ကာကွယ်ကြ။ ဆေးရုံ၊ ဆေးခန်းတွေကို ကူညီကြပါ။ ( Stay Home , Protect the NHS, Save Lives အိမ်မှာ နေ။ ကျန်းမာရေးဌာနကို ကာကွယ်။ လူတွေ အသက်ကို ကယ်တင် )။ အကောင်း မလာခင် အဆိုး ရှေ့က ခံကြရဦးမယ် ဆိုတဲ့ သဘော ရတဲ့ စာကို လူထုဆီ အခုပဲ သူ နေမကောင်းလို့ အခန်းအောင်းနေရတဲ့ကြားက ရေးပို့ သတိပေးပါတယ်။ လူတွေကြားမှာ ပျံ့နေပြီးသား ကိုဗစ် တိုက်ခိုက်တာကို ဦးမကျိုးမချင်း ဆက်ခံကြရဦးစို့ရဲ့။ လန်ဒန် အိပ်ဆဲလ် စင်တာ ကို နိုက်တင်ဂေး ဆိုတဲ့ နာမည်နဲ့ ယာယီဆေးရုံကြီးအဖြစ် အမြန်ပြောင်း။ ဒီတစ်ပတ်ကုန်တာနဲ့ ခုတင်၅၀၀ မှာ အသက်ရှူစက်၅၀၀ က အဆင်သင့် ဆင်ပြီးဖြစ်မယ်၊တစ်လကြာရင် ခုတင် ၄၀၀၀၊ ခုတင်အားလုံးမှာ လိုအပ်တာတွေ အဆင်သင့် တပ်ဆင် အပြီး။ ဒီလိုပဲ ခုတင် ၁၀၀၀၊ ၂၀၀၀ လောက်ဆံ့တဲ့ ယာယီဆေးရုံတွေကို ဘာမင်ဟန်၊ မန်ချက်စတာ၊ ကာဒစ်ဖ် စတဲ့ မြို့ကြီးတွေမှာ အမြန်ပြင်။ ကိုဗစ် ထိုးစစ်အတွက် အဲဒီလို ခံစစ်ပြင် ရင်ဆိုင်နေကြတယ်။

ဒီအခြေအနေတွေကို လက်ထဲမှာ ရှိနေတဲ့ ဖုန်းတွေက တစ်ဆင့် ဒေတာ သတင်း အချက်အလက်တွေ ရနိုင်ပါလျက် မြန်မာပြည် အရပ်တချို့မှာ စောင့်ကြည့် ကန့်သတ်စခန်း ဆိုတာတွေကို လက်မခံဘဲ ဆန္ဒဖော်ထုတ်တာ၊ အလှူက ကြိုတင် စီစဉ်ပြီးသားတွေမို့ ဆိုပြီး ရှင်လောင်းလှည့်နေကြတာတွေ တွေ့ရ။ ရှေ့ကာလများအတွက် အတော်စိတ်ပူမိပါတယ်။

mgyoe.com